ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် စတင်တည်ထောင်သည်။
Established in 1957

## ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့။ Friday, 25 February 2022 ၁၀၆၆၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# နွေစပါးတစ်ဧက တင်း ၁၀၀ မှ ၁၂၀ ကြားထွက်ရှိရေးစီမံချက်ဖြင့် မန္တလေးတိုင်းဒေသကြီးရှိ ခရိုင် ခုနစ်ခုတွင် ဧက ၁၂၅၀ စိုက်ပျိုးသွားမည်

မန္တလေး ဖေဖော်ဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ခုနစ်ခု၌ ယခုနှစ် နွေစပါးရာသီတွင် နွေစပါးတစ်ဧကလျှင် တင်း ၁၀၀ မှ ၁၂၀ ကြားထွက်ရှိရေး စီမံချက်ဖြင့် စိုက်ဧက ၁၂၅၀ စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနန္ဒထွန်းတင်က ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## အချိန်အခါမဟုတ် မိုးရွာနိုင်မည့် သတိပေးချက်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ၂၆-၂-၂၀၂၂ ရက်မှ ၂၈-၂-၂၀၂၂ ရက်အတွင်း အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲနှင့် အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**အကြံပြုချက်**

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

**ယနေ့ ဖတ်စရာ**



## မြန်မာနိုင်ငံကိုယ်စားပြု နိုင်ငံတကာရှေ့နေ Professor Mr. Stefan Talmon ၏ ပထမအကြိမ်လျှောက်လဲချက် ကနဦးကန့်ကွက်လွှာ ဒုတိယအချက်

စာမျက်နှာ » ၅



## မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တည်ဆောက်ပေးထားသော မန္တလာမြေမှ ဝန်ထမ်းအိမ်ရာများ

စာမျက်နှာ » ၈




## သက်ကြီးပိုင်း မျက်စိရောဂါ

စာမျက်နှာ » ၁၀

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉၃၈ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁၀ ဒသမ ၃၁ ရာခိုင်နှုန်းရှိ

စာမျက်နှာ » ၁၁

## ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ပေါ်တူဂီနိုင်ငံ)

စာမျက်နှာ » ၁၈

## ကျောက်ပန်းတောင်းမြို့နယ်၌ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအဖြစ် ဂဲမိုးအိုင်ခရီးစဉ်သစ် ဖော်ဆောင်ထားရှိ

စာမျက်နှာ » ၂၂

ကြေးမုံ

# နိုင်ငံတော်နှင့် နိုင်ငံသား အကျိုးစီးပွားအလေးထား

တပ်မတော်သည် မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဒီမိုကရေစီခရီးလမ်း တည့်မတ်မှန်ကန်စွာ လျှောက်လှမ်းနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို ခေတ္တထိန်းသိမ်းဆောင်ရွက်ခဲ့သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့တာဝန်ကိုရယူခဲ့ပြီး နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးစီးပွားကို အလေးထား၍ နေ့မနားညမနားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အမျိုးသားနိုင်ငံရေး လုပ်ငန်းစဉ်နှစ်ခုဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံစေရေး လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး နိုင်ငံရေးလုပ်ငန်းစဉ်နှစ်ခုဖြစ်သည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာအားကောင်းစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကိုလည်း တစိုက်မတ်မတ် ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိနေသည်ကို မလိုလားသော နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့များက ပြည်သူများအားသွေးခွဲပေးပြီး အဖျက်သမားများမွေးမြူကာ တိုင်းပြည်ကို ဖျက်ဆီးလျက်ရှိသည်။

အကြမ်းဖက်သမားများ၏ အဖျက်လုပ်ရပ်များကြောင့် လမ်းတံတားများ ၅၂၅ ခု၊ ဆေးရုံ/ဆေးခန်း ၂၇ ခု၊ စာသင်ကျောင်း/ပညာရေးအဆောက်အအုံ ၅၀၄ ခု ပျက်စီးပြီး ရဟန်းသံဃာအပါး ၂၀၊ နိုင်ငံ့ဝန်ထမ်း ၉၅ ဦး ဆုံးရှုံး၍ နိုင်ငံ့ဝန်ထမ်း ၁၅၃ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဖျက်လုပ်ရပ်များကို နှိမ်နင်းခဲ့ရာ အကြမ်းဖက်တိုက်ခိုက်မှု ၉၄၃၇ မှု၊ သိမ်းဆည်းရမိလက်နက်မျိုးစုံ ၅၆၀၆ လက်၊ သိမ်းဆည်းရမိ ခဲယမ်းမျိုးစုံ ၁၆၁၅၅၆ ခု၊ သိမ်းဆည်းရမိ လက်ပစ်ဗုံး ၁၈၉၀၊ လက်လုပ်မိုင်း/လက်လုပ်ဗုံး ၁၁၄၂၄ ခု၊ ဖမ်းဆီးရမိသည့် အကြမ်းဖက်သမား ၄၃၃၈ ဦးတို့ကို ရှင်းလင်းထိန်းသိမ်းနိုင်ခဲ့ပါသည်။

အကြမ်းဖက်အဖွဲ့များအဖြစ် သတ်မှတ်ထားသည့် CRPH၊ NUG၊ PDF တို့သည် တိုင်းပြည်အာဏာကို အဓမ္မရယူရေးအတွက် "ငါနှင့်မတူ ငါ့ရန်သူ" သတ်မှတ်ပြီး အပြစ်မဲ့ပြည်သူများအား သတင်းပေးဒလန်စွပ်စွဲပြီး ရဟန်းသံဃာတော်များကိုပါ ရက်ရက်စက်စက်သတ်ဖြတ်ကာ ပြည်သူများ အကြောက်တရားကြီးမားလာအောင် ဖန်တီးခြိမ်းခြောက်လျက်ရှိသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန် အကြမ်းဖက်လုပ်ရပ်များကို တစိုက်မတ်မတ် လုပ်ဆောင်နေသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်ယူနေစဉ်ကာလအတွင်း အကြမ်းဖက်အဖျက်လုပ်ရပ်များကို ထိထိရောက်ရောက်တားဆီးနှိမ်နင်းနေသော်လည်း တောက်လောင်နေသောမီးမှာ ချက်ချင်းမငြိမ်းသကဲ့သို့ တငွေ့ငွေ့လောင်မြိုက်ပြီးမှ တစ်နေ့တွင် အပြီးချုပ်ငြိမ်းသွားမည်ဖြစ်သည်။

လက်ရှိတွင် အကြမ်းဖက်မှုများမှာ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတွင် ဖြစ်ပေါ်လျက်ရှိပြီး အချို့မြို့နယ်များတွင် အနည်းငယ်ဖြစ်ပေါ်နေသေးသည်။ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ကြည့်လျှင် အကြမ်းဖက်မှုများကို ထိရောက်စွာထိန်းချုပ်နိုင်ခဲ့ကြောင်း အထက်ဖော်ပြပါ ဖမ်းဆီးရမိမှုသက်သေအထောက်အထားများက ဖော်ပြနေသည်။ အကယ်၍သာ အကြမ်းဖက်တိုက်ခိုက်မှုကို ထိရောက်စွာနှိမ်နင်းခြင်းမပြုနိုင်ပါက ဖော်ပြပါဖမ်းဆီးရမိသည့် အကြမ်းဖက်သမားများနှင့် လက်နက်ခဲယမ်းအမြောက်အမြားတို့ကြောင့် တိုင်းပြည်သည် ပျက်စီးသွားနိုင်သည်။ တပ်မတော်သည် အစဉ်အလာကောင်းများရှိပြီးဖြစ်ရာ မည်သည့်အဖျက်ရန်စွယ်အန္တရာယ်ဟူသမျှတို့ကို အမြစ်ပါမကျန် ချေမှုန်းနိုင်စွမ်းရှိပေသည်။

လတ်တလောတွင် ဒေသအချို့၌ အကြမ်းဖက်တိုက်ခိုက်မှုများရှိနေရာ တိုင်းပြည်ကို ပျက်စီးစေလိုသော မီဒီယာများနှင့်ပြည်တွင်းမှ အဖျက်သမားအားပေးသူများ၏ လှုံ့ဆော်မှုများကြောင့် အကြမ်းဖက်မှုများကို မနှိမ်နင်းနိုင်သယောင်၊ တိုင်းပြည်ပျက်စီးနေသယောင် မမှန်သတင်းများထုတ်လွှင့်ပေးနေမှုများ ရှိနေသည်။ အစွန်းရောက်အကြမ်းဖက်သမားပုံစံဖြင့် မီးရှို့၊ ဖျက်ဆီး၊ မိုင်းထောင်၊ ရက်စက်စွာ သတ်ဖြတ်မှုများသည် အကြမ်းဖက်ဝါဒစစ်စစ်ဖြစ်သည့်အတွက် ထိုသို့လုပ်ဆောင်မှုမှန်သမျှကို မည်သည့်နိုင်ငံ၊ မည်သည့်အစိုးရကမျှ လက်ခံခွင့်လွှတ်မည်မဟုတ်ဘဲ အမြစ်ပါမကျန် ချေမှုန်းမည်သာဖြစ်သည်။

သို့ဖြစ်ရာ တိုင်းပြည်သာယာဝပြောမှု၊ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖျက်ဆီးနေသော အကြမ်းဖက်သမားများကို နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ်နှိမ်နင်းလျက်ရှိရာ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကြမ်းဖက်လုပ်ရပ်များ အမြန်ဆုံးချုပ်ငြိမ်းသွားမည်ဟု ယုံကြည်ပါကြောင်း။ ။

## သိန္နီမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ



သိန္နီ ဖေဖော်ဝါရီ ၂၄

ရှမ်းပြည်နယ်( မြောက်ပိုင်း) သိန္နီမြို့မဈေးကြီး၌ မြို့နယ်စည်ပင်သာယာရေးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ယာဉ်များ၊ မီးသတ်ဆေးဘူးများဖြင့် လက်တွေ့သရုပ်ပြဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၃ ရက်က ပြုလုပ်သည်။

အဆိုပါ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်ရာသို့ သိန္နီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူဈေးသားများက မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်မှုများကို ပါဝင်အားပေး၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

၂၁၀

## ရေဆင်းဆည်အတွင်း ငါးမျိုးများစိုက်ထည့်



ရေဆင်း ဖေဖော်ဝါရီ ၂၄

သဘာဝမြစ်ချောင်း ဆည်တမံများတွင် ငါးသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ငါးရိက္ခာကိုကျေးလက်နေပြည်သူများ ပိုမိုစားသုံးနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခြင်းဖြင့် လူမှုစီးပွားဘဝတိုးတက်စေရေးတို့အတွက် ငါးမျိုးများ စိုက်ထည့်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်တိုင်းငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ညိုညိုအေးသည် ရေဆင်းငါးလုပ်ငန်း စခန်းတာဝန်ခံ၊ ဒက္ခိဏခရိုင်တာဝန်ခံနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးများ၊ ဝန်ထမ်းများနှင့်အတူ ရေဆင်းဆည်အတွင်း ငါးမျိုးများစိုက်ထည့်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် နေပြည်တော် တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးများ၊ ရေဆင်းငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ ရေဆင်းဆည်မှ တာဝန်ရှိသူများနှင့် ရေလုပ်သားများက ရေဆင်းဆည်အတွင်း ငါးခုံးမကြီးသားပေါက်ကောင်ရေ ၁၅၀၀၀၀ ကို စုပေါင်း၍ မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၄ - ၂-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၂၀၀ | ၇ | ၅၇,၄၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၇၇ | ၂၃၁,၀၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၁,၀၀၀ | ၈,၀၀၀,၀၀၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၈၀ | ၁,၅၂၀,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၁၅၇ | ၄၀၈,၂၀၀ |
| EFR | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၁ | ၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၉၉.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၈၁.၁၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၄.၇၂၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၂.၇၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၆၀၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၆.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၁၅.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၅၀.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၇၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်အိအိမွန်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ၏ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ၏ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃)၌ Virtual စနစ်ဖြင့် ကျင်းပသည်။



**ပြောကြား**

အစည်းအဝေးတွင် အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ကော်မတီအောက်တွင် လုပ်ငန်းအဖွဲ့ လေးခုကို ဖွဲ့စည်းထားပြီး လုပ်ငန်းအဖွဲ့များအနေဖြင့် အချိန်အခါနှင့် လုပ်ငန်းစဉ်အရ မိမိတို့လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို စိစစ်သုံးသပ်၍ လုပ်ငန်းစဉ်များကို ချမှတ်သွားရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာလုပ်ငန်းအမျိုးအစားအလိုက် ဆောင်ရွက်သွားရမည့် အချိန်ဇယားများကို အချိန်မီ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့များအနေဖြင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ၂၀၂၂ ခုနှစ်အတွင်း အဓိက ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စရပ်များကို သီးခြားလုပ်ငန်းစဉ်ဇယား ရေးဆွဲထားရှိပြီးဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းစဉ်များအတိုင်း အချိန်မီအကောင်အထည်ဖော်နိုင်ရေး သက်ဆိုင်ရာဌာနများမှ ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ ကဏ္ဍအလိုက် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အတူတကွပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားအဆင့်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ ပူးတွဲဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာလုပ်ငန်းစဉ်အလိုက် အချိန်ဇယားသတ်မှတ်ချက်များနှင့် နည်းပညာအကူအညီ လိုအပ်ချက်များကို လုပ်ငန်းအဖွဲ့အလိုက် ညှိနှိုင်းဆွေးနွေးအတည်ပြု၍ သတ်မှတ်ချက်အလိုက် အချိန်မီဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဌာန/အဖွဲ့အစည်းများမှ ဆောင်ရွက်သွားနိုင်မည့် အချိန်ကာလသတ်မှတ်ရာတွင် မိမိတို့ဌာန/အဖွဲ့အစည်းအလိုက်ဒေသဆိုင်ရာသဘောတူညီချက်များတွင် ပါဝင်သော ပြဋ္ဌာန်းချက်များနှင့်အညီ ချိန်ထိုးစဉ်းစားရန် လိုအပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စိစစ်၍ ဆန်းစစ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံအတွင်းရှိအရင်းအမြစ်များနှင့် လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးကိုလည်း အချိန်မီတင်ပြပြီး ဆွေးနွေးညှိနှိုင်းအဖြေရှာ ဆောင်ရွက်ကြရန်နှင့် မိမိတို့ ကျရာတာဝန်များကို နိုင်ငံတော်အတွက် စိတ်ရင်းစေတနာကောင်းများနှင့် ကျရာကဏ္ဍမှ ထိထိရောက်ရောက် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် အမျိုးသားအဆင့်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ အတွင်းရေးမှူးရုံးမှ ဆောင်ရွက်ရန် ဆုံးဖြတ်ထားသည့် လုပ်ငန်းစဉ်များအပေါ် ဆောင်ရွက်ပြီးစီးမှုကို သုံးသပ်အစီရင်ခံတင်ပြခဲ့ကြသည်။

ဆက်လက်၍ လုပ်ငန်းအဖွဲ့များဖြစ်သော ဆက်သွယ်ဆောင်ရွက်မှုနှင့် ပွင့်လင်းမြင်သာရှိမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၊ ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၊ စမ်းသပ်စစ်ဆေးမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့၏ တာဝန်ရှိသူများက လုပ်ငန်းအဖွဲ့အသီးသီးအလိုက် တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းအမျိုးအစားများ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား အသေးစိတ်ရှင်းလင်းတင်ပြဆွေးနွေးသည်။

အစည်းအဝေးတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက်အရ လိုက်ပါဆောင်ရွက်ရမည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်နိုင်ရန်နှင့် အဓိကဦးစားပေးဆောင်ရွက်ရမည့်ကိစ္စရပ်များကို လုပ်ငန်းအစီအစဉ်များအတိုင်း အချိန်မီ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မိမိတို့ တာဝန်ယူဆောင်ရွက်နေရသော ကဏ္ဍအလိုက် လုပ်ငန်းစဉ်များကို အတူတကွပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်တို့ကို ဆွေးနွေးခဲ့ကြသည်။

အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ၏ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးတွင် ဆောင်ရွက်ပြီးစီးမှုကို မှတ်တမ်းတင်အတည်ပြုခြင်း၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးသို့ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များက Virtual စနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

☆ ရှေ့ဖုံးမှ

အဆိုပါ နွေစပါးရာသီတွင် တစ်ဧကလျှင် တင်း ၁၀၀ မှ ၁၂၀ ကြား ထွက်ရှိရေးကို ခရိုင် ခုနစ်ခရိုင်ရှိ မြို့နယ် ၁၇ မြို့နယ်တွင် စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင်လည်း ဌာန၏ လမ်းညွှန်ချက်များဖြင့် သိပ္ပံနည်းကျနည်းစနစ်များနှင့် စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသွားမည့် စပါးမျိုးများအနေဖြင့် ရွှေသွယ်ရင်၊ ရက် ၉၀၊ ရက် ၁၁၀ စသည့် အထွက်ကောင်း စပါးမျိုးများကို အဓိကထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

“တိုင်းဒေသကြီးအတွင်း ခရိုင် ခုနစ်ခရိုင်ရှိ မြို့နယ် ၁၇ မြို့နယ်မှာ နွေစပါးတစ်ဧကကို တင်း ၁၀၀ ကနေ ၁၂၀ ကြားထွက်ရှိအောင် ဌာနက နည်းပညာရပ်တွေပေးကာ ကြီးကြပ်ပြီး စိုက်ပျိုးဆောင်ရွက်သွားမှာပါ။ ဒေသဝမ်းစာဖူလုံစေရေးအတွက်ပါ။ အဓိကအနေနဲ့ တစ်ဧက အထွက်နှုန်းတိုးအောင် ဆောင်ရွက်စိုက်ပျိုးတာပါ။ နမူနာအနေနဲ့ တောင်သူတွေ လိုက်နာကျင့်သုံး စိုက်ပျိုးနိုင်အောင်လို့ အခုလိုစီမံချက်တွေနဲ့ စိုက်ပျိုးပြသခြင်းဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်း စားသုံးမှုဖူလုံစေရေးအတွက် တစ်ဧကကိုတင်း ၁၀၀ မှ ၁၂၀ ကြားထွက်ရှိအောင် ဆောင်ရွက်သွားမှာပါ။ တိုင်းဒေသကြီးမှာ စပါးစိုက်ဧက စုစုပေါင်းလျာထား ၆၈၀၀၀၀ ကျော်ရှိပါတယ်။ အခုနွေစပါး တင်း ၁၀၀ မှ ၁၂၀ ထွက်ရှိရေးကို ပျိုးစိုက်စနစ်နဲ့ သိပ္ပံနည်းကျ နည်းစနစ်တွေနဲ့ပဲ စိုက်ပျိုးသွားမှာပါ။ စိုက်ပျိုးဖို့အတွက် မြေပြုပြင်ဆောင်ရွက်နေပါပြီ။ စိုက်ချိန်ကိုတော့ မတ်လကစပြီး စိုက်သွားဖို့ ခန့်မှန်းထားပါတယ်။ ဒါပေမဲ့ ဆည်ရေရရှိမှုပေါ်မူတည်ပြီး စိုက်သွားမှာပါ။ စိုက်ပျိုးမှာကတော့ သက်တမ်းတိုမျိုးနဲ့ အထွက်ကောင်းမျိုးတွေကို အဓိကထားစိုက်ပျိုးသွားမှာပါ”ဟု ၎င်းက ပြောသည်။

ယခုနှစ် နွေရာသီတွင် နွေစပါးတစ်ဧကလျှင် တင်း ၁၀၀ မှ ၁၂၀ ကြား ထွက်ရှိစေရေးအတွက် မြို့နယ်အလိုက် စိုက်ပျိုးသွားမည့် ဧကများမှာ မန္တလေးတွင် ဧက ၃၀၊ ပုသိမ်ကြီးတွင် ဧက ၁၅၀၊ အမရပူရတွင် ဧက ၂၅၀၊ မတ္တရာတွင် ဧက ၁၀၀၊ စဉ့်ကူးတွင် ဧက ၅၀၊ သပိတ်ကျင်းတွင် ဧက ၅၀၊ စဉ့်ကိုင်တွင် ဧက ၅၀၊ မြစ်သားတွင် ဧက ၃၀၊ တံတားဦးတွင် ဧက ၅၀၊ မိတ္ထီလာတွင် ဧက ၅၀၊ မြင်းခြံတွင် ဧက ၂၀၊ တောင်သာတွင် ဧက ၁၀၀၊ နွားထိုးကြီးတွင် ဧက ၅၀၊ ညောင်ဦးတွင် ဧက ၂၀၊ ကျောက်ပန်းတောင်းတွင် ဧက ၁၀၀၊ ရမည်းသင်းတွင် ဧက ၅၀၊ ပျော်ဘွယ်တွင် ဧက ၁၀၀ စုစုပေါင်းဧက ၁၂၅၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

## လှိုင်သာယာမြို့နယ်များအတွင်း သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် FMI City ပဒေသာပင်ဥယျာဉ်မြို့တော်ရှေ့ ရန်ကုန်-ပုသိမ်လမ်းမပေါ် ယာဉ်အချက်ပြမီးပွိုင့်တပ်ဆင်ထားမှု၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ် တွံတေးလမ်းမကြီးဘေး ရေမြောင်းရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် FMI City ပဒေသာပင်ဥယျာဉ်မြို့တော်ရှေ့ ရန်ကုန်-ပုသိမ်လမ်းမပေါ် ယာဉ်အချက်ပြမီးပွိုင့် တပ်ဆင်ထားရှိပြီး ယာဉ်များ စနစ်တကျ သွားလာနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် ရွှေသံလွင်စက်မှုဇုန် တွံတေးလမ်းဘေးနှင့် မေခလမ်းကြားရှိ တွံတေးမြောင်းမကြီးအား ရေစီးရေလာကောင်းမွန်ရေးအတွက် လူအင်အား၊ ယန္တရားအင်အားများဖြင့် မြောင်းဘေးဝဲ/ယာ သန့်ရှင်းသာယာရေး၊ ရေမြောင်းအတွင်း အမှိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆယ်ယူရရှိသည့် မြောင်းချေးများ၊ မြေကြီးများဖြင့် တွံတေးလမ်းမကြီး လမ်းပခုံး မြေနိမ့်နေရာများကို မြေဖို့ရန်၊ မြေညှိ၍ လမ်းတစ်လျှောက် သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်ရန်နှင့် Amphibious Excavator ထပ်မံဖြည့်တင်း၍ လုပ်ငန်းအမြန်ပြီးစီးစေရေး ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

| | | | | | |
|---|---|---|---|---|---|
| ဟားခါး | သုည | ဒီဂရီစင်တီဂရိတ် | ကျောက်မဲ | ၄ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၂ | ဒီဂရီစင်တီဂရိတ် | ပင်လောင်း | ၄ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၃ | ဒီဂရီစင်တီဂရိတ် | လားရှိုး | ၅ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၃ | ဒီဂရီစင်တီဂရိတ် | မိုင်းယန်း | ၅ | ဒီဂရီစင်တီဂရိတ် |

# စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မုံရွာ ဖေဖော်ဝါရီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေး(၇/၂၀၂၂)ကို ဖေဖော်ဝါရီ ၂၄ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ တွင် ကျင်းပသည်။



**တိကျစွာလိုက်နာ**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ဇန်နဝါရီ စတုတ္ထပတ်မှ စတင်၍ ကလေးမြို့နှင့် တမူးမြို့တို့တွင် အစုလိုက်ရောဂါကူးစက်မှုများ တွေ့ရှိခဲ့ပြီး ယခုအခါ ကူးစက်မှုများလျော့ကျလာပြီ ဖြစ်သော်လည်း ကူးစက်မှုများ ဆက်လက်လျော့ကျ ရေးအတွက် ကာကွယ်မှုနှင့် ထိန်းချုပ်မှုများကို ပိုမို စီမံလုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ ပြည်သူများ အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထား သောကိုဗစ်-၁၉ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းများကို တိကျစွာလိုက်နာဆောင်ရွက်ရန် နှင့် ကာကွယ်ထိန်းချုပ်မှုများကိုလည်း တာဝန်ရှိသူ များနှင့်အတူ ပူးပေါင်းကာ အသိတရားဖြင့် စတုတ္ထ လှိုင်းတွင် ဖြစ်ပေါ်နေသော အိုမီခရွန်ရောဂါအား တွန်းလှန်တိုက်ဖျက်သွားကြရန် ပြောကြားခဲ့သည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာ ကြသူများက နေ့စဉ်ရောဂါပိုး စစ်ဆေးတွေ့ရှိမှု၊ ဆေးရုံ တက်ရောက်ကုသမှုနှင့် ဆေးရုံဆင်းမှု၊ သတ်မှတ် လျာထားချက်ပြည့်မီအောင် ကာကွယ်ဆေးထိုးနှံမှု အခြေအနေများ၊ အောက်ဆီဂျင်ထုတ်လုပ်သုံးစွဲမှု၊ မြို့ဝင်မြို့ထွက်နေရာများတွင် ကျန်းမာရေးစစ်ဆေးရေး စခန်းများချထား၍ စစ်ဆေးဆောင်ရွက်နေမှု၊ Quarantin Center နှင့် Positive Center ဆောင်ရွက် ထားရှိမှု အခြေအနေများ၊ လုံခြုံရေးဆောင်ရွက်ပေး နေမှုအခြေအနေများ၊ ပြည်သူများအသိနှင့် သတိရှိ ရေးအတွက် အသိပညာပေးရေးနှင့်ပတ်သက်၍ အသီးသီး အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အကြိမ် (၅၀)မြောက် ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ စတုတ္ထနေ့ဆက်လက် ကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၂၄

အကြိမ် (၅၀)မြောက် ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ စတုတ္ထနေ့ကို ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန တွင် ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် မြန်မာပြည်အတွက် အရည် အသွေးပြည့်ဝ၍ တောင့်တင်းခိုင်မာသည့် ကျန်းမာ ရေးလူ့စွမ်းအားများ ဖြစ်ပေါ်တည်တံ့ရေးအတွက် ရည်ရွယ်လျက် အရည်အချင်းပြည့်ဝသော ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များနှင့် အရည်အသွေးမီ ကျန်းမာရေးစောင့်ရှောက်မှုကို အာမခံနိုင်မည့် ကျန်းမာရေးပညာရှင်များအကြား ယှဉ်တွဲလေ့လာ သင်ယူမှုနှင့် လက်တွေ့ပူးပေါင်းစောင့်ရှောက်မှုစနစ် ဆိုင်ရာ “Inter-professional Education (IPE) and Inter-professional Collaborative Practice (IPCP): Promise for Quality Health Workforce and Quality Healthcare” ခေါင်းစဉ်ဖြင့် ပညာရပ် ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပရာ သဘာပတိများ အဖြစ် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ တင်ထွန်းနှင့် သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်(အငြိမ်းစား) ပါမောက္ခ ဒေါက်တာ မြတ်သန္တာတို့က ဆောင်ရွက်ကြသည်။

ယင်းနောက် ဆေးတက္ကသိုလ် (၂) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာအေးအေးခင်က “Navigating the Integration of IPE into Medical and Allied Health Training Programs: How far have we reached?” ခေါင်းစဉ်ဖြင့် ကျန်းမာရေးပညာရှင်များ အကြား ယှဉ်တွဲလေ့လာ သင်ယူမှုဆိုင်ရာကဏ္ဍအား လက်ရှိ ဆေးပညာနှင့် ဆေးဘက်ဆိုင်ရာသင်တန်း များတွင် ပေါင်းစပ်ပါဝင်ဆောင်ရွက်ခဲ့ပုံများ၊ သူနာပြု တက္ကသိုလ်(မန္တလေး)မှ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) ပါမောက္ခ ဒေါက်တာညီညီဌေးက “Implementation of IPCP: Possibilities and Challenges” ခေါင်းစဉ်ဖြင့် ကျန်းမာရေးပညာရှင် များအကြား လက်တွေ့ပူးပေါင်းလျက် စောင့်ရှောက် မှုတွင် တွေ့ရသည့် အားသာချက်များ၊ စိန်ခေါ်မှုများ ကိုလည်းကောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်း အမြစ်ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါက်တာ ကျော်စိုးညွန့်က “Way forward: Team Collaboration and Organizational Support” ခေါင်းစဉ်ဖြင့် IPE နှင့် IPCP ကဏ္ဍအား အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ ပူးပေါင်း ဆောင်ရွက်ခဲ့မှုများ၊ အသင်းအဖွဲ့များ၊ WHO၊ INGO များနှင့် ပူးပေါင်းအကောင်အထည်ဖော်ခဲ့မှုများနှင့် ရည်ရွယ်ချက်အောင်မြင်နိုင်ရန် နောင်အနာဂတ်တွင် ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်များအား ဆွေးနွေးတင်ပြ အသိပညာဖလှယ်ခဲ့ကြရာ ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် တက်ရောက်လာကြသော ပါမောက္ခ များနှင့် ဆေးပညာရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ညနေပိုင်းတွင် စာတမ်းဖတ်ပွဲများကို (Parallel Session)ဖြင့် တစ်ပြိုင်တည်းကျင်းပရာ ကုသရေးဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးခိုင်၊ ဆေးတက္ကသိုလ်(၁)မှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာသင်းသင်းနွယ်၊ ဆေးတက္ကသိုလ်(၂)မှ ပါမောက္ခ/ဌာနမှူးပါမောက္ခ ဒေါက်တာ ခင်မေသင်း၊ ဆေးတက္ကသိုလ်(၁)မှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာချိုချိုဦး၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှု ဆိုင်ရာဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အယ်ထူးဖေ၊ ဆေးတက္ကသိုလ်(၁)မှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာမြသန္တာစိန်၊ ဆေးတက္ကသိုလ်(၂) မှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာစန္ဒာကျော် တို့က သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အခြေခံသုတေသနစာတမ်း၊ အသုံးချသုတေသန စာတမ်း၊ လူမှုရေးနှင့် ကျန်းမာရေးစနစ်သုတေသန စာတမ်းပေါင်း ၂၀ ကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တင်ပြ ကြသည်။ စာတမ်းနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်း သူများကလည်း ဗီဒီယိုကွန်ဖရင့်စနစ်တွင်ပါရှိသည့် သတ်မှတ်နေရာ(Chat Box)မှတစ်ဆင့် မေးမြန်း ဆွေးနွေးကြပြီး စာတမ်းရှင်များက ပြန်လည်ဖြေကြား ပေးခဲ့ကြသည်။

ညီလာခံ၏အင်တာနက်စာမျက်နှာဖြစ်သည့် (https://conference.myanmardmr.org)တွင် သုတေသနပိုစတာများကို အီလက်ထရောနစ် ပိုစတာ (E-poster)ပုံစံဖြင့် ပြသထားပြီး အဆိုပါ အင်တာနက် စာမျက်နှာတွင် ညီလာခံသို့တက်ရောက်လိုသူများ အနေဖြင့် အခမဲ့စာရင်းပေးသွင်းမှတ်ပုံတင်၍ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် ညီလာခံနောက်ဆုံး နေ့ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပမည်ဖြစ် ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး၌ လူမှုဖူလုံရေး ထောက်ပံ့ငွေ ပေးအပ်



ပဲခူး ဖေဖော်ဝါရီ ၂၄

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်း ခွင့်ပြုထုတ်ပေးခြင်းကို ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးခန်းမ၌ ပြုလုပ် သည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းစိုးက လူမှုဖူလုံရေး ထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်း ခွင့်ပြုထုတ်ပေးခြင်းကိစ္စရပ်များနှင့် ၂၀၁၂ ခုနှစ် လူမှု ဖူလုံရေးဥပဒေအကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပဲခူးမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Hung Kiu Myanmar Garment Co,Ltd(1)၏ အာမခံအလုပ်သမား ၂၂၇ ဦး အတွက် လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်း ငွေကျပ် ၁၂၁၀၃၀၀၈၀ ကို တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းစိုးက သက်ဆိုင်ရာကုမ္ပဏီတာဝန်ခံထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၂၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၉ ကော်လံ ၁ ၌ မြန်မာနိုင်ငံကိုယ်စားပြု နိုင်ငံတကာရှေ့နေဖြစ်သော Dr.Christopher Staker ၏ရှင်းလင်းချက်(မြန်မာဘာသာ)၏ စာပိုဒ် ၃၀ တွင် ဖော်ပြခဲ့သော “၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ဂမ်ဘီယာနိုင်ငံ၏ တရားရေးဝန်ကြီးကိုယ်တိုင် ဤအမှုအား OIC မှ စတင်ဆောင်ရွက်ခဲ့ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါတယ်” ဟူသော စာကြောင်း တွင် “**၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ**” အစား “**၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ**”ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၌ မြန်မာနိုင်ငံက တင်သွင်းခဲ့သော ကနဦးကန့်ကွက်လွှာဆိုင်ရာကြားနာပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု နိုင်ငံတကာရှေ့နေ Professor Mr. Stefan Talmon ၏ ပထမအကြိမ်လျှောက်လဲချက် ကနဦးကန့်ကွက်လွှာ ဒုတိယအချက်

## Genocide Convention အရလျှောက်ထားသောအမှု
## (ဂမ်ဘီယာနိုင်ငံ နှင့် မြန်မာနိုင်ငံ)
## ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်
## PROFESSOR MR. STEFAN TALMON ၏ ပထမအကြိမ်လျှောက်လဲချက်
## ကနဦးကန့်ကွက်လွှာ ဒုတိယအချက်

**နိဒါန်း**

**ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိတရားသူကြီးမင်းများခင်ဗျာ၊**

၁။ ကျွန်တော့်အနေဖြင့် တရားရုံးတော်ရှေ့မှောက်၌ လျှောက်လဲခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

၂။ ကျွန်တော့်အနေဖြင့် မြန်မာနိုင်ငံ၏ ကနဦးကန့်ကွက်လွှာ ဒုတိယအချက်ကို တင်သွင်းမှာဖြစ်ပါတယ်။

၃။ ယခုအမှုအား Genocide Convention အရ တရားရုံးကိုရောက်လာတဲ့အခြားအမှုတွေနဲ့ ဤအမှုမတူညီကြောင်းကို ဦးစွာပဏာမ ပြောချင်ပါတယ်။ ဂမ်ဘီယာသည် ၎င်း၏ နိုင်ငံပြင်ပ၌ရှိသော နိုင်ငံသားမဟုတ်သည့်သူများနဲ့စပ်လျဉ်းပြီး လူမျိုးတုံးမှုကို ကျူးလွန်လျက်ရှိကြောင်းဖြင့် စွပ်စွဲလျက်ရှိနေပါတယ်။ ဂမ်ဘီယာနှင့်အမှုဖြစ်ပွားရသည့်အကြောင်းအရာမှာမည်သို့မျှ သက်ဆိုင်ခြင်းမရှိပါ။

၄။ ဤအမှုတွင် ၎င်းအချက်များအပေါ်မူတည်၍ ဂမ်ဘီယာနိုင်ငံ၏ တရားစွဲဆိုရခြင်းအကြောင်းအပေါ် မေးခွန်းထုတ်စရာဖြစ်နေပါတယ်။

**အပြည်ပြည်ဆိုင်ရာဥပဒေကြောင်းအရ**
**တရားစွဲဆိုနိုင်ရန်အတွက် လိုအပ်ချက်များ**

၅။ အပြည်ပြည်ဆိုင်ဓလေ့ထုံးတမ်းဥပဒေအရ တောင်းဆိုမှုများကို ပြုလုပ်ရန် အခြေခံကျသည့် စည်းကမ်းချက်တစ်ခုမှာ တောင်းဆိုသည့် နိုင်ငံတွင် တောင်းဆိုမှုပြုလုပ်နိုင်သည့် ရပ်တည်မှုအခြေအနေရှိရမယ်ဆိုတဲ့အချက်ဖြစ်ပါတယ်။ မိမိဘက်က ရပ်တည်မှုအနေအထားတစ်ရပ်ရှိမှ တရားရုံးရှေ့မှောက်၌ တောင်းဆိုနိုင်သည့် အခွင့်အရေးရနိုင်မှာဖြစ်ပါတယ်။ တောင်းဆိုနိုင်သော အကြောင်းအရာများတွင် ထိုသို့သော တစ်နိုင်ငံချင်းစီ၏ ထိခိုက်နစ်နာမှု သို့မဟုတ် တစ်နိုင်ငံချင်းစီ၏ တရားဝင် အကျိုးစီးပွားကိုပြသရန်လိုအပ်မှာ ဖြစ်ပါတယ်။ ယင်းကဲ့သို့ တစ်နိုင်ငံချင်းစီ၏ အကျိုးစီးပွားသည် မည်သည့်နိုင်ငံကမဆို တောင်းဆိုနိုင်သည့် အထွေထွေအကျိုးစီးပွားနှင့် ကွဲပြားနေမှာ ဖြစ်ပါတယ်။

၆။ တရားရုံးရှေ့မှောက်တွင် အပြည်ပြည်ဆိုင်ရာ တာဝန်ရှိမှုများအတွက် ချိုးဖောက်မှုတစ်ခုခုအပေါ် အများကိုယ်စား တရားစွဲဆိုဆောင်ရွက်ပေးခြင်းဆိုတဲ့ သဘောတရားကို အပြည်ပြည်ဆိုင်ရာဥပဒေက လက်ခံထားခြင်းမရှိပါဘူး။ ယင်းအချက်ကို ဂမ်ဘီယာနိုင်ငံက လက်ခံထားပါတယ်။

၇။ အပြည်ပြည်ဆိုင်ရာ တာဝန်ရှိမှုများအတွက် ချိုးဖောက်မှုတစ်ခုခုကြောင့် နစ်နာမှုကိုခံစားရတဲ့ နိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံးသို့ တောင်းဆိုမှုပြုလုပ်နိုင်သည်ဆိုခြင်းကို မေးခွန်းထုတ်နေစရာမလိုပါဘူး။ သို့သော် ဂမ်ဘီယာနိုင်ငံသည် နစ်နာသည့်နိုင်ငံမဟုတ်သဖြင့် တောင်းဆိုပိုင်ခွင့်မရှိပါ။

၈။ နစ်နာသည့်နိုင်ငံမဟုတ်သည့် ဂမ်ဘီယာနိုင်ငံအနေဖြင့် တရားရုံးကို တင်ပြတိုင်တန်းနိုင်ဖို့ဆိုရင် တောင်းဆိုမှု၏ အဓိကအကြောင်းခြင်းရာဖြစ်သော နိုင်ငံ၏ဥပဒေကြောင်းအရ အကျိုးစီးပွားရှိသည်ဟု ထုတ်ဖော်ပြသရန်လိုအပ်ပါတယ်။ အဆိုပါအကြောင်းကို ဂမ်ဘီယာနိုင်ငံမှ တင်ပြနိုင်ခြင်းမရှိပါ။

၉။ မိမိတောင်းဆိုသည့် အကြောင်းကိုစွရပ်ဆိုသည်မှာ တရားရုံးသို့ တင်သွင်းမှုအပေါ်ကနေ အဆုံးအဖြတ်ခံယူရတာဖြစ်ပါတယ်။ အနှစ်သာရအားဖြင့် မြန်မာနိုင်ငံတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ထိခိုက်ခံစားခဲ့ရသောသူများအပေါ်လူမျိုးပြုန်းတီးစေသော အမှုအား ကျူးလွန်သည်ဟု စွပ်စွဲချက်အပေါ် မြန်မာနိုင်ငံက Genocide Convention ကို ချိုးဖောက်သဖြင့် တာဝန်ရှိကြောင်း တရားရုံးက ကြေညာပေးရန် ဂမ်ဘီယာကတောင်းဆိုခြင်းဖြစ်ပါတယ်။

၁၀။ နစ်နာမှုမရှိသည့်နိုင်ငံတစ်နိုင်ငံသည် Genocide Convention ပါပြဋ္ဌာန်းချက်များနှင့် အကျိုးဝင်သက်ဆိုင်နေသော အခြေအနေရှိမှသာလျှင် တရားရုံးရှေ့မှောက် တင်ပြနိုင်မှာဖြစ်ရာ ၎င်းကို အောက်ဖော်ပြပါအတိုင်းကောက်ချက်ချနိုင်ပါတယ်-

> ပထမအချက်အနေဖြင့် အခြားနိုင်ငံတစ်နိုင်ငံ၏ တာဝန်ချိုးဖောက်မှုသည် မိမိနိုင်ငံသားများအပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အဓိကအကျိုးစီးပွားအပေါ် ထိခိုက်မှုမရှိလျှင်တောင်မှ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ တာဝန်ဝတ္တရားများအရ လိုက်နာဆောင်ရွက်ရာတွင် နိုင်ငံတစ်နိုင်ငံအနေနဲ့ ဥပဒေဆိုင်ရာအကျိုးစီးပွားတစ်ရပ်သီးခြားရှိနေဖို့ လိုပါတယ်။
>
> ဒုတိယအချက်အနေဖြင့် ဆိုခဲ့သည့် ဥပဒေဆိုင်ရာအကျိုးစီးပွားတွင် ကွန်ဗင်းရှင်း၏ အပိုဒ် ၈ အရ ကုလသမဂ္ဂ၏အဓိကအဖွဲ့အစည်းများတွင် ဖြေရှင်းနိုင်သည်သာမက တရားရုံးရှေ့မှောက်တွင် ဥပဒေကြောင်းအရ တရားစွဲဆိုမှုကိုလည်း ပြုလုပ်နိုင်ခြင်းဖြစ်ပါတယ်။



မြန်မာနိုင်ငံကိုယ်စားပြု နိုင်ငံတကာရှေ့နေ Professor Mr. Stefan Talmon လျှောက်လဲချက်တင်သွင်းစဉ်။

၁၁။ လူသားချင်းထောက်ထားစာနာမှုဆိုင်ရာ ယူဆချက်တွေဟာ ဥပဒေဆိုင်ရာအခွင့်အရေးနှင့် တာဝန်တွေကို လုပ်ယူဖန်တီးဖို့ လုံလောက်တဲ့အကြောင်းတရားတွေ မဟုတ်ပါဘူး။ တရားရုံးက ဖော်ပြခဲ့သလိုပါပဲ "အမှားအမှန်ခွဲခြားနိုင်သော မူသဘောကို ထည့်သွင်းစဉ်းစားပေးနိုင်သည်မှာ တရားရုံး၏ဥပဒေဖြစ်ပြီး ဥပဒေကဖော်ပြပေးထားသလောက်သာ ထည့်သွင်းစဉ်းစားပေးနိုင်တာဖြစ်ပါတယ်။"

၁၂။ ဒါကြောင့် တရားရုံးကဆုံးဖြတ်ရမည့်ပြဿနာမှာ Genocide Convention ကို လိုက်နာရာမှာ နိုင်ငံရေးဆိုင်ရာနဲ့လူသားချင်းစာနာမှုဆိုင်ရာအကျိုးစီးပွားမျှသာမဟုတ်ဘဲ ဥပဒေဆိုင်ရာ အခွင့်အရေး သို့မဟုတ် အကျိုးစီးပွားတစ်ရပ်ရပ်ကို ဂမ်ဘီယာနိုင်ငံသို့ အပ်နှင်းပါသလား၊ မြန်မာနိုင်ငံက ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ထိခိုက်ခံရသူတို့အပေါ် လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်ကြောင်း စွပ်စွဲခြင်းဖြင့် Genocide Convention ကို ချိုးဖောက်ကြောင်းစွပ်စွဲချက်အပေါ် မြန်မာနိုင်ငံက တာဝန်ရှိသည်ဟု တရားရုံးက သတ်မှတ်ကြေညာရန် ဂမ်ဘီယာနိုင်ငံက တောင်းဆိုခွင့်ရှိပါသလားဟုဆိုသော အချက်ဖြစ်ပါတယ်။

၁၃။ ဂမ်ဘီယာနိုင်ငံက အဆိုပါဥပဒေဆိုင်ရာ အခွင့်အရေးမရှိခဲ့လျှင် ၎င်းအနေဖြင့် အမျိုးမျိုးသော စွပ်စွဲချက်များရှိခဲ့လျှင်တောင်မှ တောင်းဆိုချက်အတိုင်းကြေညာပေးရန် ဆောင်ရွက်နိုင်သည့်အခြေအနေမရှိပါ။

**ဂမ်ဘီယာနိုင်ငံတွင် ဥပဒေဆိုင်ရာအခွင့်အရေးမရှိခြင်း**

**ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိတရားသူကြီးမင်းများခင်ဗျာ၊**

၁၄။ Genocide Convention တွင် အဖွဲ့ဝင်နိုင်ငံများအား မိမိနိုင်ငံပြင်ပရှိ မိမိနိုင်ငံသားမဟုတ်သောသူများအပေါ် လူမျိုးတုံးသတ်ဖြတ်ခြင်းကို ကျူးလွန်လျက်ရှိကြောင်း စွပ်စွဲချက်နှင့်စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများ၏ တစ်နိုင်ငံချင်းစီတွင် ဥပဒေဆိုင်ရာအခွင့်အရေးဖြစ်စေ၊ အကျိုးခံစားခွင့်ဖြစ်စေ ပေးအပ်ထားခြင်းမရှိကြောင်းကို မြန်မာနိုင်ငံက တင်ပြထားပါတယ်။ ကွန်ဗင်းရှင်းတွင် တရားရုံးအနေဖြင့် စာချုပ်ဝင်နိုင်ငံများအား ကြီးကြပ်ဆောင်ရွက်နိုင်သော အထွေထွေ တရားစီရင်ရေးဆိုင်ရာ အခွင့်အာဏာကဲ့သို့ ပြုနိုင်ကြောင်း ဖော်ပြချက်မျိုးမရှိကြောင်း တွေ့ရှိရပါတယ်။

**နိုင်ငံအများနှင့် နိုင်ငံတစ်နိုင်ငံချင်းစီဆိုင်ရာ**
**ဥပဒေအကျိုးခံစားခွင့် ကွဲပြားခြားနားချက်**

၁၅။ အခြေအနေအရပ်ရပ်အားလုံးတွင် Genocide Convention အရ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ တာဝန်ဝတ္တရားများ၌ တစ်နိုင်ငံချင်းစီက စောင့်ထိန်းရန် တာဝန်ရှိခြင်းကြောင့် စာချုပ်အဖွဲ့ဝင် တစ်နိုင်ငံစီတွင် တစ်နိုင်ငံချင်းစီအလိုက် ဥပဒေကြောင်းအရ အကျိုးခံစားခွင့်ရှိခြင်းနှင့် စပ်လျဉ်း၍ တရားရုံးက မည်သည့်အခါကမျှ ဖော်ပြခြင်းမရှိခဲ့ကြောင်းကို အလျဉ်းသင့်၍ မိမိ၏တွေ့ရှိချက်ကို တင်ပြလိုပါတယ်။ Genocide Convention တွင် ခြွင်းချက်ထားခြင်းနှင့်စပ်လျဉ်း၍ တရားရုံး၏အကြံပြုချက်တွင် အောက်ပါအတိုင်း ဖော်ပြထားခဲ့ပါတယ်-

> "ဤသို့သောကွန်ဗင်းရှင်းတွင် စာချုပ်ဝင်နိုင်ငံများသည် ၎င်းကိုယ်ပိုင်အကျိုးစီးပွားခံစားခွင့်မရှိဘဲ ၎င်းတို့တွင် ကွန်ဗင်းရှင်း၏ အဓိကရည်ရွယ်ချက် ပြီးမြောက်အောင် ဆောင်ရွက်ခြင်းအတွက် အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် သက်ဆိုင်သည့်အကျိုးစီးပွား (Common Interest) တစ်ခုတည်းသာရှိပါသည်။"

၁၆။ ယခုအမှုနှင့်စပ်လျဉ်း၍တရားရုံး၏ကြားဖြတ်စီမံဆောင်ရွက်ချက်အမိန့်တွင် တရားရုံးက အောက်ဖော်ပြပါအတိုင်း ဆုံးဖြတ်ထားပါတယ်-

> "Genocide Convention ၏ အဖွဲ့ဝင်နိုင်ငံများအားလုံးသည် လူမျိုးတုံးသတ်ဖြတ်မှုကို ကာကွယ်ရန် အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့်သက်ဆိုင်သော အကျိုးစီးပွား(Common Interest) ရှိရန်လိုအပ်ပြီး ဖြစ်ပွားခဲ့ပါကလည်း ပြုလုပ်သူများကို ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်မပေးသင့်ပါ"

၁၇။ ကွန်ဗင်းရှင်း၏ အဓိကရည်ရွယ်ချက်များကို ပြီးပြည့်စုံအောင် ဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့်သက်ဆိုင်သော အကျိုးစီးပွား (Common Interest)သည် တရားရုံးရှေ့ မှောက်တွင် အတည်ပြုရန်အတွက် နိုင်ငံတစ်နိုင်ငံ၏ ဥပဒေဆိုင်ရာအကျိုးခံစားခွင့်နှင့် တူညီမှုမရှိပါဘူး။ ၁၉၅၁ ခုနှစ်က တရားရုံး၏အကြံပြုချက်တွင် Genocide Convention ကို ခြွင်းချက်ထားခြင်းအပေါ် ကန့်ကွက်ရာတွင် တရားရုံးကလက်မှတ်ရေးထိုး အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် သက်ဆိုင်သောအကျိုးစီးပွား (Common Interest)နှင့် လက်မှတ်ရေးထိုးထားသည့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ ဥပဒေဆိုင်ရာအကျိုးခံစားခွင့်တို့အကြား ခွဲခြမ်းစိတ်ဖြာ၍ ဖော်ပြထားပြီးဖြစ်ပါတယ်။

၁၈။ Genocide Convention ၏ အပိုဒ် ၆ နှင့် အပိုဒ် ၇ တွင် အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် သက်ဆိုင်သောအကျိုးစီးပွား (Common Interest) ၏စကားရပ်အား အကန့်အသတ်ဖြင့် ဖော်ပြထားပါတယ်။ အဆိုပါဖော်ပြချက်များသည် စာချုပ်ဝင်နိုင်ငံများအား မိမိတို့နယ်မြေ၏ ပြင်ပတွင်ဖြစ်ပွားသော လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်သည်ဟုစွပ်စွဲခံရသူများကို အရေးယူဆောင်ရွက်နိုင်ရန် အခွင့်အာဏာပေးအပ်ထားခြင်းမရှိသည့်အပြင် ထိုသို့သောကျူးလွန်မှုများအတွက် တရားခံလွှဲပြောင်းပေးရန် တောင်းဆိုပိုင်ခွင့်လည်းမပေးထားပါ။

၁၉။ အပြည်ပြည်ဆိုင်ရာတရားရုံး ICJ ကဆုံးဖြတ်ခဲ့သည့် Bosnian Genocide အမှုမှာ တရားရုံးမှ လျှောက်ထားသူ၏ နယ်နိမိတ်ပြင်ပရှိ ၎င်း၏နိုင်ငံသားမဟုတ်သူများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်တယ်လို့ စွပ်စွဲတောင်းဆိုမှုနှင့်စပ်လျဉ်းပြီး လျှောက်ထားသူရဲ့ ဥပဒေကြောင်းအရ အကျိုးခံစားခွင့်တွင်လည်းကောင်း၊ အမှုစွဲဆိုဆောင်ရွက်ပိုင်ခွင့်အပေါ်တွင်လည်းကောင်း မေးခွန်းထုတ်စရာဖြစ်ပေါ်စေနိုင်တယ်" လို့ အတိအလင်း ဖော်ပြခဲ့ပါတယ်။ ၎င်းအချက်သည် ဥပဒေကြောင်းအရအကျိုးခံစားခွင့်ကိုဖြစ်စေ၊ အမှုစွဲဆို ဆောင်ရွက်ပိုင်ခွင့်ကိုဖြစ်စေ အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့်သက်ဆိုင်သော အကျိုးစီးပွား (Common Interest) အရ ဖြေရှင်းဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း ဖော်ပြနေပါတယ်။

၂၀။ အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့်သက်ဆိုင်သော အကျိုးစီးပွား (Common Interest) ကို အသုံးပြုနိုင်ကြောင်း ဤအမှုနှင့်စပ်လျဉ်း၍ တရားရုံးကချမှတ်ခဲ့သော အမိန့်တွင် "မည်သည့် နိုင်ငံကမဆို အငြင်းပွားမှုဖြေရှင်းရမည့် တာဝန်သည် အခြားကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများအတွက်ပါ တာဝန်ရှိပါသည်" ဟု ဖော်ပြထားသော်လည်း အဆိုပါပြောဆိုချက်တွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံစီနှင့် အဖွဲ့ဝင်နိုင်ငံတိုင်းတွင် နိုင်ငံတစ်နိုင်ငံ၏ဥပဒေဆိုင်ရာ အကျိုးခံစားခွင့်ဖြင့် တရားစွဲဆိုနိုင်ခြင်း ရှိ၊ မရှိကို ပြောဆိုထားခြင်းမရှိပါ။

စာမျက်နှာ ၆ သို့ ❍

❍ စာမျက်နှာ ၅ မှ

၂၁။ ဥပမာ Genocide Convention ၏ အပိုဒ် ၅ အရ အဖွဲ့ဝင်နိုင်ငံများသည် ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် လိုအပ်သည့်ဥပဒေပြဋ္ဌာန်းရန် တာဝန်ရှိပြီး အဓိကအားဖြင့် လူမျိုးတုံးသတ်ဖြတ်မှုကို ကျူးလွန်သူများအား ထိရောက်သည့် ပြစ်ဒဏ်ပေးရန်လည်း တာဝန်ရှိပါတယ်။

**ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိတရားသူကြီးမင်းများခင်ဗျာ၊**

၂၂။ ဥပမာအားဖြင့် Liechtenstein နိုင်ငံက Tonga နိုင်ငံတွင် လူမျိုးတုံးသတ်ဖြတ်မှုအတွက် သတ်မှတ်ထားသော ပြစ်ဒဏ်များသည် ထိရောက်မှုမရှိဟု ယူဆသောကြောင့် Tonga နိုင်ငံက Genocide Convention ကို ချိုးဖောက်ကြောင်းစွပ်စွဲချက်ဖြင့် ဤတရားရုံးရှေ့မှောက်တွင် Tonga နိုင်ငံကို နိုင်ငံတစ်နိုင်ငံ၏ ဥပဒေဆိုင်ရာ အကျိုးခံစားခွင့်အရ တရားစွဲဆိုခွင့်ရှိသလားဆိုလျှင် အဖြေကတရားစွဲဆိုခွင့်မရှိပါဟုသာ ပြောနိုင်ပါတယ်။

၂၃။ Genocide Convention အရ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံချင်းစီတွင် တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်သော ဥပဒေဆိုင်ရာအကျိုးခံစားခွင့်ရှိလျှင် မည်သည့်အချိန်တွင်မဆို Genocide Convention ၏ အပိုဒ် ၉ အရ တရားရုံး၏ စီရင်ပိုင်ခွင့်ကို ခြွင်းချက်မထားသည့် စာချုပ်ဝင် ၁၃၆ နိုင်ငံ အသီးသီးက ကျန် ၁၃၅ နိုင်ငံထဲမှ မည်သည့်နိုင်ငံတစ်နိုင်ငံကိုမဆို ကွန်ဗင်းရှင်းအရ ၎င်းတို့၏ တာဝန်များကို ချိုးဖောက်ကြောင်း စွပ်စွဲချက်ဖြင့် တရားစွဲဆိုနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ စာဖြင့်ရေးသားထားသည့် လျှောက်လဲချက်တွင် တင်ပြထားခဲ့သလိုပင် မီးသေဆုံးဖြတ်ချက်က အကျိုးသက်ရောက်မှုမရှိသောကြောင့် ထိုသို့သောအမှုတွင် အခြားသော ၁၃၄ နိုင်ငံက တရားရုံး၏ စီရင်ထုံးကို လိုက်နာနိုင်မည်မဟုတ်ပါ။ ထို့အတွက်ကြောင့် အဆိုပါ စာချုပ်ဝင်နိုင်ငံများသည် နိုင်ငံတစ်ခုတည်းအပေါ် တောင်းဆိုမှုတစ်ခုတည်းဖြင့် ထပ်ကာထပ်ကာ တရားစွဲဆိုနိုင်ခွင့်ရရှိသွားတော့မှာဖြစ်ပါတယ်။

၂၄။ Genocide Convention အာဏာသက်ဝင်ပြီးနောက် ၇၁ နှစ်တာကာလအတွင်း ကမ္ဘာတစ်ဝန်းတွင် ထိုသို့သော လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်သည်ဟု စွပ်စွဲချက်အများအပြားရှိခဲ့သော်လည်း မည်သည့်နိုင်ငံကမျှ မိမိနိုင်ငံ၏ အကျိုးစီးပွား သို့မဟုတ် မိမိနိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်မှုမရှိစေဘဲ ကွန်ဗင်းရှင်းကို ချိုးဖောက်ကြောင်း စွပ်စွဲ၍ တရားရုံး၌ တရားစွဲဆိုခဲ့ခြင်းမရှိခဲ့ပါ။ ဤအချက်ကို ခိုင်လုံသောအချက်ဟု မပြောနိုင်သော်လည်း စာချုပ်ဝင်နိုင်ငံများသည် ယေဘုယျအားဖြင့် စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံက ကွန်ဗင်းရှင်းကို ချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ အခြားစာချုပ်ဝင်နိုင်ငံတွင် တာဝန်ရှိကြောင်း တရားရုံးက ကြေညာနိုင်ရန်အတွက် မည်သည့်နိုင်ငံကမျှ တရားရုံးသို့ တောင်းဆိုနိုင်ခွင့်ရှိသည်ဟု မယူဆကြသည်ကို ဤအချက်က ညွှန်ပြနေပါတယ်။

**နိုင်ငံတစ်နိုင်ငံ၏ ဥပဒေဆိုင်ရာအကျိုးခံစားခွင့်သည် အပိုဒ် ၉ စီရင်ပိုင်ခွင့်ဆိုင်ရာအချက်မှ ပေါ်ပေါက်လာခြင်းမဟုတ်ကြောင်း**

၂၅။ အထူး သို့မဟုတ် တိုက်ရိုက်ထိခိုက်သည့်အချက်မရှိသော်ငြား Genocide Convention အပိုဒ် ၉ သည် လက်ရှိအမှုတွင် တရားရုံးက အမှုကို စစ်ဆေးကြားနာနိုင်ရန်အတွက် လက်ခံနိုင်ကြောင်း ဂမ်ဘီယာက လျှောက်လဲထားပါတယ်။ သို့ရာတွင် အပိုဒ် ၉ သည် စီရင်ပိုင်ခွင့်နှင့်သာ သက်ဆိုင်ပြီး အမှုလက်ခံမှုနှင့် ၎င်း၏ရပ်တည်ချက်ပြဿနာနှင့် မသက်ဆိုင်ပါ။ ၎င်း၏ရပ်တည်မှုအတွက် နိုင်ငံတစ်နိုင်ငံ၏ ဥပဒေဆိုင်ရာ အကျိုးခံစားခွင့်ရှိရန် လိုအပ်ပြီး သို့မှသာ တရားရုံးသို့ လျှောက်ထားတောင်းဆိုနိုင်ပါမယ်ဟု မြန်မာနိုင်ငံက လျှောက်လဲထားပါတယ်။

၂၆။ အပိုဒ် ၉ စီရင်ပိုင်ခွင့်အချက်မှ မည်သည့်နိုင်ငံတစ်နိုင်ငံ၏ ဥပဒေဆိုင်ရာ အကျိုးခံစားခွင့်မျှ ပေါ်ပေါက်လာခြင်းမရှိပါ။ တရားရုံးက မှတ်ချက်ပြုထားသည့်အတိုင်း စီရင်ပိုင်ခွင့်ဆိုင်ရာ အပိုဒ်များသည် ၎င်းတို့၏ သဘောသဘာဝနှင့် အကျိုးသက်ရောက်မှု၏ လုပ်ထုံးလုပ်နည်းမျှသာဖြစ်ပြီး အရင်းခံဥပဒေမဟုတ်ပါ။ စီရင်ပိုင်ခွင့်ဆိုင်ရာ အပိုဒ်တစ်ပိုဒ်တွင်ပါဝင်သည့် အရည်အသွေးသည် နိုင်ငံတစ်နိုင်ငံက ရပ်တည်ချက် ရှိ၊ မရှိ မေးခွန်းကို ဖြေရှင်းနိုင်ခြင်း မရှိပါ။ တရားရုံးကိုယ်တိုင်က ထောက်ပြထားသည့်အတိုင်း တရားရုံး၏ ပြဋ္ဌာန်းဥပဒေ အပိုဒ် ၃၆ စာပိုဒ် ၂ အရ ကြေညာချက်အပိုဒ်ရှိ ကျယ်ပြန့်သောဘာသာစကား၌ အကျုံးဝင်သည့် အငြင်းပွားမှုများအားလုံးကို နိုင်ငံတစ်နိုင်ငံ၏ ဥပဒေဆိုင်ရာအကျိုးခံစားခွင့်အတွက် တောင်းဆိုမှုများမှ ကင်းလွတ်ခွင့်ပြုရန် နိုင်ငံများက ပြုလုပ်နိုင်ပါတယ်။

၂၇။ နိုင်ငံတစ်နိုင်ငံ၏ ဥပဒေဆိုင်ရာ အကျိုးခံစားခွင့်ရှိကြောင်း၊ ရပ်တည်ချက်ရှိကြောင်း သက်သေပြရန် မလုပ်ဆောင်ခဲ့ပါဘဲ အပိုဒ် ၉ အရ တရားရုံးတွင် စီရင်ပိုင်ခွင့်ရှိကြောင်း ၎င်း၏စာဖြင့် ရေးသားလျှောက်လဲချက်တွင် ဂမ်ဘီယာက ရှည်လျားစွာဖော်ပြရန် အားထုတ်ခဲ့ပါတယ်။

**Genocide Convention အရ မည်သည့်စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံက စာချုပ်ဝင်အခြားနိုင်ငံများအပေါ် တာဝန်ရှိမှုမှ ဥပဒေဆိုင်ရာအကျိုးခံစားခွင့် ပေါ်ပေါက်လာခြင်းမရှိ။**

၂၈။ Genocide Convention အရ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံက စာချုပ်ဝင် အခြားနိုင်ငံများ အကျိုးအတွက် တာဝန်ရှိသောကြောင့် ၎င်း၏အထူးအကျိုးစီးပွား ရှိမှု၊ မရှိမှုကို သက်သေပြရန် မလိုဘဲ လျော်ကြေးရရှိရန် စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံက စာချုပ်ဝင်အခြားမည်သည့်နိုင်ငံများအပေါ် တရားစွဲဆိုခွင့်ရှိကြောင်း ဂမ်ဘီယာက လျှောက်လဲထားပါတယ်။

၂၉။ သို့ရာတွင် စာချုပ်တစ်ခုအရ စာချုပ်ဝင်အခြားနိုင်ငံများ အကျိုးအတွက် တာဝန်ရှိမှုသည် စာချုပ်ဝင်နိုင်ငံအားလုံးကို တရားရုံးရှေ့၌ ဖြေရှင်းရန် အလိုအလျောက် ခွင့်ပြုထားခြင်းမရှိပါ။ တာဝန်တစ်ရပ်၏ ခိုင်မာသောသွင်ပြင်လက္ခဏာသည် စီရင်ပိုင်ခွင့်နှင့် အမှုလက်ခံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းလိုအပ်ချက်များမှာ ကွဲပြားခြားနားပါတယ်။

၃၀။ တရားရုံးက အောက်ပါအတိုင်းဖော်ပြထားပါတယ်–

> "စာချုပ်ဝင်အခြားနိုင်ငံများအကျိုးအတွက် တာဝန်ရှိမှုသွင်ပြင်လက္ခဏာ၏ စံနှင့် စီရင်ပိုင်ခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် မတူညီသောအရာနှစ်ခုဖြစ်ပါသည်။ စာချုပ်ဝင် အခြားနိုင်ငံများ အကျိုးအတွက် တာဝန်ရှိမှုအခွင့်အရေးနှင့် တာဝန်ဝတ္တရားများသည် ဖြေရှင်းရန် တရားရုံးစီရင်ပိုင်ခွင့်မပေးထားသော အငြင်းပွားမှုတစ်ခုမှ ငြင်းချက်မျှသာ ဖြစ်နိုင်ပါသည်။"

၃၁။ စာချုပ်ဝင်အခြားနိုင်ငံများအကျိုးအတွက် တာဝန်ရှိမှုတစ်ခု၏ သွင်ပြင်လက္ခဏာသည် အမှုကိုလက်ခံရန် တောင်းဆိုမှုအတွက် အခြေခံအချက်မဖြစ်နိုင်ပါ။ Belgium v. Senegal အမှုတွင် တရားသူကြီး Xue က "အများသူငါ အကျိုးစီးပွားအတွက် တရားရုံးတွင် အမှုစွဲဆိုရန် နိုင်ငံတိုင်းနှင့် တစ်နိုင်ငံချင်းစီ၌ ယေဘုယျအားဖြင့် အခွင့်အရေးမရှိပါ"ဟု ညွှန်ပြထားပါတယ်။

၃၂။ လက်ရှိ တရားစွဲဆိုဆောင်ရွက်မှုများအနက် Barcelona Traction case တွင် စာချုပ်ဝင်အခြားနိုင်ငံများအကျိုးအတွက် တာဝန်ရှိမှုသည် လူသားတို့၏ အခြေခံအခွင့်အရေးနှင့်သက်ဆိုင်သည့် နည်းဥပဒေများနှင့် စည်းမျဉ်းများ၊ လူမျိုးတုံးသတ်ဖြတ်ခြင်း လုပ်ဆောင်မှု၌ ဥပဒေကိုမျက်ကွယ်ပြုခြင်းများမှ ဆင်းသက်လာကြောင်း တရားရုံးက ဆုံးဖြတ်ထားပါတယ်။ သို့ရာတွင် တာဝန်ရှိမှုများ၏ ထူးခြားချက်မှာ အမှုကိုလက်ခံရန် တောင်းဆိုခြင်းဆိုင်ရာမေးခွန်းကို ဖြေရှင်းမှုမပြုနိုင်ခြင်းပင်ဖြစ်ပါတယ်။ တရားရုံးက သုံးသပ်သည်မှာ လူ့အခွင့်အရေးပါဝင်သော စာချုပ်များပင်လျှင် ၎င်းတို့၏ နိုင်ငံသားနှင့် မသက်ဆိုင်လျှင် နစ်နာသူအပေါ် ချိုးဖောက်သောကိစ္စများကို ကာကွယ်ရန် စာချုပ်ဝင်နိုင်ငံများသို့ လုပ်ပိုင်ခွင့်အပ်နှင်းထားခြင်းမရှိပေ။ ဤဆက်သွယ်မှုတွင် Judge Shahabuddeen ၏ 'ဂျီနိုဆိုက်ကွန်ဗင်းရှင်းသည် ကုလသမဂ္ဂက ချမှတ်ထားသည့် ပထမဆုံးသော လူ့အခွင့်အရေးစာချုပ်ဟုဖော်ပြရန် ယုတ္တိမရှိကြောင်း' အကဲဖြတ်မှုကို ပြန်လည်အမှတ်ရစေလိုပါတယ်။

၃၃။ တရားသူကြီး Ammoun က Barcelona Traction အမှုမှာ "အများသူငါအကျိုးကာကွယ်ဖို့အတွက် ဆောင်ရွက်တဲ့ နိုင်ငံတစ်နိုင်ငံဟာ ဥပဒေအရ အကာအကွယ်ပြုထားတဲ့ တရားဝင်အကျိုးစီးပွားစပ်ဆိုင်မှုရှိကြောင်း သက်သေပြရမယ်"လို့ ဖော်ပြခဲ့ပါတယ်။

၃၄။ Bosnian Genocide အမှုမှာ "နယ်နိမိတ်တွင် နိုင်ငံသားမဟုတ်သူများအား ကျူးလွန်တယ်လို့ စွပ်စွဲခံထားရတဲ့ လူမျိုးတုံးသတ်ဖြတ်မှုနှင့်စပ်လျဉ်းသည့် လျှောက်ထားသူရဲ့တောင်းဆိုချက်" ကို တရားရုံးက အလေးပေးဖော်ပြခဲ့ပါတယ်။ တရားရုံးက "ဒီတောင်းဆိုချက်ဟာဘောစနီးယားနိုင်ငံသားမဟုတ်သူများနှင့် ဆက်စပ်နေသမျှ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လျှောက်ထားသူရဲ့ ဥပဒေဆိုင်ရာအကျိုးစီးပွား သို့မဟုတ် အမှုစွဲဆိုဆောင်ရွက်ပိုင်ခွင့်အပေါ်တွင် လည်းကောင်း၊ နိုင်ငံတကာဥပဒေစံနှုန်းကို ပစ်ပယ်၍မရဆိုသော မူသဘောတရားနှင့် နိုင်ငံတကာ လူ့အသိုင်းအဝိုင်းအပေါ် တာဝန်ခံမှုသဘောတရားများအပေါ်တွင်လည်းကောင်း ပြဿနာဖြစ်ပေါ်စေနိုင်ပါတယ်"လို့ ဖော်ပြခဲ့ပါတယ်။

၃၅။ တရားရုံးအနေနဲ့ အဆိုပါဥပဒေပြဿနာများကို ကိုင်တွယ်ဖြေရှင်းစရာမလိုခဲ့သော်လည်း Genocide Convention အရ စာချုပ်ဝင် အခြားနိုင်ငံများအကျိုးအတွက် တာဝန်ရှိမှု၏ သွင်ပြင်လက္ခဏာသည် အလိုအလျောက် တရားစွဲဆိုဆောင်ရွက်နိုင်ခွင့်မရှိကြောင်းကို ကိုးကားစာပိုဒ်၌ ဖော်ပြထားပါတယ်။

**တာဝန်ရှိမှုဆိုင်ရာတောင်းဆိုချက်(Invocation of responsibility) နှင့် တောင်းဆိုချက်များအား လက်ခံခွင့်ပြုခြင်း (Admissibility of Claims)တို့ ခြားနားချက်**

**ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိ တရားသူကြီးမင်းများခင်ဗျာ၊**

၃၆။ Genocide Convention အဖွဲ့ဝင်နိုင်ငံတစ်ခုအနေနဲ့ အထူးအကျိုးခံစားခွင့်ရှိကြောင်း သက်သေပြစရာမလိုဘဲ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ချိုးဖောက်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းပြီး ယင်းစာချုပ်ဝင်နိုင်ငံ၏ တာဝန်ရှိမှုကို တောင်းဆိုခွင့်ရှိသည်ဆိုသော အချက်ကိုအခြေခံ၍ ဂမ်ဘီယာနိုင်ငံက တရားစွဲဆိုခွင့်ရှိကြောင်း တင်ပြထားပါတယ်။ ဒီတင်ပြချက်မှာ အကြောင်းအရာနှစ်ရပ်ကို ဆန်းစစ်တွေ့ရှိရပါတယ်။

၃၇။ ပထမအချက်က တာဝန်ရှိမှုဆိုင်ရာတောင်းဆိုချက်သည် နိုင်ငံ၏ တာဝန်ရှိမှုဆိုင်ရာ ဥပဒေသမှာ ပါဝင်နေပါတယ်။ အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင် (ILC) အရဆိုလျှင် တောင်းဆိုချက်သည် တရားဝင်သဘောဖြစ်တဲ့ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခြင်းအဖြစ်နားလည်လက်ခံနိုင်မည်ဖြစ်ပါတယ်။ ဥပမာအားဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခုတွင် တရားစွဲဆိုမှု စတင်ပြုလုပ်ခြင်း ဖြစ်ပါတယ်။

၃၈။ သို့ရာတွင် နိုင်ငံ၏တာဝန်ရှိမှု (State Responsibility) ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာဥပဒေကော်မရှင် (ILC) ၏ သုံးသပ်ချက်မှာ မှတ်ချက်ပြုထားတာကတော့ ၎င်းပြဋ္ဌာန်းချက်များဟာ အပြည်ပြည်ဆိုင်ရာတရားရုံး သို့မဟုတ် ခုံရုံးတွေမှာ အမှုလက်ခံခွင့်ပြုခြင်းဆိုင်ရာ စည်းကမ်းချက်များနှင့် မသက်ဆိုင်ပါဘူး။ ဒီပြဋ္ဌာန်းချက်တွေဟာ အခြားနိုင်ငံ သို့မဟုတ် အခြားနိုင်ငံများက တာဝန်ယူစေခြင်းကို တောင်းဆိုမှုအတွက် သတ်မှတ်ပြဋ္ဌာန်းထားတဲ့ စည်းကမ်းချက်တွေပဲ ဖြစ်ပါတယ်။

၃၉။ ဒါကြောင့် တောင်းဆိုမှုများကို လက်ခံခွင့်ပြုခြင်းနှင့် တရားစွဲဆိုခွင့်ရှိကြောင်း ကိစ္စရပ်တို့အတွက် နိုင်ငံ၏တာဝန်ရှိမှုဆိုင်ရာဥပဒေအရ ကောက်ချက်ချလို့မရပါဘူး။ အထူးသဖြင့် နိုင်ငံရဲ့ တာဝန်ရှိမှုကို ကိုးကားတောင်းဆိုခွင့်ဆိုတာ အပြည်ပြည်ဆိုင်ရာတရားရုံး သို့မဟုတ် ခုံရုံးမှာ အမှုတင်သွင်းရန် နိုင်ငံတစ်နိုင်ငံ၏ ဥပဒေဆိုင်ရာ အကျိုးခံစားခွင့်ရှိခြင်းလို့ အလိုအလျောက် အဓိပ္ပာယ်မသက်ရောက်ပါဘူး။

၄၀။ ဒုတိယအချက်အနေနဲ့ တာဝန်ရှိမှုကို တောင်းဆိုခွင့်ရှိဖို့အတွက် ဥပဒေဆိုင်ရာ အထူးအကျိုးခံစားခွင့်ရှိကြောင်း ကောင်းစွာသက်သေပြရန် လိုအပ်ပါတယ်။ လူတစ်ဦးတစ်ယောက်ချင်းအပေါ်မှာ နိုင်ငံတကာဥပဒေချိုးဖောက်မှုကို ကျူးလွန်ကြောင်း စွပ်စွဲထားတဲ့ ယခုလို အမှုမျိုးမှာ ထိုသို့သက်သေပြရန် အထူးလိုအပ်ပါတယ်။

၄၁။ Genocide Convention ဟာ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာစာချုပ်တွေထဲက တစ်ခုပဲဖြစ်ပါတယ်။ ILC ရဲ့ အသုံးအနှုန်းအရ သက်ဆိုင်သူတစ်ဦးတစ်ယောက်ချင်းကို မူလအကျိုးခံစားခွင့်ရှိသူတွေအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အခွင့်အရေးတွေကို ခံစားခွင့်ရှိသူတွေအဖြစ် လည်းကောင်း မှတ်ယူသင့်တယ်လို့ ဆိုပါတယ်။

၄၂။ နိုင်ငံ၏တာဝန်ရှိမှု (State Responsibility) ဆိုင်ရာ ပြဋ္ဌာန်းချက် အပိုဒ် ၄၄၊ အပိုဒ်ခွဲ (က) သည် ယခုအမှုကိစ္စနဲ့ ဆက်စပ်လျက်ရှိပါတယ်။ ပြဋ္ဌာန်းချက်အပိုဒ် ၄၄၊ အပိုဒ်ခွဲ (က)တွင် "တောင်းဆိုချက်တစ်ရပ်သည် နိုင်ငံသားအတွက် တောင်းဆိုပိုင်ခွင့်ဆိုင်ရာစည်းမျဉ်းနှင့်အညီ တောင်းဆိုခြင်းမဟုတ်လျှင် နိုင်ငံတစ်နိုင်ငံ၏တာဝန်ရှိမှုကို ကိုးကားတောင်းဆိုခွင့်မရှိ"ဟု ပြဋ္ဌာန်းထားပြီး ယင်းပြဋ္ဌာန်းချက်ဟာ နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေကို ထင်ဟပ်လျက်ရှိပါတယ်။

၄၃။ နိုင်ငံသားအတွက် တောင်းဆိုပိုင်ခွင့်ဆိုင်ရာစည်းမျဉ်းအရ နိုင်ငံတစ်နိုင်ငံအနေနဲ့ အခြားနိုင်ငံတစ်နိုင်ငံက အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ဆန့်ကျင်လျက် ပြုမူခြင်းကြောင့် လူတစ်ဦးတစ်ယောက်ချင်းအပေါ် သို့မဟုတ် လူအုပ်စုအပေါ် ထိခိုက်မှုဖြစ်ပေါ်တဲ့အခါ ထိုသို့ထိခိုက်သူများသည် မိမိနိုင်ငံသားများဖြစ်မှသာ ကာကွယ်စောင့်ရှောက်မှုပြုနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံဟာ မိမိနိုင်ငံသား မဟုတ်သူများကို ကာကွယ်စောင့်ရှောက်ပိုင်ခွင့် မရှိပါဘူး။ မှားယွင်းမှုပြုသောနိုင်ငံ၏ နိုင်ငံတကာတာဝန်ရှိမှုကို ကိုးကားတောင်းဆိုနိုင်ခွင့်ဆိုတာ ထိခိုက်ခံရသည့် နိုင်ငံသား၏ နိုင်ငံကသာ ခံစားခွင့်ရှိသော ဥပဒေဆိုင်ရာ အထူးအကျိုးခံစားခွင့်ပဲ ဖြစ်ပါတယ်။ ဒါဟာ နိုင်ငံသား၏ အာမခံချက်တစ်ခုပါ။

၄၄။ နိုင်ငံသားအတွက် တောင်းဆိုပိုင်ခွင့်ဆိုင်ရာစည်းမျဉ်းနှင့် စပ်လျဉ်း၍ ILC က "အပြည်ပြည်ဆိုင်ရာတရားရုံးတွင် အမှုလက်ခံနိုင်ခြင်း ရှိ၊ မရှိ ဟူသော မေးခွန်းများသည် ပို၍အခြေခံကျသော လက္ခဏာများ ဖြစ်လာသည်။ ယင်းမေးခွန်းများသည် နိုင်ငံတစ်နိုင်ငံ၏ တာဝန်ရှိမှုအတွက် ရှေးဦးစွာ တင်ပြရမည့်အခြေအနေများပင် ဖြစ်သည်" ဟုလည်းကောင်း၊ နိုင်ငံ၏တာဝန်ရှိမှု (State Responsibility) ဆိုင်ရာ ပြဋ္ဌာန်းချက် အပိုဒ် ၄၄၊ အပိုဒ်ခွဲ (က)တွင် နိုင်ငံသားအတွက် တောင်းဆိုပိုင်ခွင့်ဆိုင်ရာ စည်းမျဉ်းသည် တရားစီရင်ရေးအဖွဲ့များတွင် အမှုလက်ခံနိုင်မှု ရှိ၊ မရှိ ဆိုခြင်းနှင့်သာ သက်ဆိုင်နေခြင်းမဟုတ်ဘဲ ၎င်းနှင့်သက်ဆိုင်သည့် အမှုကိစ္စများတွင် တာဝန်ရှိမှုကို ကိုးကားတောင်းဆိုနိုင်ရန်အတွက် ယေဘုယျအခြေအနေတစ်ရပ်နှင့်လည်း သက်ဆိုင်နေကြောင်း ရှင်းလင်းစွာ ပြဋ္ဌာန်းထားသည်"ဟု လည်းကောင်း ရေးသားဖော်ပြခဲ့ပါတယ်။

၄၅။ နိုင်ငံသားအတွက် တောင်းဆိုပိုင်ခွင့်ဆိုင်ရာစည်းမျဉ်းသည် စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံက အခြားစာချုပ်ဝင် နိုင်ငံအားလုံးအပေါ် တာဝန်ရှိမှုကို ချိုးဖောက်ခြင်းနှင့် သက်ဆိုင်မှုမရှိဘဲ နစ်နာသည့်နိုင်ငံနှင့် နစ်နာခြင်းမရှိသည့်နိုင်ငံတို့က အဆိုပါတာဝန်ရှိမှုကို ကိုးကားတောင်းဆိုသည့်ကိစ္စရပ်များနှင့် အကျုံးဝင်သက်ဆိုင်ပါတယ်။ ဒီသဘောတရားကို နိုင်ငံ၏တာဝန်ရှိမှုဆိုင်ရာပြဋ္ဌာန်းချက် အပိုဒ် ၄၂ (ခ)၊ ၄၈(၁)နှင့်(၂) တို့မှာ ရှင်းရှင်းလင်းလင်း ဖော်ပြထားပါတယ်။

စာမျက်နှာ ၇ သို့ ❍

○ စာမျက်နှာ ၆ မှ

၄၆။ ဂမ်ဘီယာနိုင်ငံက နိုင်ငံတစ်နိုင်ငံသည် အခြားနိုင်ငံ၏ တာဝန်ရှိမှုကို ကိုးကားတောင်းဆိုရန် အခွင့်အရေးရှိသည်ဆိုလျှင် တရားရုံးတွင် ထိုသို့တောင်းဆိုမှုပြုခွင့်အနေအထားလည်း မလွဲမသွေရှိသည်ဟု လျှောက်လဲထားတာကို တွေ့ရပါတယ်။ သို့သော် ယခုတင်ပြခဲ့သလိုပဲ နိုင်ငံ၏ တာဝန်ရှိမှုဆိုင်ရာဥပဒေသအရ ဂမ်ဘီယာသည် ၎င်း၏ နိုင်ငံသားများ မဟုတ်သူများနှင့်စပ်လျဉ်း၍ Genocide Convention ကို ချိုးဖောက်မှုအတွက် မြန်မာနိုင်ငံမှာ တာဝန်ရှိသည်ဟူ၍ တောင်းဆိုခြင်းမပြုနိုင်ပါဘူး။

၄၇။ ဒါကြောင့် ဂမ်ဘီယာနိုင်ငံအနေနဲ့ မိမိဘာသာ လိုသလိုအဓိပ္ပာယ်ကောက်ယူပြီး ယခုလို တရားရုံးတော်မှာ တရားစွဲဆိုခွင့်မရှိပါဘူး။

**တရားစွဲဆိုရန် (သို့မဟုတ်) တရားခံလွှဲပြောင်းပေးရန်တာဝန်နှင့် ပတ်သက်သော အမှုကိစ္စနှင့် ယခုအမှုတို့၏ ခြားနားချက်**

**ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိ တရားသူကြီးမင်းများခင်ဗျာ၊**

၄၈။ ဂမ်ဘီယာသည် ၎င်း၏စီရင်ပိုင်ခွင့်နယ်မြေပြင်ပမှာ ရှိနေတဲ့ နိုင်ငံသားမဟုတ်သူများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုများရှိကြောင်း စွပ်စွဲချက်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံက တာဝန်ရှိသည်ဟု ကိုးကားတောင်းဆိုလျက်ရှိပါတယ်။

၄၉။ အထူးသဖြင့် တရားစွဲဆိုရန် သို့မဟုတ် တရားခံလွှဲပြောင်းပေးရန် တာဝန်နှင့်ပတ်သက်ပြီး အငြင်းပွားကြတဲ့ Belgium v. Senegal အမှုဟာ ဂမ်ဘီယာအနေနဲ့ အလွန်အမင်း အားကိုးအားထားပြုနေသည့် နိုင်ငံသားအတွက် တောင်းဆိုပိုင်ခွင့်ဆိုင်ရာမေးခွန်းကို ဖြေရှင်းပေးနိုင်မှာ မဟုတ်ပါဘူး။ Belgium က Senegal သည် ညှဉ်းပန်းနှိပ်စက်မှုမြောက်သည့်လုပ်ရပ်များကို ခွင့်ပြုထားခြင်းဖြင့် ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (Convention against Torture)ကို ဖောက်ဖျက်ခဲ့တယ်လို့ တောင်းဆိုခဲ့တာ မဟုတ်ပါဘူး။ Senegal ဟာ ၎င်း၏စီရင်ပိုင်ခွင့် နယ်မြေအတွင်းမှာ ရောက်ရှိနေတဲ့ ပြစ်မှုကျူးလွန်သူနှင့်ပတ်သက်ပြီး အဖြစ်မှန်ကို ပဏာမစုံစမ်းစစ်ဆေးမှုပြုလုပ်ရန်နဲ့ တရားစွဲဆိုနိုင်ရေးသက်ဆိုင်ရာအာဏာပိုင်သို့တင်ပြရန် ၎င်း၏တာဝန်များကို ချိုးဖောက်ခဲ့တဲ့အတွက် Belgium က တောင်းဆိုခဲ့တာ ဖြစ်ပါတယ်။ အဲဒီအမှုမှာ Belgium အနေနဲ့ Senegal နိုင်ငံက အထက်ပါတာဝန်များကို ချိုးဖောက်ခဲ့ကြောင်း စွပ်စွဲချက်များအတွက် Senegal နိုင်ငံတွင် တာဝန်ရှိသည်ဟု တောင်းဆိုခွင့်ရှိကြောင်း တရားရုံးက တွေ့ရှိခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ Senegal လုပ်ဆောင်ပေးရမယ့် အထက်ပါတာဝန်များဟာဆိုရင် စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံက ကျန်စာချုပ်ဝင်နိုင်ငံအားလုံးအပေါ် တာဝန်ရှိမှု(erga omnes partes)ထဲမှာ သက်ဆိုင်အကျုံးဝင်နေတဲ့အတွက် စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံချင်းစီဟာ မည်သည့်အခြေအနေမှာမဆို ဖော်ပြပါတာဝန်များကို လိုက်နာဆောင်ရွက်စေဖို့ အကျိုးစီးပွားရှိတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ Belgium အပါအဝင် ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (Convention against Torture)အဖွဲ့ဝင်နိုင်ငံအသီးသီးသည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက စာချုပ်ပါ၎င်း၏တာဝန်ကို ချိုးဖောက်သည့်အခါ ထိုချိုးဖောက်မှုကြောင့် အမှန်တကယ်ထိခိုက်သည့်နိုင်ငံကဲ့သို့ မိမိတွင် သိသိသာသာထိခိုက်မှုရှိကြောင်းကို သက်သေပြရန်မလိုဘဲ ၎င်းနိုင်ငံရဲ့တာဝန်ရှိမှုကို တောင်းဆိုပိုင်ခွင့်ရှိပါတယ်။

၅၀။ Belgium v. Senegal အမှုကို အခြေခံလျက် တရားရုံးက ကြားဖြတ်စီမံဆောင်ရွက်ချက်အမိန့် (Provisional Measures Order) တွင် "အထူးတလည်ထိခိုက်သည့်နိုင်ငံသာမက Genocide Convention ၏ မည်သည့်အဖွဲ့ဝင်နိုင်ငံမဆို အခြားအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက erga omnes partes တာဝန်ဝတ္တရားများကို လိုက်နာရန်ပျက်ကွက်ပါက ၎င်းပျက်ကွက်သည့်နိုင်ငံ၏ တာဝန်ဝတ္တရားများ လိုက်နာရန်ပျက်ကွက်မှုကို အဆုံးသတ်စေရန် တောင်းဆိုနိုင်ပါသည်"ဟု ဖော်ပြခဲ့ပါတယ်။

၅၁။ ထိုဖော်ပြချက်ဟာ လေ့လာဆန်းစစ်စရာတွေ အများကြီးဖြစ်ပေါ်စေပါတယ်။ ပထမအချက်အနေနဲ့ တရားရုံးသည် နှစ်ဖက်အမှုသည်တွေရဲ့ ဥပဒေကြောင်းအရ လျှောက်လဲချက်အပေါ်မှာ အခြေခံခြင်းမရှိဘဲ ကြားဖြတ်စီမံဆောင်ရွက်ချက်အမိန့် (Provisional Measures Order) ထဲမှာ ထိုသို့ဖော်ပြခဲ့ပါတယ်။ တစ်နည်းပြောရရင် နှစ်ဖက်ရှေ့နေတွေရဲ့ လျှောက်လဲချက်တွေအပေါ်မှာ သမာသမတ်ကျကျ စဉ်းစားဆုံးဖြတ်ရတဲ့ မူသဘောတရား (principe de contradictoire)အရ တရားရုံးက ဆောင်ရွက်ခြင်းမရှိပါဘူး။ တခြားစာချုပ်တွေမှာ erga omnes partes တာဝန်ဝတ္တရားများကို ချိုးဖောက်မှုအတွက် တာဝန်ရှိမှုကို ကိုးကားတောင်းဆိုခွင့်ရှိတယ်ဆိုတဲ့ သဘောတရားရဲ့ လွှမ်းမိုးမှုဒဏ်ကို ကြီးကြီးမားမားခံရတဲ့အတွက် ထိုသို့ဖော်ပြခဲ့တာ ဖြစ်ပါတယ်။ အဲဒီလိုဖော်ပြမယ်ဆိုရင် မြန်မာနိုင်ငံဘက်က လျှောက်လဲချက်တွေအပေါ်မှာ ဂရုတစိုက်နဲ့ ပြန်လည်စဉ်းစားပေးဖို့ လိုအပ်ပါတယ်။

၅၂။ ဒုတိယအချက်အနေနဲ့ ထိုဖော်ပြချက်သည် တာဝန်ရှိမှုကို ကိုးကားတောင်းဆိုခြင်းကိစ္စသက်သက်အတွက်သာ ရည်ညွှန်းခြင်းဖြစ်ပြီး အပြည်ပြည်ဆိုင်ရာတရားရုံး သို့မဟုတ် ခုံရုံးတွေမှာ တရားစွဲဆိုနိုင်ခွင့် အခြေအနေတွေနဲ့တော့ မသက်ဆိုင်လှပါဘူး။ ထိုဖော်ပြချက်ကို တစ်နည်းနည်းဖြင့် လေ့လာကြည့်ပါက တာဝန်ရှိမှုကို ကိုးကားတောင်းဆိုခြင်းသည် တရားစွဲဆိုတောင်းဆိုမှုပြုခွင့် အခြေအနေနဲ့ အတူတူပင်ဖြစ်တယ်လို့ ယူဆခြင်းဟာ တရားရုံးရဲ့ ကာလရှည်ကြာရှိနေခဲ့တဲ့ အများအကျိုးငှာ တရားစွဲဆိုခွင့်ပြုခြင်းဆိုင်ရာ ဥပဒေသဘောတရား(actio popularis)နဲ့ ကိုက်ညီဖို့ခက်ခဲစေမှာ ဖြစ်ပါတယ်။ ဒါမှမဟုတ် နိုင်ငံတကာဥပဒေမှာမရှိခဲ့တဲ့ သဘောတရားလို့ လက်ခံလိုက်တာက ပိုကောင်းစေမှာပါ။ ယခုအမှုကိစ္စနဲ့ ပတ်သက်ပြီး Barcelona Traction အမှုမှာ တရားရုံးက လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို erga omnes partes တာဝန်ဝတ္တရားများအဖြစ် သတ်မှတ်ခဲ့တဲ့အပေါ် တရားသူကြီး De Castro ရဲ့ သဘောထားဖော်ပြချက်ကို ပြန်လည်ကိုးကားလိုပါတယ်။

"ထိုအမှုတွင် ဖော်ပြပါရှိသော ဆိုခဲ့ပြီးသောစကားရပ်တွေဟာ နိုင်ငံတကာဥပဒေအရ အများအကျိုးငှာ တရားစွဲဆိုခွင့်ပြုခြင်းဆိုင်ရာ ဥပဒေသဘောတရား (actio popularis) ကို အသိအမှတ်ပြုရာရောက်တယ်လို့ မမှတ်ယူသင့်ပါဘူး။ ဥပဒေအဖြစ်လက်ခံထားတဲ့ အထွေထွေသဘောတရားနဲ့ ကိုက်ညီမှု ရှိ မရှိကို အလေးပေးပြီး အနက်ဖွင့်ဆိုသင့်တယ်လို့ ကျွန်ုပ်အနေနဲ့ ယူဆပါတယ်။ အဆိုပါစကားရပ်တွေကို အထောက်အထားပြုပြီးတော့မှ တရားရုံးတော်က အမှုကိုလက်ခံခွင့်ရှိကြောင်း မှတ်ယူမယ်လို့ ကျွန်ုပ်အနေဖြင့် ယုံကြည်နိုင်မည်မဟုတ်ပါ။ ဥပမာ- နိုင်ငံ A က နိုင်ငံ B သည် ၎င်း၏နိုင်ငံသားများ(သို့မဟုတ်) နိုင်ငံ C ၏နိုင်ငံသားများနှင့် ပတ်သက်၍ အခြေခံလူ့အခွင့်အရေးဆိုင်ရာ မူသဘောတရားများနှင့် စည်းမျဉ်းများကို မလိုက်နာဟုဆိုကာ နိုင်ငံ B အပေါ် တောင်းဆိုနေတာနဲ့ တူနေပါတယ်။"

အမှန်တကယ်တော့ Barcelona Traction အမှုစီရင်ချက်၊ အပိုဒ် ၉၁ ကို ပြန်ကြည့်မယ်ဆိုရင် ဖော်ပြပါတောင်းဆိုချက်ကို တရားရုံးတော်အနေဖြင့် လက်ခံခွင့်မရှိကြောင်း အထင်အရှားတွေ့ခဲ့ပါတယ်။

"တစ်ကမ္ဘာလုံးအတိုင်းအတာအရကြည့်မည်ဆိုလျှင် လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များသည် နိုင်ငံများက ထိခိုက်နစ်နာသူဟာ ၎င်းတို့ရဲ့ နိုင်ငံသားဖြစ်ခြင်း မဖြစ်ခြင်းကို ထည့်သွင်းစဉ်းစားစရာမလိုဘဲ လူ့အခွင့်အရေးချိုးဖောက်ခံရသူများကို ကာကွယ်စောင့်ရှောက်ရန် လုပ်ပိုင်ခွင့်ပေးထားခြင်းမရှိ"ဟု စီရင်ချက်မှာ ဖော်ပြပါရှိပါတယ်။

တစ်ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များက စာချုပ်အဖွဲ့ဝင်နိုင်ငံများကို မိမိတို့ရဲ့နိုင်ငံသားမဟုတ်သူများအပေါ် ကာကွယ်စောင့်ရှောက်ရန်ခွင့်ပြုမထားဘူးဆိုလျှင် Genocide Convention အတွက်လည်း အလားတူ ယူဆရမှာဖြစ်ပါတယ်။

၅၃။ တတိယအချက်အနေနဲ့ erga omnes partes တာဝန်ဝတ္တရားများကို ချိုးဖောက်မှုအတွက် တာဝန်ရှိမှုတောင်းဆိုခြင်းကိစ္စသည် နိုင်ငံရဲ့တာဝန်ရှိမှု( State Responsibility)ဆိုင်ရာ ပြဋ္ဌာန်းချက်အပိုဒ် ၄၃ မှ ၄၅ ပါ အထွေထွေစည်းကမ်းသတ်မှတ်ချက်များ၊ အထူးသဖြင့် နိုင်ငံသားဆိုင်ရာတောင်းဆိုပိုင်ခွင့်၏ စည်းကမ်းသတ်မှတ်ချက်များမှ ကင်းလွတ်ခွင့်ရှိကြောင်း ကောက်ချက်ချစရာ ညွှန်းကိန်းတစ်စုံတစ်ရာ မရှိပါ။ ဆန့်ကျင်ဘက်အနေဖြင့် ပြဋ္ဌာန်းချက်အပိုဒ် ၄၄(က)တွင် "နိုင်ငံသားဆိုင်ရာ တောင်းဆိုပိုင်ခွင့်၏ စည်းမျဉ်းအရ တောင်းဆိုခြင်း မဟုတ်လျှင် နိုင်ငံတစ်နိုင်ငံရဲ့ တာဝန်ရှိမှုကို ကိုးကားတောင်းဆိုခွင့်မရှိ" ဟု စောဒကတက်စရာမလိုအောင် ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် Belgium v. Senegal အမှုမှာ တရားရုံးက နိုင်ငံသားဆိုင်ရာ တောင်းဆိုပိုင်ခွင့်သဘောတရားကို ကိုးကားရန်လိုအပ်ခြင်းမရှိဟု ဆိုခြင်းသည် ယခုအမှုနှင့် သက်ဆိုင်ခြင်းမရှိဟု ဆိုနိုင်မည် မဟုတ်ပါ။

**နိဂုံးချုပ်ဆန်းစစ်တင်ပြချက်များ**

**ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိ တရားသူကြီးမင်းများခင်ဗျာ၊**

၅၄။ အထွေထွေလေ့လာဆန်းစစ်တင်ပြချက်အချို့ဖြင့် ကျွန်တော့်ကို နိဂုံးချုပ်ခွင့်ပြုပါ။

၅၅။ ဂမ်ဘီယာနိုင်ငံသည် နိုင်ငံတကာဥပဒေကြောင်းအရ အရေးယူမှုတွေမှာ တရားစွဲဆိုတောင်းဆိုမှုပြုခွင့်ဆိုင်ရာ ဥပဒေရေးရာလိုအပ်ချက်အနေနဲ့ Genocide Convention ရဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြီးမြတ်တဲ့ရည်ရွယ်ချက်ကို ကိုးကားချင်ပုံမရဘူးဆိုတဲ့အချက်အပေါ် ခုခံလျှောက်လဲဖို့ ကောင်းကောင်းကြိုးစားနေနိုင်ပါတယ်။ တရားရုံးတော်အနေနဲ့ ဂမ်ဘီယာနိုင်ငံရဲ့ တရားစွဲဆိုတောင်းဆိုခွင့်ကို ငြင်းဆန်ခြင်းဟာ ဆယ်စုနှစ်များတိုင် ခေါင်းမဖော်နိုင်စရာ သိက္ခာကျစရာလုပ်ရပ်အဖြစ် ကျန်ရစ်လိမ့်မယ်လို့ ဂမ်ဘီယာနိုင်ငံက ခြိမ်းခြောက်ကောင်း ခြိမ်းခြောက်လာနိုင်ပါတယ်။ သို့သော်ငြားလည်း တရားရုံးက ညွှန်းဆိုထားသည့်အတိုင်း "လက်ရှိအခြေအနေတွင် အချို့သောစွပ်စွဲချက်များသည် တည်ရှိမှုမရှိကြောင်း တွေ့ရှိရပါက အကျိုးဆက်ကို လက်ခံရမည်ဖြစ်သည်။ ထိုအကျိုးဆက်များကို ရှောင်လွှဲရန် တရားရုံးသည် ယင်းအခွင့်အရေး တည်ရှိသည်ဟု မယူဆနိုင်ပါ။ တရားရုံးအနေဖြင့် ဥပဒေပိုင်းဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍သာ ဆက်စပ်လုပ်ဆောင်ရမှာဖြစ်ပြီး နိုင်ငံရေးရည်ရွယ်ချက်များအတွက် ဆောင်ရွက်ချက်များဟာ တရားရုံးကိုယ်တိုင်က မည်သို့ပင် ဆန္ဒရှိစေကာမူ တရားရုံး၏လုပ်ပိုင်ခွင့် ပြင်ပမှာရှိနေပါတယ်။"

၅၆။ အပြည်ပြည်ဆိုင်ရာဥပဒေတွင် နောက်ဆုံးနည်းလမ်းအနေဖြင့် ဥပဒေကြောင်းအရ တရားစွဲဆိုဆောင်ရွက်နိုင်ခြင်းမရှိသည့် တာဝန်များသည် ခြွင်းချက်ဆိုသည်ထက် စည်းမျဉ်းများအဖြစ်သာ အမြဲရှိနေပါတယ်။ ဤကိစ္စရပ်များသည် ယနေ့ကာလထက်စာလျှင် ၁၉၄၈ ခုနှစ်တွင် ပိုမိုပေါ်ပေါက်ခဲ့သည့်ကိစ္စဖြစ်ပါတယ်။

၅၇။ တရားစွဲဆိုဆောင်ရွက်နိုင်ခွင့်နှင့်စပ်လျဉ်း၍ ဂမ်ဘီယာနိုင်ငံ၏ တောင်းဆိုချက်ကို လက်ခံခြင်းသည် ယခုအမှုနှင့် Genocide Convention တို့အပြင် အခြားနယ်ပယ်များကိုလည်း ဂယက်ရိုက်ခတ်လိမ့်မည် ဖြစ်ပါတယ်။ လူမျိုးတုံးသတ်ဖြတ်မှုကို တားဆီးရန်နှင့် အပြစ်ပေးရန်တာဝန်အပြင် ဥပမာအားဖြင့် တရားရုံးက လူမျိုးရေးခွဲခြားဆက်ဆံခြင်းကို တားဆီးကာကွယ်ခြင်း၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကျူးကျော်ရန်လိုသည့် အပြုအမူများကို တားဆီးခြင်းတို့ကို အားလုံးနှင့် သက်ဆိုင်သည့်တာဝန်များအဖြစ် သတ်မှတ်ဖော်ပြခဲ့ပါတယ်။ အကယ်၍ ယခုသတ်မှတ်ချက်သည် တရားစွဲဆိုဆောင်ရွက်နိုင်ခွင့်ကို အလိုအလျောက် ဖြစ်စေပါက နိုင်ငံတိုင်းကဖြစ်စေ၊ သက်ဆိုင်ရာ စာချုပ်ဝင်နိုင်ငံတိုင်းကဖြစ်စေ ယင်း၏နိုင်ငံသားကို တိုက်ရိုက်သော်လည်းကောင်း၊ ယင်း၏ နိုင်ငံသားမှတစ်ဆင့်သော်လည်းကောင်း အခွင့်အရေးတစ်ရပ်ရပ် ထိခိုက်မှုမရှိစေကာမူ အဆိုပါအခွင့်အရေးများကို ချိုးဖောက်မှုအတွက် တရားရုံးတွင် တရားစွဲဆိုခွင့် ရှိလာနိုင်မည်ဖြစ်ပါတယ်။ ဒီအခြေအနေသည် ထိန်းမနိုင်သိမ်းမနိုင်ဘဲ အတောမသတ်နိုင်သည့် အငြင်းပွားမှုများကို ဖြစ်ပေါ်စေနိုင်ပါတယ်။

၅၈။ အဆိုပါအကြောင်းကြောင့် နိုင်ငံတကာတာဝန်ရှိမှုဆိုသော အကြောင်းအရာနှင့်စပ်လျဉ်းသည့် တရားဝင်မှုဆိုင်ရာ ပြဿနာများလည်း ပေါ်ပေါက်လာနိုင်ပါတယ်။ ဥပမာအားဖြင့် ဂမ်ဘီယာ၏ တင်ပြချက်များတွင် ပါဝင်သောအချက်မှာ ယခုစွပ်စွဲတင်ပြထားသည့် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ခံရသူများ၏ အကျိုးခံစားခွင့်တွင် နစ်နာကြေးများ ပေးလျော်ရမည့်တာဝန်ကို မြန်မာနိုင်ငံက ဆောင်ရွက်ပေးရမည်ဟု တရားရုံးက ကြေညာပေးရန် ဂမ်ဘီယာနိုင်ငံက တောင်းဆိုထားပါတယ်။ ဂမ်ဘီယာနိုင်ငံက ဆက်လက်တင်ပြထားသည်မှာ-

"လျော်ကြေးပမာဏနှင့် အခြားသော နစ်နာမှုကုစားခြင်းများနှင့် စပ်လျဉ်း၍ အမှုသည်များအကြား သဘောတူညီမှု မရရှိပါက ...................... တရားရုံးအနေဖြင့် တရားစွဲဆိုမှု၏ နောက်ဆက်တွဲကြားနာမှုများတွင် အဆိုပါကိစ္စကို ဆုံးဖြတ်လိမ့်မည်ဖြစ်သည်။"

၅၉။ ဤနေရာတွင် မေးခွန်းထုတ်စရာရှိသည်မှာ ဂမ်ဘီယာနိုင်ငံသားများမဟုတ်သော စွပ်စွဲဖော်ပြထားသည့် နစ်နာသူများကိုယ်စား လျော်ကြေးပမာဏကို ညှိနှိုင်းရန်အတွက် ဂမ်ဘီယာနိုင်ငံတွင် မည်သည့်အခွင့်အာဏာရှိပါသလဲဆိုသည့်အချက် ဖြစ်ပါတယ်။ ဆက်လက်၍ မေးခွန်းထုတ်စရာရှိသည်မှာ Genocide Convention ၏ အခြားအဖွဲ့ဝင်နိုင်ငံများက ဂမ်ဘီယာနိုင်ငံတောင်းဆိုသည့် လျော်ကြေးပမာဏအပေါ် ကျေနပ်မှုမရှိခဲ့လျှင် အဆိုပါနိုင်ငံများက တရားရုံးတွင် အလားတူ ကိုယ်တိုင်တရားစွဲဆိုခွင့်ရှိနေသည့်အပေါ် မည်သို့တားမြစ်မည်နည်းဆိုသည့်အချက် ဖြစ်ပါတယ်။

၆၀။ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံက အခြားစာချုပ်ဝင်နိုင်ငံများအပေါ် တာဝန်ရှိမှုဟူသည့် သဘောတရားနှင့် တရားရုံးတွင် တရားစွဲဆိုဆောင်ရွက်နိုင်ခွင့်တို့၏ ဆက်နွှယ်မှုသည် အပြည်ပြည်ဆိုင်ရာဥပဒေတွင် အများဆိုင်ရာအကျိုးစီးပွားအတွက် အဖွဲ့ဝင်တစ်ဦးက ဝင်ရောက်ဆောင်ရွက်ခြင်း(actio popularis)ဟူသည့် သဘောတရားကို တစ်ဖက်လှည့်ဖြင့် ဖော်ပြရာရောက်နေလိမ့်မည် ဖြစ်ပါတယ်။ အဆိုပါအကြောင်းအရာသည် သီးခြားစီဖြစ်သော ဥပဒေမူသဘောတရားနှစ်ရပ်မှ ဂမ်ဘီယာနိုင်ငံက ကျိုးကြောင်းဆီလျော်မှုမရှိဘဲ ကောက်ယူတင်ပြခြင်းအပေါ် အခြေခံ၍ရမည်မဟုတ်ဘဲ နိုင်ငံများ၏ သဘောတူညီချက်အပေါ်တွင် အခြေခံရမည်ဖြစ်သည့်အပြင် Genocide Convention တွင် ပါရှိသည့် ဖော်ပြချက်ကိုလည်း ကြည့်ရမည်ဖြစ်ပါတယ်။

၆၁။ အထက်ပါအကြောင်းများကြောင့် ဂမ်ဘီယာနိုင်ငံသည် ယခုအမှုတွင် တရားစွဲဆို ဆောင်ရွက်ခွင့်မရှိပါကြောင်းနှင့် ယင်း၏ လျှောက်ထားမှုကို လက်ခံခွင့်ပြုခြင်းမပြုဘဲ ပလပ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

၆၂။ စိတ်ပါဝင်စားစွာ နားထောင်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါတယ်။

၆၃။ ဥက္ကဋ္ဌခင်ဗျာ၊ ယခု တရားရုံးတော်အနေနဲ့ ခေတ္တနားဖို့ သင့်မြတ်တဲ့အချိန် ဖြစ်ပါတယ်။ သို့မဟုတ် ဆက်လက်ကြားနာမည်ဆိုပါက မြန်မာနိုင်ငံ၏ ကနဦးကန့်ကွက်လွှာ တတိယအချက်ကို တင်ပြပေးဖို့ မြန်မာနိုင်ငံ၏ရှေ့နေ Professor Mr. ROBERT KOLB ကို လျှောက်လဲခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

# မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တည်ဆောက်ပေးထားသော မန္တလာမြေမှ ဝန်ထမ်းအိမ်ရာများ

ခရမ်းစိုးမြင့်

မန္တလေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အလယ်ပိုင်းဒေသတွင် တည်ရှိ၍ တိုင်းဒေသကြီး တစ်ခုလုံးအကျယ်အဝန်းမှာ ၁၁၉၂၆ ဒသမ ၆၅၃ စတုရန်းမိုင် ကျယ်ဝန်းပြီး ခရိုင်ခုနစ်ခု၊ မြို့နယ် ၂၈ မြို့နယ်တို့တွင် လူဦးရေ ၆၁၀၂၁၀၂ ဦး နေထိုင် လျက်ရှိသည်။

သမိုင်းအမွေအနှစ်များစုဝေးရာ ယဉ်ကျေးမှု မြို့တော် မန္တလာမြေတွင် ဆောက်လုပ်ရေးဝန်ကြီး ဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် ၁၉၇၄ ခုနှစ်မှစ၍ လက်ထောက်ညွှန်ကြားရေး မှူးရုံး(အထက်မြန်မာပြည်)အမည်ဖြင့်လည်း ကောင်း၊ ၂၀၁၅ ခုနှစ်တွင် ညွှန်ကြားရေးမှူးရုံးအမည် ဖြင့်လည်းကောင်း အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်း ခဲ့ပြီး တိုင်းဒေသကြီး၏ ခရိုင်ရုံးသုံးရုံးကို တိုးချဲ့ ဖွဲ့စည်း၍ မြို့ပြနှင့် အိမ်ရာလုပ်ငန်းများကို ဆောင် ရွက်ပေးလျက်ရှိသည်။



အောင်မြေမန္တလာဝန်ထမ်းအိမ်ရာကို တွေ့ရစဉ်။

## နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ တည်ဆောက်ပေးနိုင်မှု

ဤသို့ဖြင့် မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် တိုင်းဒေသကြီး အတွင်းရှိ လက်ရှိတာဝန်ထမ်းဆောင်ဆဲနိုင်ငံ့ ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၊ ပြည်သူ များ လူနေမှုဘဝမြင့်မားစွာ နေထိုင်နိုင်ရေး "စား၊ ဝတ်၊ နေ" ဟူသည့် လူ့လောက၏အဓိကကျသည့် အရေး(၃)ပါးတွင် "နေ"ဆိုသည့်အရေးအတွက် စိတ်အေးချမ်းသာလုံခြုံစွာ နေထိုင်နိုင်ပြီး စားရေး နှင့် ဝတ်ရေးကို အထောက်အကူပြုနိုင်ရေးတို့ အတွက် နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာများ၊ ပြည်သူ့ အရောင်းအိမ်ရာများ၊ ပြည်သူ့အငှားအိမ်ရာများကို နိုင်ငံတော်၏မူဝါဒနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး အတွင်း ယခုဆိုလျှင် နိုင်ငံ့ဝန်ထမ်းအငှားအိမ်ခန်း ပေါင်း ၄၃၄၀ ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အပြင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန က မန္တလေးတိုင်းဒေသကြီးအတွင်း ဝန်ထမ်းအိမ်ရာ များကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြို့နယ် ၁၇ မြို့နယ်၌ အဆောက်အအုံ ၃၆ လုံး၊ အိမ်ခန်းပေါင်း ၄၆၀ ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြို့နယ် ခြောက်မြို့နယ်၌ အဆောက်အအုံ ၂၉ လုံး၊ အိမ်ခန်းပေါင်း ၄၇၆ ခန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြို့နယ် ၁၉ မြို့နယ်၌ အဆောက်အအုံ ၆၆ လုံး၊ အိမ်ခန်းပေါင်း ၁၀၅၈ ခန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာ နှစ်တွင် မြို့နယ် ရှစ်မြို့နယ်၌ အဆောက်အအုံ ၁၃ လုံး၊ အိမ်ခန်းပေါင်း ၂၀၄ ခန်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြို့နယ် ခုနစ်မြို့နယ်၌ အဆောက် အအုံ ၁၈ လုံး၊ အိမ်ခန်းပေါင်း ၂၉၆ ခန်း၊ ငါးနှစ်တာ ကာလအတွင်း ဝန်ထမ်းအိမ်ခန်းပေါင်း ၂၄၉၄ ခန်းကို အရှိန်အဟုန်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ သည့်အတွက် ခေတ်အဆက်ဆက်တွင် မန္တလေးတိုင်း ဒေသကြီးအတွင်း ဝန်ထမ်းအိမ်ရာများကို အမြင့်မား ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

## အောင်မြေမန္တလာနိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ

နိုင်ငံ့ဝန်ထမ်းများအတွက် အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အိမ်ခန်း ပေါင်း ၅၀၀ အထိပါဝင်သော အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာစီမံကိန်းသည် မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာအနီး မန္တလေးမြို့၏ ရှေးဟောင်းပြယုဂ်တစ်ခုဖြစ်သည့် ကျုံး၏အရှေ့မြောက်ထောင့်မှ ၂ ဒသမ ၅ မိုင် အကွာအဝေး မန္တလေးတောင်ခြေအနီးတွင် တည်ရှိ ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တို့တွင် အကောင်အထည်ဖော်ခဲ့သော စီမံကိန်းတစ်ခုဖြစ်သည်။ မြေဧရိယာ ၃၂ ဒသမ ၀၄ ဧက ကျယ်ဝန်းပြီး အိမ်ရာအရှေ့ဘက်တွင် ရှမ်းရိုးမ တောင်တန်း၊ အနောက်ဘက်တွင် မန္တလေးတောင် တည်ရှိကာ သဘာဝရှုခင်းများဖြင့် သာယာလှပ သကဲ့သို့ ဝန်ထမ်းအိမ်ရာသို့ ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးထားသောကြောင့် သွားလာရေး လွယ်ကူသည့်အိမ်ရာဖြစ်သည်။ အိမ်ခန်းတစ်ခန်းလျှင် စတုရန်းပေ ၆၅၀ ကျယ်ဝန်းပြီး လေးခန်းတွဲငါးထပ် အဆောက်အအုံ ၁၃ လုံး၊ အိမ်ခန်းပေါင်း ၂၆၀ ကို တိုင်းဒေသကြီး ရန်ပုံငွေဖြင့်လည်းကောင်း၊ အဆောက်အအုံ ၁၂ လုံး၊ အိမ်ခန်းပေါင်း ၂၄၀ ကို ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း ဆောက် လုပ်ခဲ့ပြီး စုစုပေါင်းအိမ်ခန်းယူနစ် ၅၀၀ ရှိသော ဝန်ထမ်းအိမ်ရာတစ်ခုဖြစ်သည်ဟု သိရသည်။

အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာ အတွင်း ပန်းခြံများ၊ ကလေးကစားကွင်း၊ ကြက်တောင်ရိုက်ကွင်း၊ ပိုက်ကျော်ခြင်းကွင်းနှင့် ဖူဆယ်အားကစားကွင်း၊ Community Center၊ Car Parking ၊ Cycle Stand များပါဝင်သည့်အပြင် အိမ်ရာ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှု လုံလောက်စေ ရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် SMVA ဓာတ်အား ခွဲရုံကို တည်ဆောက်ပေးထားသည်။ ထို့အပြင် အိမ်ရာနေဝန်ထမ်းမိသားစုများ၏ ကျန်းမာရေး၊ လုံခြုံရေးအတွက် Drainage System၊ Waste Water System၊ လုံခြုံရေးဂိတ်ဝန်ထမ်းတို့ဖြင့် ဝန်ဆောင်မှုပေးထားသည့်အပြင် အုတ်တံတိုင်း ခြံစည်းရိုးများကာရံပေးထားသဖြင့် ဝန်ထမ်းများ အတွက် လုံခြုံစိတ်ချရသည့်အိမ်ရာတစ်ခုဖြစ်သည်။

## အရောင်းအိမ်ရာအကောင်အထည်ဖော် ဆောင်ရွက်ခြင်း

မန္တလေးတိုင်းဒေသကြီးအတွင်း အရောင်း အိမ်ရာများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ချမ်းမြသာစည်မြို့နယ် တွင် အိမ်ခန်းတစ်ခန်းလျှင် စတုရန်းပေ ၆၅၀ အကျယ်အဝန်းရှိသော လေးခန်းတွဲလေးထပ် အဆောက်အအုံ ၂၇ လုံး၊ အိမ်ခန်းယူနစ်ပေါင်း ၄၃၂ ခန်းပါဝင်သည့် မြရည်နန္ဒာတန်ဖိုးမျှတ အရောင်းအိမ်ရာ အပိုင်း(၁)ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် တည်ဆောက်နိုင်ခဲ့သည်။ ၎င်းအိမ်ခန်းများကို ရောင်းချရာတွင် ဝင်ငွေနည်းပြည်သူများ၊ အငြိမ်း စားနိုင်ငံ့ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲနိုင်ငံ့ ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများပါ ဝယ်ယူနိုင် ရန်အတွက် မြေညီထပ်ကို ၁၆၅ သိန်း၊ ပထမ ထပ်ကို ၁၅၅ သိန်း၊ ဒုတိယထပ်ကို ၁၄၅ သိန်း၊ တတိယထပ်ကို ၁၃၅ သိန်းတို့ဖြင့် ရောင်းချ ပေးနိုင်ခဲ့သည်။

စာမျက်နှာ ၉ သို့☆

**အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာ အတွင်း ပန်းခြံများ၊ ကလေးကစားကွင်း၊ ကြက်တောင်ရိုက်ကွင်း၊ ပိုက်ကျော် ခြင်းကွင်းနှင့် ဖူဆယ်အားကစားကွင်း၊ Community Center ၊ Car Parking ၊ Cycle Stand များပါဝင်သည့်အပြင် အိမ်ရာ၏ လျှပ်စစ် ဓာတ်အားသုံးစွဲမှု လုံလောက်စေရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် SMVA ဓာတ်အားခွဲရုံကို တည်ဆောက်ပေးထား သည်။ ထို့အပြင် အိမ်ရာနေဝန်ထမ်း မိသားစုများ၏ ကျန်းမာရေး၊ လုံခြုံရေး အတွက် Drainage System၊ Waste Water System၊ လုံခြုံ ရေးဂိတ်ဝန်ထမ်းတို့ဖြင့် ဝန်ဆောင်မှု ပေးထားသည့်အပြင် အုတ်တံတိုင်း ခြံစည်းရိုးများ ကာရံပေးထားသဖြင့် ဝန်ထမ်းများအတွက် လုံခြုံစိတ်ချရသည့် အိမ်ရာတစ်ခုဖြစ်**



ချမ်းမြသာစည်မြို့နယ်ရှိ မြရည်နန္ဒာတန်ဖိုးမျှတ အရောင်းအိမ်ရာများကို တွေ့ရစဉ်။

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက်ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပါဠိပထမပြန်နှင့် နိကာယ်စာမေးပွဲများ အောင်မြင်ခဲ့သော သံဃာတော်များနှင့် သီလရှင်များအား ဆုများဆက်ကပ်ပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်လုံးဆိုင်ရာ ပါဠိပထမပြန်နှင့် နိကာယ်စာမေးပွဲများတွင် ဖြေဆိုအောင်မြင်ခဲ့ကြသော သံဃာတော်များနှင့် သီလရှင်များအား စာအောင်လက်မှတ်နှင့် စာအောင်ဆုများ



ဆက်ကပ်ချီးမြှင့်ပူဇော်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် မင်္ဂလာဒုံမြို့နယ်ရှိ နှယ်ခွေကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်၊ မြို့နယ်သံဃနာယက အကျိုးတော်ဆောင်ဆရာတော်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် မြို့နယ်ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် အလှူရှင်များ တက်ရောက်ကြသည်။

စာမေးပွဲများတွင် ဖြေဆိုအောင်မြင်တော်မူကြသော သံဃာတော်များနှင့် သီလရှင်စုစုပေါင်း အပါး ၄၄၀ တို့အား တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် စာအောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကာ အလှူရှင်များကိုလည်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြောင်း သိရသည်။

ဉာဏ်ဟိန်း

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ Waki Super Massage Master II ၁၄ ခု၊ Disposable Gown ၃၂၈ ခု၊ Plaster ၃၂ ခု၊ အောက်ဆီဂျင်ထုတ်သည့်စက် နှစ်ခု၊ ဆေးဝါးမျိုးစုံ အမျိုး ၅၀ စုစုပေါင်း ၁၄၀၆၈၄ ဒသမ ၁၂ ကီလိုဂရမ်၊ နယ်စပ် (ချင်းရွှေဟော်)တွင် ကုမ္ပဏီလေးခုမှ Surgical Gown ကီလိုဂရမ် ၇၀၀၀၊ Oxygen Regulator ၁၆၂၀၀၊ နှာခေါင်းစည်း ကီလိုဂရမ် ၈၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၈ မှ

မြရည်နန္ဒာတန်ဖိုးမျှတ အရောင်းအိမ်ရာ အပိုင်း(၂)ကို အိမ်ခန်းတစ်ခန်းလျှင် ၅၆၇ စတုရန်းပေအကျယ်အဝန်းရှိသော ရှစ်ခန်းတွဲငါးထပ် အဆောက်အအုံ အလုံး ၂၀ ၊ အိမ်ခန်းယူနစ်ပေါင်း ၈၀၀ ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ထပ်မံတည်ဆောက်ခဲ့ပြီး မြေညီထပ်ကို ၂၂၃ သိန်း၊ ပထမထပ်ကို ၂၀၈ သိန်း၊ ဒုတိယထပ်ကို ၁၉၃ သိန်း၊ တတိယထပ်ကို ၁၇၈ သိန်း၊ စတုတ္ထထပ်ကို ၁၆၃ သိန်းတို့ဖြင့် ရောင်းချပေးနိုင်ခဲ့သဖြင့် စုစုပေါင်း အိမ်ခန်းယူနစ် ၁၂၃၂ ခန်းအား ဝင်ငွေနည်းပြည်သူများ၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲနိုင်ငံ့ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများကို အရစ်ကျစနစ်ဖြင့်လည်းကောင်း၊ ဘဏ်ချေးငွေစနစ်ဖြင့်လည်းကောင်း ရောင်းချပေးနိုင်ခဲ့သည်။

### ဆက်လက်ဆောင်ရွက်မည့် အရောင်းအိမ်ရာ

ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်စဉ် နေရေးအတွက် စိတ်အေးစေရန်နှင့် အငြိမ်းစားယူသွားသည့်အခါတွင်လည်း လုံခြုံစိတ်ချစွာ နေထိုင်နိုင်စေရန်အတွက် အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာအတွင်းရှိ လျာထားမြေနေရာနှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့ဟောင်းဘူတာအနီး (၈၂) လမ်းပေါ်တွင် အခန်းတစ်ခန်းလျှင် ၆၆၆ စတုရန်းပေနှင့် ၄၀၀ စတုရန်းပေကျယ်ဝန်းသော စုစုပေါင်းအခန်း ၁၂၀ ပါဝင်သည့် လေးခန်းတွဲငါးထပ်၊ ရှစ်ခန်းတွဲငါးထပ် အရောင်းအိမ်ရာများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တည်ဆောက်နိုင်ရေးတင်ပြထားပြီးဖြစ်သည်ဟု သိရသည်။

ဝန်ထမ်းများသည် အငြိမ်းစားယူသွားပြီးသောအခါ ကျင်လည်ခဲ့ရသည့်ပတ်ဝန်းကျင်နှင့် ကင်းကွာရမှုကြောင့် အထီးကျန်မှု၊ အားငယ်မှုများဖြစ်ပေါ်တတ်သည့် သဘောသဘာဝများရှိတတ်ပေရာ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာအတွင်း အရောင်းအိမ်ရာတည်ဆောက်ပြီး နေထိုင်စေခြင်းအားဖြင့် လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် ယခင်မူလအတိုင်း ရင်းရင်းနှီးနှီး သိုက်သိုက်ဝန်းဝန်း နေထိုင်နိုင်ပြီး အထီးကျန်သည့် ခံစားမှုများကို လျော့နည်းစေမည်ဖြစ်သည်။

### မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာ

အရောင်းအိမ်ရာများ ဝယ်ယူနိုင်စွမ်းမရှိသည့် နေရေးအခက်အခဲရှိသော ပြည်သူများအတွက် ပြည်သူ့အငှားအိမ်ရာများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်အနီး၌ မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာစီမံကိန်းကို လေးခန်းတွဲငါးထပ် အဆောက်အအုံ ၉၁ လုံး၊ အိမ်ခန်းယူနစ်ပေါင်း ၁၄၅၆ ခန်းဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှစ၍ ဆောက်လုပ်လျက်ရှိပြီး စီမံကိန်းတစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။ မကြာမီအချိန်အတွင်း ဝင်ငွေနည်းပြည်သူများ၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားယူခါနီး တာဝန်ထမ်းဆောင်ဆဲနိုင်ငံ့ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများသို့ ငှားရမ်းနေရာချထားပေးနိုင်တော့မည်ဖြစ်သည်ဟု သိရသည်။

### New Mandalay Resort City

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အနီး မန္တလေး-လားရှိုးလမ်းမကြီးဘေး ၂၁ မိုင်နေရာအနီးတွင် ဧက ၁၀၀၀၀ အကျယ်ရှိသော မြေဧရိယာပေါ်၌ Green & Clean Smart City ပုံစံအဖြစ် New Mandalay Resort City စီမံကိန်းကို IT နည်းပညာ၊ စိုက်ပျိုးရေးစီမံကိန်း၊ ကျန်းမာရေးဝန်ဆောင်မှု၊ ပညာရေးဝန်ဆောင်မှု၊ အပန်းဖြေစခန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းတို့ အခြေပြုမြို့အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုစီမံကိန်းကြီးကို အကောင်အထည်ဖော်ဆောင်ရွက်ပါက ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ဆောင်ရွက်ပြီးပါကလည်း ပုသိမ်ကြီးမြို့နယ်နှင့် ပြင်ဦးလွင်မြို့ကို တစ်ဆက်တည်း ဖြစ်သွားစေပြီး ပြင်ဦးလွင်မြို့၏ ရာသီဥတုကဲ့သို့ အေးချမ်းသာယာလှပသည့် အပန်းဖြေမြို့တော်သစ်တစ်ခု မကြာမီကာလအတွင်း ပေါ်ပေါက်လာတော့မည်ဖြစ်သည်ဟုလည်း သိရသည်။

အချုပ်အားဖြင့်တင်ပြရလျှင် မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် ၁၉၇၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်မှစတင်၍ အထက်မြန်မာပြည်ရုံးအမည်ဖြင့် အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် နေရေးအခက်အခဲရှိသည့် ပြည်သူများအတွက် အိမ်ရာကဏ္ဍများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားဖော်ပြလိုက်ပါသည်။ ။

■

# သက်ကြီးပိုင်း မျက်စိရောဂါ

တင်ထက်ထက်ဇော်

အမျိုးသား၊ အမျိုးသမီးများ ပျမ်းမျှအသက် ၆၀ ကျော်လျှင် အမြင်အာရုံချို့တဲ့ခြင်းနှင့်အတူ မျက်စိအလင်းကွယ်ပျောက်ခြင်း ဖြစ်နိုင်ခြေအလားအလာမှာလည်း တစ်စထက်တစ်စ ပိုများလာကြောင်း ကျန်းမာရေးသုတေသီများက သတိပေးထားသည်။ ဤအခြေအနေကို ဆေးသိပ္ပံနည်းအရ Age Macular Degeneration (AMD) ဟုခေါ်ပြီး အဓိပ္ပာယ်မှာ သက်ကြီးပိုင်း အမြင်အာရုံချို့တဲ့ရောဂါ ဖြစ်ပါသည်။ ကမ္ဘာတစ်လွှားအသက် ၆၀ နှင့်အထက် ရှိသူများတွင် AMD ရောဂါကြောင့် မျက်စိအလင်းကွယ်ပျောက်မှုများ နှစ်စဉ်မြင့်တက်လျက်ရှိပြီး လေ့လာမှုတစ်ရပ်အရ လက်ရှိ အမေရိကန်ပြည်ထောင်စု တစ်ခုတည်းမှာပင်လျှင် AMD ရောဂါဖြစ်ပွားသူ ၁ ဒသမ ၆ သန်းတွေ့ရကြောင်း လေ့လာသိရပါသည်။ ထို့ကြောင့်လည်း ကျန်းမာရေးသုတေသီများက နှစ်တစ်နှစ်၏ ဖေဖော်ဝါရီလ တစ်လလုံးကို AMD Low vision Awareness Month အဖြစ် အထူးတလည် သတ်မှတ်ထားခြင်း ဖြစ်ပါသည်။

သက်ကြီးပိုင်းများတွင် မျက်စိအတွင်းတိမ်၊ မျက်စိရေတိမ်၊ မျက်ခမ်းစပ်ရောဂါ စသည့် မျက်စိရောဂါအမျိုးမျိုးတို့ကြောင့် မျက်စိကွယ်တတ်သလို အာဟာရချို့တဲ့ခြင်း၊ ဆီးချို သို့မဟုတ် သွေးတိုး သို့မဟုတ် ကျောက်ကပ်ရောဂါတို့အတွက် သုံးစွဲလျက်ရှိသော ပဋိဇီဝဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးများကြောင့်လည်း အမြင်အာရုံ ပျက်စီးသွားနိုင်ပါသည်။ ထို့ပြင် စာကြည့်ခြင်း၊ တီဗွီ သို့မဟုတ် လက်ကိုင်ဖုန်းတို့ကို အကြည့်လွန်ကဲခြင်း၊ နေရောင်ခြည်အောက် ဦးထုပ်၊ ထီး၊ နေကာမျက်မှန် အကာအကွယ်မပါဘဲ သွားလာခြင်း၊ ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးမှုများခြင်း၊ အရက်သောက်ခြင်း၊ အသားမှုန့်များနှင့် အချိုမှုန့်ကဲ့သို့ ဓာတုပစ္စည်းများကို စားသောက်ခြင်းတို့ကလည်း အမြင်အာရုံချို့ယွင်းစေသော အကြောင်းများ ဖြစ်သည်။

**အမြင်အာရုံပျက်စီးခြင်းနှင့် ဆက်နွှယ်သောရောဂါများ**

အမြင်အာရုံပျက်စီးခြင်းနှင့် ပတ်သက်ဆက်စပ်နေသော အောက်ဖော်ပြပါရောဂါများကို သက်ကြီးပိုင်းများတွင် အများဆုံး ဖြစ်ပေါ်ခံစားရနိုင်ပါသည်။

- မျက်စိပေါ်သို့ ခရမ်းလွန်ရောင်ခြည်တိုက်ရိုက်ကျခြင်း၊ အိပ်ရေးပျက်ခြင်း၊ စီးကရက်မီးခိုးငွေ့များ၊ ကြွက်သားအားကောင်းဆေး၊ နာတာရှည်ရောဂါများ၊ အလွန်အမင်းမောပန်းနွမ်းနယ်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ဒေါသကြီးခြင်း၊ သွေးတိုး၊ ကိုလက်စထရောများခြင်းတို့ကြောင့် "မျက်စိအတွင်းတိမ်ရောဂါ" ဖြစ်စေသည်။
- ဟိုက်ပိုသိုင်းရွိုက်၊ ဟိုက်ပါသိုင်းရွိုက်၊ ဆီးချို၊ စိတ်မချမ်းမြေ့ခြင်း၊ ထုံးနှင့် ပေါင်းသတ်ဆေး စသောဓာတုဆေးတို့ မျက်လုံးထဲမတော်တဆဝင်ခြင်း၊ အဆီများသောအစားအစာများနှင့် ကိုယ်လက်လှုပ်ရှားမှုနည်း၍ အညောင်းမိခြင်းတို့ကြောင့်လည်း "မျက်စိရေတိမ်ရောဂါ" စွဲစေသည်။
- ရေဓာတ်ခန်းခြောက်ခြင်း၊ အရက်၊ ကဖိန်းဓာတ်များသော အစားအစာများ၊ ဆားကဲသော အစားအစာတို့ကြောင့် "မျက်စိခြောက်၍ မျက်ရည်အိတ်ခန်းရောဂါ" ဖြစ်စေသည်။
- မိမိမျက်စိနှင့် ပါဝါမကိုက်ညီသော မျက်မှန်ကို မှားယွင်းစွာ တပ်ဆင်အသုံးပြုခြင်းကလည်း အမြင်အာရုံပျက်စီးစေသည်။
- ဆီးချို/လေဖြတ်ခြင်း/ခန္ဓာကိုယ်ရှိ တစ်သျှူးများမာကျောခြင်း/ ရေယုန်နာပေါက်ခြင်း/ အေအိုင်ဒီအက်စ်ရောဂါဝေဒနာရှင်များအတွက် ထိုရောဂါများပြင်းထန်နေချိန်တွင် မျက်စိပါဝါစမ်းသပ်ပါက အဖြေမှန်မထွက်နိုင်ချေ။ ထိုအခါ မိမိမျက်စိနှင့် မသင့်လျော်သော မျက်မှန်ပါဝါကို တပ်ဆင်ကြည့်ရှုမှုများလေ အမြင်အာရုံတိမ်းစောင်းလေ ဖြစ်သည်။

**သက်ကြီးပိုင်းမျက်စိရောဂါ လက္ခဏာများ**

အောက်ဖော်ပြပါ သက်ကြီးပိုင်းမျက်စိရောဂါလက္ခဏာများကို ဖတ်ရှုလေ့လာ၍ မိမိမျက်စိအခြေအနေကို မိမိတို့ကိုယ်တိုင် သုံးသပ်နိုင်ပါသည်။

"အတွင်းတိမ်ရောဂါ"ကို အသက်အရွယ်ကြီးသူများတွင် အများဆုံး ဖြစ်ပေါ်ခံစားရသည်။ ရောဂါလက္ခဏာများမှာ မျက်စိအမြင် တဖြည်းဖြည်းမှုန်ဝါးလာခြင်း၊ မျက်စိသူငယ်အိမ်နေရာတွင် ဖြူနေခြင်း၊ နီရဲခြင်းမရှိဘဲ နာကျင်ကိုက်ခဲခြင်း၊ မျက်မှန်ပါဝါ အနီးကြည့် အဝေးကြည့် အားလုံး အဆင်မပြေနိုင်တော့ဘဲ မကြာခဏ မျက်စိစမ်းသပ်၍ မျက်မှန်ပါဝါ ပြောင်းလဲနေရခြင်း၊ မျက်စိအမြင် တစ်ဖက်နှင့် တစ်ဖက်မတူညီဘဲ ပုံရိပ်များထပ်ခြင်း သို့မဟုတ် ကြည်လင်မှုမရှိခြင်း စသည်တို့ဖြစ်သည်။ အတွင်းတိမ်ရောဂါအတွက် မျက်စိကိုခွဲစိတ်ပြီး မျက်တွင်းမှန် (IOL) ထည့်ခြင်းဖြင့် ပကတိအတိုင်း အမြင်အာရုံ




ကြည်လင်စေမည်ဖြစ်သလို Phaco Machine ဖြင့် အတွင်းတိမ်ကိုခြေ၍ ခွဲစိတ်ကုသနည်းဖြင့်လည်း ကုသနိုင်ပါသည်။

"မျက်စိရေတိမ်ရောဂါ"ကို သက်ကြီးပိုင်းများတွင် ဒုတိယအများဆုံး ဖြစ်ပေါ်နိုင်ပါသည်။ ရေတိမ်ရောဂါတွင် ထောင့်ကျဉ်းရေတိမ်နှင့် ထောင့်ကျယ်ရေတိမ်ဟူ၍ နှစ်မျိုးရှိသည်။ (က) ထောင့်ကျဉ်းရေတိမ်၏ လက္ခဏာများမှာ မျက်စိကိုက်ခြင်း၊ မျက်စိနီခြင်း၊ အမြင်အာရုံ ရုတ်တရက်မှုန်သွားခြင်း၊ မီးအိမ် သို့မဟုတ် မီးလုံးများကြည့်ပါက သက်တန့်ရောင်အဝိုင်းများမြင်ရခြင်း၊ မျက်စိသူငယ်အိမ်ကျယ်နေခြင်း တို့ဖြစ်ပြီး မျက်စိအတွင်း ရေဖိအားများလာ၍ မျက်စိအာရုံကြော ပျက်စီးနိုင်သဖြင့် မပေါ့ဆသင့်ပေ။ (ခ) ထောင့်ကျယ်ရေတိမ်၏ လက္ခဏာများမှာ အမြင်တဖြည်းဖြည်းမှုန်လာခြင်း၊ အမြင်တစ်ဖက်နှင့် တစ်ဖက်မတူညီခြင်း၊ မျက်စိမြင်ကွင်းကျဉ်းလာခြင်း၊ မိမိ၏ တစ်ဖက်တွင်ရှိသော အရာဝတ္ထုပစ္စည်းများကို ကောင်းစွာမမြင်ရတော့ဘဲ ခလုတ်တိုက်ထိခိုက်မိခြင်းတို့ ဖြစ်သည်။

"ဆီးချို၊ သွေးတိုးရောဂါများကြောင့် နောက်ဆက်တွဲဖြစ်ပွားသည့် မျက်စိရောဂါ"ကိုလည်း သက်ကြီးပိုင်း ကျား၊ မ များမှာ ဖြစ်ပေါ်ခံစားရနိုင်ပါသည်။ မျက်လုံးထဲတွင် သွေးယိုစီးခြင်း၊ မျက်စိသွေးကြောပေါက်ခြင်းတို့သည် ဆီးချိုရောဂါဖြစ်နေကြောင်း သို့မဟုတ် ဆီးချိုရောဂါဖြစ်လာမည့် အရိပ်အယောင်များဖြစ်၍ အထူးသတိထားရပါမည်။ ဆီးချိုရောဂါစွဲချိန် ကြာမြင့်လေ၊ မျက်စိကွယ်နိုင်ခြေ အလားအလာပိုများလေဖြစ်၍ မပေါ့ဆသင့်ပေ။ မျိုးရိုးလိုက်ခြင်း၊ ပတ်ဝန်းကျင်အခြေအနေ၊ နေထိုင် စားသောက်မှုပုံစံမမှန်ခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အညောင်းထိုင်ခြင်း၊ ကျန်းမာရေးလိုက်စားမှု အားနည်းခြင်း၊ မွေးရာပါရောဂါ စသည်တို့ကြောင့် ကမ္ဘာတစ်ဝန်း ဆီးချိုနှင့် သွေးတိုးရောဂါ ဖြစ်ပွားနှုန်းမြင့်မားလျက်ရှိပါသည်။ ၎င်းရောဂါများ၏ နောက်ဆက်တွဲအဖြစ် အမြင်အားကျဆင်းလာခြင်း၊ ရုတ်တရက်မျက်စိကွယ်သွားခြင်း၊ အမြင်အာရုံလွှာပျက်စီးခြင်း၊ အမြင်အာရုံလွှာသွေးကြောပေါက်ခြင်း စသည်တို့ ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် ၎င်းဝေဒနာရှင်များက မျက်စိရောဂါပြဿနာများမှ ကြိုတင်ကာကွယ်သည့်အနေဖြင့် ထိုရောဂါရှိကြောင်း စတင်သိရှိချိန်မှစ၍ မျက်စိကုဌာနသို့ စောစီးစွာ သွားရောက်ကာ မျက်စိကျန်းမာရေးအခြေအနေကို ကြိုတင်စစ်ဆေး၍ ကာကွယ်ကုသမှု ခံယူသင့်ပါသည်။

> "အတွင်းတိမ်ရောဂါ"ကို အသက်အရွယ်ကြီးသူများတွင် အများဆုံး ဖြစ်ပေါ်ခံစားရသည်။ ရောဂါလက္ခဏာများမှာ မျက်စိအမြင် တဖြည်းဖြည်းမှုန်ဝါးလာခြင်း၊ မျက်စိသူငယ်အိမ်နေရာတွင် ဖြူနေခြင်း၊ နီရဲခြင်းမရှိဘဲ နာကျင်ကိုက်ခဲခြင်း၊ မျက်မှန်ပါဝါ အနီးကြည့်အဝေးကြည့် အားလုံးအဆင်မပြေနိုင်တော့ဘဲ မကြာခဏ မျက်စိစမ်းသပ်၍ မျက်မှန်ပါဝါ ပြောင်းလဲနေရခြင်း၊ မျက်စိအမြင် တစ်ဖက်နှင့်တစ်ဖက်မတူညီဘဲ ပုံရိပ်များထပ်ခြင်း သို့မဟုတ် ကြည်လင်မှုမရှိခြင်း စသည်တို့ဖြစ်

**မျက်စိခွဲစိတ်ခံမည့်သူများ မှတ်သားလိုက်နာဖွယ်**

မျက်စိအတွင်းတိမ်ဖြစ်ခြင်း၊ အပြင်တိမ်ဖြစ်ခြင်း၊ မျက်ကြည်လွှာကွာကျခြင်း၊ မျက်ကြောထုံးခြင်း၊ အာရုံခံလွှာကွာခြင်းစသည့် မျက်စိဝေဒနာအမျိုးမျိုးကြောင့်ဖြစ်စေ၊ ထိခိုက်ဒဏ်ရာရခြင်းကြောင့်ဖြစ်စေ အကြောင်းအမျိုးမျိုးကြောင့် မျက်စိခွဲစိတ်ခံရသည့်အခါ လူများအနေဖြင့် မလွဲမသွေလိုက်နာအပ်သော နည်းလမ်းကောင်းများကို ဗဟုသုတတစ်ရပ်အနေဖြင့် အောက်ပါအတိုင်း အကြံပြုမျှဝေလိုပါသည်။

- မခွဲစိတ်မီ ဆံပင်ညှပ်၊ ခေါင်းလျှော်ထားရမည်။ ခြေသည်း လက်သည်း လှီးထားရမည်။
- ခွဲစိတ်ခံရမည့်နေ့တွင် မျက်နှာကို ဆပ်ပြာဖြင့် အကြိမ်ကြိမ်သစ်ထားရမည်။ သနပ်ခါး၊ ပေါင်ဒါ၊ မိတ်ကပ် အစရှိသည်တို့ကို မလိမ်းရ။ ခွဲစိတ်ခံရမည့် ဆေးရုံ၊ ဆေးခန်းသို့ သန့်ရှင်းစင်ကြယ်သော အဝတ်အစားများ ဝတ်သွားပါ။
- ဆေးရုံ၊ ဆေးခန်းမှ ညွှန်ကြားထားသည့်အတိုင်း တစ်ရက်ကြိုတင်၍ ခွဲစိတ်ခံရမည့်မျက်စိကို မျက်စင်းခတ်ထားရမည်။
- သောက်ဆေးများကိုလည်း ဆရာဝန်ညွှန်ကြားထားသည့်အတိုင်း သောက်ထားရမည်။
- သွေးတိုး၊ ဆီးချို၊ ရင်ကျပ် စသည်တို့ကို စစ်ဆေးကုသထားရမည်။
- မိမိတွင် ရောဂါဝေဒနာ ကြီးကြီးမားမား ပြဿနာမရှိပါက အစားအသောက်များကို မိမိဆန္ဒရှိရာ စားသောက်နိုင်သည်။ (သို့သော် ကြိုတင်ကာကွယ်သည့်အနေဖြင့် ခွဲစိတ်ပြီးနောက် ယားယံခြင်းမဖြစ်နိုင်အောင် ပုစွန်ဆိတ်၊ ငါးဖယ်၊ ပုစွန်ချဉ်၊ ငါးဖယ်ချဉ်၊ ပုစွန်လုံး၊ ကဏန်းလုံး၊ ပင်လယ်စာတို့ကို တစ်ရက်ခန့် ကြိုတင်၍ ရှောင်နိုင်လျှင်ကောင်းသည်)
- စိတ်တည်ငြိမ်မှုရရန်အတွက် မခွဲစိတ်မီနေ့များကတည်းက တရားထိုင်ခြင်း သို့မဟုတ် တရားရှုမှတ်ခြင်း သို့မဟုတ် ယောဂကျင့်ခြင်းဖြင့် တည်ငြိမ်မှုကို ကျင့်ထားနိုင်ပါက ပို၍ကောင်းပါသည်။

**ခွဲစိတ်ပြီးလူနာများ ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းကောင်းများ**

- မှောက်မအိပ်ရ၊ ခွဲထားသည့်ဘက် စောင်းမအိပ်ရ၊ ပက်လက် သို့မဟုတ် မခွဲသည့်ဘက် စောင်းအိပ်နိုင်သည်။
- တအောင့်တနားထိုင်နိုင်သည်။ လျှောက်နိုင်သည်။ လှုပ်လှုပ်ရှားရှားမျိုး မဟုတ်ဘဲ ခပ်ဖြည်းဖြည်းသာ လျှောက်သင့်သည်။
- ခွဲပြီးနောက် လူကောင်းအတိုင်း ထမင်းစားနိုင်သည်။ သို့သော် ပျော့သောအစာနှင့် များများဝါးရန်မလိုအပ်သော အစားအစာတို့ကို ရွေးချယ်စားသုံးသင့်သည်။
- ခွဲထားသည့် မျက်လုံးမထိခိုက်စေရန် သတိပြုရမည်။ ပတ်တီးဖြုတ်ပြီးနောက် ကော်ဆန်ခါ (ခေါ်) မျက်စိအဖုံးအကာဖြင့် ရက်သတ္တနှစ်ပတ်တိတိ နေ့ရောညပါအုပ်ထားပါ။ ရက်သတ္တနှစ်ပတ် နောက်ပိုင်းတွင် တစ်လတိတိ ညဘက်တွင် ကော်ဆန်ခါအုပ်၍အိပ်ပါ (နေ့ဘက်တွင် ကော်ဆန်ခါချွတ်ထားနိုင်သည်)
- အလေးအပင် မ, မရ။ ကုန်းကုန်းကွကွ မလုပ်ရ။
- ခေါင်းကို အောက်သို့အကြာကြီး ငုံ့မထားရ။ ဇက်ကြောမချိုးရ။ ဇက်ကြောအနှိပ်မခံရ။ ခေါင်းညိတ်ခေါင်းခါ ခပ်ပြင်းပြင်း မလုပ်ရ။
- လည်ပင်းအောက် ရေလောင်းချိုးနိုင်သည်။ မျက်နှာကိုရေပတ်အခြောက်သုတ်နိုင်သည်။
- ခွဲစိတ်ပြီးနောက် တစ်လခွဲကြာမှ ခေါင်းလျှော်ပါ။ သနပ်ခါးလိမ်းသောအခါ မျက်စိထဲ မဝင်အောင် သတိပြုပါ။
- တစ်လခန့် နေပူပူထဲ မသွားရ။ မျက်နှာနှင့် မျက်စိကို လေပြင်းပြင်းအတိုက်မခံပါနှင့်။
- ခွဲစိတ်ထားသည့် မျက်စိကိုမပွတ်ရ။ အဝတ် သို့မဟုတ် လက်ကိုင်ပဝါဖြင့်လည်း မသုတ်ရ။
- ခွဲစိတ်ထားသည့် မျက်လုံးနီရဲလာခြင်း သို့မဟုတ် ကိုက်ခဲခြင်း သို့မဟုတ် ပြန်၍ အမြင်ဝေဝါးခြင်း၊ မျက်စိမှုန်လာခြင်း စသည်တို့ ဖြစ်ပေါ်ခံစားရပါက ဆရာဝန်နှင့် အမြန်ပြပါ။
- မျက်ရည် မကျပါစေနှင့်။ မငိုမိအောင် ဆင်ခြင်ပါ။

သို့ပါ၍ မျက်စိရောဂါနှင့်ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန် အချက်များကို မျှဝေလိုက်ရပါသည်။ ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉၃၈ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁၀ ဒသမ ၃၁ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၈,၄၈၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၉၃၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁၀.၃၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၀၂၈,၈၈၆)ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၅၇၈,၄၄၆) ဦးရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၃၅၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၂၈,၇၁၇) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၄) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၅၃) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၄-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၄၆) ခု | (၁၃၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင်GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၀) ခု | (၂၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၅၈) ခု | (၅၄) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၇) ခု | (၁၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂,၁၅၉) ခု | (၂၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၄၁၂) ခု | (၄၁၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၂,၆၆၄) ခု | (၂,၀၈၂) ဦး |
| **စုစုပေါင်း** | (၂၈,၄၈၆) ခု | (၂,၉၃၈) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၀၃၇၂၄၀၄ | ၅၂၄၅၃၅၆၂ | ၉၆၆၅၃၀ |
| ၂။ | အိန္ဒိယ | ၄၂၈၈၁၀၇၉ | ၄၂၂၁၉၈၉၆ | ၅၁၂၉၅၄ |
| ၃။ | ဘရာဇီး | ၂၈၄၈၅၅၀၂ | ၂၅၇၇၂၈၀၇ | ၆၄၆၄၉၀ |
| ၄။ | ပြင်သစ် | ၂၂၄၆၈၂၃၉ | ၂၀၀၀၉၈၅၂ | ၁၃၇၄၈၉ |
| ၅။ | ဗြိတိန် | ၁၈၇၃၄၆၈၃ | ၁၇၀၁၁၈၆၉ | ၁၆၀၉၇၉ |
| ၆။ | ရုရှား | ၁၅၉၂၈၅၆၈ | ၁၂၉၇၂၆၆၁ | ၃၄၈၅၇၈ |
| ၇။ | ဂျာမနီ | ၁၄၁၇၄၉၀၆ | ၁၀၄၃၅၈၀၀ | ၁၂၂၇၃၃ |
| ၈။ | တူရကီ | ၁၃၇၆၂၁၈၁ | ၁၂၉၄၉၄၂၅ | ၉၃၂၅၈ |
| ၉။ | အီတလီ | ၁၂၆၀၃၇၅၈ | ၁၁၂၂၈၅၇၁ | ၁၅၃၇၆၄ |
| ၁၀။ | စပိန် | ၁၀၉၁၄၁၀၅ | ၈၉၇၈၆၃၄ | ၉၈၉၃၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၅၄၀၈၃၂၈ | ၄၆၇၄၈၇၃ | ၁၄၇၃၄၂ |
| ၂။ | ဖိလစ်ပိုင် | ၃၆၅၇၃၄၂ | ၃၅၄၆၀၉၈ | ၅၆၁၆၅ |
| ၃။ | မလေးရှား | ၃၃၀၅၁၅၇ | ၂၉၉၄၈၄၀ | ၃၂၄၈၈ |
| ၄။ | ဗီယက်နမ် | ၃၀၄၁၅၀၆ | ၂၃၃၉၇၈၄ | ၃၉၈၈၄ |
| ၅။ | ထိုင်း | ၂၇၉၄၃၅၀ | ၂၅၉၀၅၈၉ | ၂၂၇၇၁ |
| ၆။ | စင်ကာပူ | ၆၄၂၆၀၅ | ၅၇၂၇၄၈ | ၉၆၃ |
| ၇။ | မြန်မာ | ၅၇၈၄၄၆ | ၅၂၈၇၁၇ | ၁၉၃၅၃ |
| ၈။ | လာအို | ၁၄၁၉၃၃ | ၁၃၉၆၈၇ | ၆၁၇ |
| ၉။ | ကမ္ဘောဒီးယား | ၁၂၈၅၉၉ | ၁၂၁၈၇၇ | ၃၀၂၆ |
| ၁၀။ | ဘရူနိုင်း | ၄၈၀၅၅ | ၂၃၅၉၃ | ၁၁၃ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများမှ အောက်ဆီဂျင်ထုတ်သည့်စက် နှစ်ခုနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ နှစ်ခု၊ ယာဉ်စီးရေငါးစီးဖြင့် နှာခေါင်းစည်း ၂၈ ဒသမ ၆၃ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

**ဦးစားပေးတင်သွင်းခွင့်ပြု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

# ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံအား စစ်ဆင်ရေးစတင်

**မော်စကို ဖေဖော်ဝါရီ ၂၄**

ရုရှားတပ်ဖွဲ့ဝင်များက ယူကရိန်းနိုင်ငံအား စစ်ဆင်ရေးစတင်ဆင်နွှဲလျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၅ နာရီဝန်းကျင်မှစ၍ ယူကရိန်းနိုင်ငံအရှေ့ပိုင်းသို့ ရုရှား၏ စစ်ရေးတိုက်ခိုက်မှုများ စတင်ဆင်နွှဲခဲ့ကြောင်း ယူကရိန်းတပ်မတော် စစ်ဦးစီးချုပ်က ပြောကြားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ယူကရိန်းနိုင်ငံအပေါ် အထူးစစ်ဆင်ရေးဆင်နွှဲမည်ဟု ၎င်း၏ မိန့်ခွန်းထဲတွင် ထည့်သွင်းပြောကြားခဲ့ပြီးနောက် ရုရှားတပ်ဖွဲ့ဝင်များက စစ်ဆင်ရေးကို စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ရုရှားတပ်ဖွဲ့ဝင်များ၏ ဒုံးကျည်ပစ်ခတ်မှုများကြောင့် ယူကရိန်းနိုင်ငံအရှေ့ပိုင်း ချူဂက်ဗ်မြို့ရှိ တပ်မတော်လေဆိပ်တစ်ခု ထိခိုက်ပျက်စီးသွားခဲ့သည်။ ထို့ပြင် အဆိုပါမြို့အတွင်းရှိ လူနေအိမ်အများအပြားလည်း ထိခိုက်ပျက်စီးသွားခဲ့ရကြောင်း သိရသည်။

ရုရှားတပ်ဖွဲ့ဝင်များက ယူကရိန်းနိုင်ငံ၏ အရှေ့ပိုင်းသာမက တောင်ဘက်ပိုင်းအပါအဝင် ကိဗ်မြို့နှင့် အနီးတစ်ဝိုက်နေရာများတွင်လည်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ယူကရိန်းအာဏာပိုင်များက ဆိုသည်။ အဆိုပါတိုက်ခိုက်မှုများကြောင့် အနည်းဆုံး အရပ်သားရှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ရုရှားတပ်ဖွဲ့ဝင်များက ယူကရိန်းနိုင်ငံ၏ ကာကွယ်ရေးအခြေစိုက်စခန်းများကို အဓိက ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိပြီး ပြည်သူများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းမရှိကြောင်း ရုရှားကာကွယ်ရေးတာဝန်ရှိသူများက ဆိုသည်။

သို့သော် ရုရှားတပ်ဖွဲ့ဝင်များ၏ စစ်ဆင်ရေးဆင်နွှဲမှုကြောင့် ယူကရိန်းတပ်ဖွဲ့ဝင် ၄၀ ကျော်သေဆုံးပြီး အရပ်သားအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယူကရိန်းတာဝန်ရှိသူများက ပြောသည်။

အလားတူ ခွဲထွက်ရေးနိုင်ငံဖြစ်သည့် လူဟန့်စ် သမ္မတနိုင်ငံ၌ ယူကရိန်းတပ်ဖွဲ့ဝင်များ၏ ပြန်လည်တိုက်ခိုက်မှုကြောင့် ရုရှားတပ်ဖွဲ့ဝင် ၅၀ နီးပါး သေဆုံးခဲ့ကြောင်း ယူကရိန်းတပ်မတော်က ဆိုသည်။

ထို့ပြင် ဒိုးနက်ခ်သမ္မတ နိုင်ငံအတွင်း၌ ရုရှားစစ်လေယာဉ်ခြောက်စင်းအား ယူကရိန်းတပ်ဖွဲ့ဝင်များက ပစ်ချနိုင်ခဲ့ကြောင်း ယူကရိန်းတပ်မတော် စစ်ဦးစီးချုပ်က ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် ရေးသားထားသည်။

ယူကရိန်းနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ခါကိဗ်ဒေသတွင်လည်း ရုရှားသံချပ်ကာကားလေးစီးအား ဖျက်ဆီးပစ်နိုင်ခဲ့ကြောင်း ယူကရိန်းတပ်မတော်က ဆိုသည်။

မကြာသေးမီရက်များအတွင်း သမ္မတ ပူတင်က ယူကရိန်းနိုင်ငံအရှေ့ပိုင်းရှိ ခွဲထွက်ရေးဒေသနှစ်ခုကို လွတ်လပ်သောနိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့ကြောင်း တရားဝင်ကြေညာခဲ့သည်။ ထို့ပြင် အဆိုပါနိုင်ငံများဖြစ်သည့် ဒိုးနက်ခ်ပြည်သူ့သမ္မတ နိုင်ငံနှင့် လူဟန့်စ်ပြည်သူ့သမ္မတနိုင်ငံများသို့ ရုရှားတပ်ဖွဲ့ဝင်များအား ငြိမ်းချမ်းရေးထိန်းသိမ်းသူများအဖြစ် တပ်ဖြန့်စေလွှတ်ခဲ့ကြောင်း သိရသည်။

ရုရှားတပ်ဖွဲ့ဝင်များအား အဆိုပါနိုင်ငံများသို့ စေလွှတ်ရခြင်းမှာ ယင်းနိုင်ငံများရှိ ပြည်သူများအပေါ် ယူကရိန်းအစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုများမှ ကာကွယ်ပေးရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု သမ္မတပူတင်က ၎င်း၏ ရုပ်သံမိန့်ခွန်းထဲတွင် ထည့်သွင်းပြောကြားသည်။

ရုရှားနှင့် ယူကရိန်းနှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ရပ်တန့်သွားပြီဖြစ်ကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီးက ဆိုသည်။ ထို့ပြင် ယူကရိန်းနိုင်ငံ၏ လွတ်လပ်မှုကို မည်သည့်နည်းဖြင့်မဆို ကာကွယ်သွားမည်ဖြစ်ကြောင်း သမ္မတ ဇီလန်စကီးက ပြောသည်။

ယူကရိန်းနိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ရှေ့တန်းတင်ကာ ကာကွယ်စောင့်ရှောက်ကြရန် ယူကရိန်းသမ္မတ ဇီလန်စကီးက ပြည်သူများအား တိုက်တွန်းပြောကြားသည်။

ရုရှားတပ်ဖွဲ့ဝင်များက အိမ်နီးချင်းနိုင်ငံဘီလာရုစ်၌ အခြေစိုက်ကာ ယူကရိန်းနိုင်ငံအတွင်းသို့ စစ်ဆင်ရေးဆင်နွှဲခြင်းဖြစ်ကြောင်း ယူကရိန်းနယ်ခြားစောင့်တပ်များက ဆိုသည်။

အနောက်နိုင်ငံများ၏ သတိပေးချက်များ ပေါ်ထွက်ခဲ့သော်လည်း ရုရှားအစိုးရက ယူကရိန်းနိုင်ငံအား စစ်ဆင်ရေးစတင်ဆင်နွှဲလျက်ရှိသည်။

ယင်းသို့ ရုရှား၏စစ်ဆင်ရေးဆောင်ရွက်ချက်များအပေါ် အမေရိကန်နိုင်ငံ၊ ဥရောပသမဂ္ဂအပါအဝင် အခြားနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ရှုတ်ချလျက်ရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# ယူကရိန်းအရေး တင်းမာမှုများလျှော့ချရန် ဆွေးနွေးစေလိုကြောင်း ကမ္ဘာ့နိုင်ငံများအား တရုတ် တိုက်တွန်း

**ပေကျင်း ဖေဖော်ဝါရီ ၂၄**

တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ယူကရိန်းအရေးနှင့်ပတ်သက်ပြီး တင်းမာမှုများ လျှော့ချရန် ကမ္ဘာ့နိုင်ငံများအား ပါဝင်ဆွေးနွေးစေလိုကြောင်း ယနေ့ သဘောထားတစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်။

ယူကရိန်းအရေးအပေါ် တရုတ်နိုင်ငံအနေဖြင့် အနီးကပ်စောင့်ကြည့်လျက်ရှိပါကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဟွာချင်ယင်က ယနေ့ပြောသည်။

ယူကရိန်းနိုင်ငံအပေါ် ရုရှားနိုင်ငံ၏ စစ်ဆင်ရေးဆင်နွှဲမှုဆိုင်ရာ အခြေအနေများကို ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းကြရန် ကမ္ဘာ့နိုင်ငံများအား ဟွာချင်ယင်က တိုက်တွန်းပြောကြားသည်။

အဆိုပါတင်းမာမှုများကို လျှော့ချပြီး စေ့စပ်ညှိနှိုင်း ဆွေးနွေးမှုများဖြင့်သာ ငြိမ်းချမ်းစွာ အဖြေရှာကြရန် နိုင်ငံအားလုံးအနေဖြင့် မျှော်လင့်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



ယူကရိန်းအရေးသည် အလွန်ရှုပ်ထွေးသော နောက်ခံသမိုင်းကြောင်းနှင့် အခြေအနေများရှိသည့်အတွက် ယနေ့ တင်းမာမှုဖြစ်စဉ်များဆီသို့ ဦးတည်ခဲ့ခြင်းဖြစ်ကြောင်း ဟွာချင်ယင်က ဆိုသည်။

ထို့ပြင် အမေရိကန်နိုင်ငံက လက်နက်ခဲယမ်းများကို ယူကရိန်းနိုင်ငံသို့ ပေးပို့လျက်ရှိသည်ကို သိရကြောင်းနှင့် လက်ရှိအချိန်တွင် တင်းမာမှုများကို ဝိုင်းဝန်းထိန်းသိမ်းရမည့်အစား အမေရိကန်နိုင်ငံ၏ ယင်းသို့ ဆောင်ရွက်မှုများကို ၎င်းအနေဖြင့် ရှုတ်ချပါကြောင်း ဟွာချင်ယင်က ပြောသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ရုရှား-ယူကရိန်း ပဋိပက္ခတွင် တင်းမာမှုများ လျှော့ချရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း

**နယူးယောက် ဖေဖော်ဝါရီ ၂၄**

ရုရှား–ယူကရိန်းပဋိပက္ခတွင် တင်းမာမှုများလျှော့ချရန် သက်ဆိုင်ရာနိုင်ငံများအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရပ်စ်က တိုက်တွန်းလိုက်သည်။

ယခုအချိန်သည် တင်းမာမှုများဖြေလျှော့ပြီး အကျိုးအကြောင်းဆီလျော်စွာ ဖြေရှင်းဆောင်ရွက်ရမည့်အချိန်သို့ ရောက်ရှိနေကြောင်း ကုလသမဂ္ဂအထွေထွေညီလာခံတွင် ၎င်းက ပြောကြားသည်။ လက်ရှိအချိန်တွင် ၎င်းအရေးအခင်းတွင် ပါဝင်ပတ်သက်နေသော ယူကရိန်းနှင့် ရုရှားနိုင်ငံတို့အား အန္တရာယ်ရှိသော အခြေအနေသို့ ဦးတည်စေမည့် မည်သည့်ဆောင်ရွက်မှုကိုမျှ ဆောင်ရွက်ရန် ခွင့်ပြုနိုင်သည့်အနေအထားမရှိကြောင်း ၎င်းက ပြောကြားသည်။

ယခုအစည်းအဝေးသည် ရုရှားသမ္မတ ပူတင်က ဒိုးနက်ခ်သမ္မတနိုင်ငံနှင့် လူဟန့်စ်သမ္မတနိုင်ငံတို့အား လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံများအဖြစ် အသိအမှတ်ပြုပြီးနောက် ကျင်းပခဲ့ခြင်းဖြစ်သည်။ ရုရှား၏ အဆိုပါဆောင်ရွက်ချက်ကို နိုင်ငံတကာက ဆန့်ကျင်ခဲ့ကြသည်။ ရုရှား၏ အဆိုပါဆောင်ရွက်ချက်သည် ယူကရိန်းနိုင်ငံ၏ အချုပ်အခြာအာဏာကို အလေးမထားရာရောက်ပြီး ပြဿနာဖြေရှင်းရေးလမ်းကြောင်းမှ သွေဖည်ကြောင်း နေတိုးအဖွဲ့ အတွင်းရေးမှူးချုပ် ဂျန်စတော်တန်ဘာ့ဂ်က ပြောကြားသည်။

**ကိုးကား – စီဂျီတီအင်န်**
**ဘာသာပြန် – စိုးသူရ**

# မလေးရှားနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်

ဖနောင်ပင် ဖေဖော်ဝါရီ ၂၄

ကမ္ဘောဒီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော မလေးရှားဝန်ကြီးချုပ် အစ္စမေးဆာဘရီယာကော့ဗ်နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆင်တို့သည် နှစ်နိုင်ငံအကြား ကိုဗစ်-၁၉ ကပ်ရောဂါအလွန်ကာလ ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ ယနေ့ ကတိကဝတ်ပြု ဆွေးနွေးကြကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲအတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေး၊ ကာကွယ်ရေးနှင့်လုံခြုံရေး၊ ခရီးသွားလုပ်ငန်း၊ အလုပ်သမားရေးရာကဏ္ဍ၊ ပညာရေးနှင့် ကပ်ရောဂါအလွန်ကာလ စီးပွားရေးပြန်လည်တည်ဆောက်ရေးတို့ကို ခေါင်းဆောင်များအကြား အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ မိမိတို့သည် ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေး ရင်းနှီးမြှုပ်နှံမှု၊ ကျန်းမာရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာနှင့် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် စီးပွားရေး ပြန်လည်တည်ဆောက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့နိုင်ငံများအကြား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ကြဉ်းနိုင်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို နှစ်နိုင်ငံပြည်သူများ ရရှိခံစားရေးတို့ကို ဆွေးနွေးကြကြောင်း သိရသည်။

၂၀၂၁ ခုနှစ်တွင် နှစ်နိုင်ငံအကြားကုန်သွယ်မှုပမာဏသည် ကန်ဒေါ်လာ သန်း ၅၀၀ ကျော်ရှိခဲ့ကြောင်း ဝန်ကြီးချုပ်ဟွန်ဆင်က ပြောကြားသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေသော်လည်း နှစ်နိုင်ငံအကြားကုန်သွယ်မှုပမာဏသည် တိုးတက်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။ မလေးရှားနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ သတင်းအချက်အလက်နည်းပညာကဏ္ဍနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားရန်ဆန္ဒရှိကြောင်း မလေးရှားဝန်ကြီးချုပ်ဆာဘရီက ပြောကြားသည်။

ထို့ပြင်မလေးရှားနိုင်ငံသည် မကြာမီကာလတွင် မိမိ၏ နယ်စပ်ဒေသများကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်သဖြင့် ၎င်းအချိန်တွင် ကမ္ဘောဒီးယားနှင့် ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။



ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ



# ဗီယက်နမ်ဟိုချီမင်းစီးတီး၌ အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ် ကူးစက်မှုများ တွေ့ရှိ

ဟိုချီမင်းစီးတီး ဖေဖော်ဝါရီ ၂၄

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဟိုချီမင်းမြို့တော်၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုများ မြင့်တက်လျက်ရှိကြောင်း ဟိုချီမင်းမြို့တော် ရောဂါပိုးမွှားထိန်းချုပ်ရေးစင်တာမှ ပြောကြားသည်။

အဆိုပါမြို့တွင် ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်၍ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၃၅၆ ဦးနှင့် အဆိုပါရောဂါကြောင့် ဆေးရုံတက်ရောက် ကုသမှုခံယူသူ ၃၃၄ ဦးတို့ကို တွေ့ရှိခဲ့ရပြီး ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၇ ရက်အကြား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးခဲ့ရာ ဒေသခံ ၇၀ တွင် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရကြောင်း တွေ့ရှိခဲ့ရသည်။

လက်ရှိအချိန်တွင် ဟိုချီမင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းကို အရှိန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဟိုချီမင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၂၇၉၄ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၉၉၃၁ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# အာဖရိကဒေသ၌ လူဦးရေ ၇၀ ရာခိုင်နှုန်းအား ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဆောင်ရွက်

ဘရာဇာဗီလီ ဖေဖော်ဝါရီ ၂၄

အာဖရိကဒေသ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယနေ့ပြောကြားသည်။

**ဆေးအလုံးရေ သန်း ၄၀၀ ထိုးနှံပေးနိုင်ခဲ့**

လက်ရှိအချိန်တွင် ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကာကွယ်ဆေး ထောက်ပံ့ရေးအစီအစဉ်၏ ထောက်ပံ့မှုဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ သန်း ၄၀၀ ကို ထိုးနှံပေးနိုင်ခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အာဖရိကဒေသဆိုင်ရာညွှန်ကြားရေးမှူး မက်ရှီဒီ ဆိုမိုတီက ပြောကြားသည်။

လက်ရှိအချိန်တွင် အာဖရိကဒေသအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ရာခိုင်နှုန်းသည် နည်းပါးလျက်ရှိပြီး ဒေသအတွင်းရှိလူဦးရေ၏ ၁၃ ရာခိုင်နှုန်းကိုသာ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့ကာ ဒေသအတွင်းရှိ နိုင်ငံ ၁၈ နိုင်ငံ၌ လူဦးရေ၏ ၁၀ ရာခိုင်နှုန်းထက်နည်းပါးသော ပမာဏကိုသာ ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

**တိုးမြှင့်ဆောင်ရွက်သွားရမည်**

အာဖရိကဒေသ၌ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ပမာဏအနည်းငယ်သာ ထိုးနှံပေးနိုင်သောကြောင့် ဒေသအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု အရှိန်မြှင့်တင်ရန်အတွက် ကာကွယ်ဆေးလိုအပ်နေသော နိုင်ငံများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထောက်ပံ့မှုကို တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကာကွယ်ဆေး ထောက်ပံ့ရေးအစီအစဉ်ဆိုင်ရာရုံး၏ ဦးဆောင်ညွှန်ကြားရေးမှူး အော်ရီလီယာငုယင်က ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊
ဘာသာပြန်-စိုးသူရ

# နိုင်ငံအတွင်း လောင်စာဆီရှားပါးမှုပြဿနာအား မကြာမီ ဖြေရှင်းနိုင်တော့မည်ဟု သီရိလင်္ကာပြောကြား

ကိုလံဘို ဖေဖော်ဝါရီ ၂၄

သီရိလင်္ကာနိုင်ငံ၏ လောင်စာဆီရှားပါးမှု အရေးကို မကြာမီ ဖြေရှင်းဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သီရိလင်္ကာစွမ်းအင်ဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

နိုင်ငံအတွင်း မကြာမီရက်အတွင်းက ရောက်ရှိလာခဲ့သည့် လောင်စာဆီများအတွက် ကုန်ကျငွေ ကန်ဒေါ်လာ ၃၅ ဒသမ ၃ သန်းအား အစိုးရအဖွဲ့ကခွင့်ပြုပြီးဖြစ်ကြောင်းနှင့် နိုင်ငံအတွင်းသို့ ထပ်မံ၍လည်း လောင်စာဆီများ ရောက်ရှိလာမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူ ကေဒီအာအော်လ်ဂါက ပြောကြားသည်။

ပြီးခဲ့သော သီတင်းပတ်အတွင်းက နိုင်ငံအတွင်း ဒီဇယ်ဆီပြတ်လပ်မှုကြောင့် ဒီဇယ်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ပိတ်ထားရန် လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းအား တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။ ထို့ပြင် သီရိလင်္ကာနိုင်ငံအတွင်း လက်ရှိ လုပ်ငန်းဆောင်ရွက်နေသော ဆေးရုံများအား လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်းမရှိစေရေး ဆောင်ရွက်ပေးရန် သီရိလင်္ကာ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းက အစိုးရအား တောင်းဆိုခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၅၅၇ ဦး ထပ်မံတွေ့ရှိ

ဗန်ကောက် ဖေဖော်ဝါရီ ၂၄

ထိုင်းနိုင်ငံ၌ ပြီးခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၅၅၇ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။

**သေဆုံးသူ ၂၂၇၆၈ ဦးရှိ**

လက်ရှိအချိန်တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂ ဒသမ ၇၉ သန်းကျော် ရှိလာပြီး အဆိုပါ ရောဂါကြောင့် သေဆုံးသူ ၂၂၇၆၈ ဦး ရှိလာကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ရောဂါ စီမံခန့်ခွဲရေးစင်တာမှ ပြောကြားသည်။



ထိုင်းနိုင်ငံအတွင်း ယခုသီတင်းပတ်အစောပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလျှော့ချရေးအတွက် စားသောက်ဆိုင်များတွင် ညစာစားသောက်ခြင်းနှင့် လူစုလူဝေး ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန် တာဝန်ရှိသူများက ညွှန်ကြားချက် ထုတ်ပြန်ခဲ့သည်။ လာမည့်သီတင်းပတ်များအတွင်း နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှုများ ထပ်မံ မြင့်တက်လာနိုင်ကြောင်း ထိုင်းကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ထိုင်းနိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူပြီးသော နိုင်ငံခြားသားများအား လာမည့်လမှစ၍ ကိုဗစ်-၁၉ ဆိုင်ရာ ပြည်တွင်းဝင်ရောက်ခွင့် ကန့်သတ်ချက်များအား ဖြေလျှော့ပေးမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ရောဂါ စီမံခန့်ခွဲရေးစင်တာက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၄၃၀၈၇၈၈၀၆ | ဦး |
| သေဆုံးသူ | ၅၉၄၀၁၅၉ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၃၅၉၅၄၃၅၇၁ | ဦး |

# မိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**အမိန့်ချမှတ်**

ရခိုင်ပြည်နယ် စစ်တွေမြို့ တောင်ချေကျေးရွာနေ ဒေါ်မချေ(ခ) မသန်း၊ မဌေးဌေးစိုး၊ ကျောက်ဖြူမြို့နယ် ငါးလုဝ့ေကျေးရွာနေ ဒေါ်ကြောင်မ၊ မအေးအေးစိုးနှင့် တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့နေ မနီနီကျော်တို့က ရခိုင်ပြည်နယ် စစ်တွေမြို့နေ မ xxx ၁၆နှစ် အား တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားနှင့် လက်ထပ်ပါက ငွေကျပ် သိန်း ၃၀ ရရှိမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားခဲ့ပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် စစ်တွေမြို့မရဲစခန်း(ပ) ၃၈၆/ ၂၀၂၀၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး စစ်တွေခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဖေဖော်ဝါရီ ၂၃ ရက်တွင် တရားခံ ဒေါ်မချေ(ခ) မသန်းအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)/၃၂ အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံနှင့် လိုင်စင်မဲ့မော်တော်ယာဉ် သိမ်းဆည်းရမိ



သိမ်းဆည်းရမိသည့် တရားမဝင်သစ်များကို တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပြည်နယ်သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ကုတ်မြို့နယ်နှင့် အမ်းမြို့နယ်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၇၁ ဒသမ ၇၄၀၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၃၈၄၈၆) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ်အတွင်း တရားမဝင်ကျွန်းတံခါးနှင့် တံခါးအပိုင်းအစ စုစုပေါင်း သုည ဒသမ ၈၉၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၅၀၀) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပြည်နယ်သစ်တောဦးစီးဌာနက ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုဒုံမြို့နယ် မုဒုံ-ချောင်းနှစ်ခွကားလမ်းပေါ်တွင် တရားမဝင် ပျဉ်းကတိုးခွဲသားနှင့် သင်္ကန်းသားတံခါးရွက် စုစုပေါင်း သုည ဒသမ ၈၃၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၄၀၀) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဖေဖော်ဝါရီ ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်အတွင်း Toyota Wish အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀) ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ သာယာဝတီခရိုင် သစ်တောကြိုးဝိုင်းအတွင်း တရားမဝင်သစ်မျိုးစုံ ၁၇ ဒသမ ၄၀၀၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၇၅၀၀) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၂၀ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၁၁၈၈၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# တာမွေ၊ ကျိုင်းတုံနှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၄ နာရီ ၃၅ မိနစ်တွင် တာမွေမြို့နယ် တာမွေကြီး (က+ဂ) ရပ်ကွက် (၁၅၇)လမ်း အမှတ်(၁၅) လေးလွှာရှိ ခင်မောင်စိုး(ခ) အာဂျူမူလ္လာ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ဝမ်ကောင်းကျေးရွာအနီးတွင် အားဖူ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း။

ထို့ပြင် ယင်းနေ့ ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် တာလေမြို့ နားယောင်းကျေးရွာအုပ်စု ပါခါးလုံကျေးရွာရှိ အိုက်လုံ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိရဘဲ ခြံစောင့်ဖြစ်သူရှာမွေလုနှင့် အိုက်လုံခမ်း(ခ) လီဖာတို့နှစ်ဦးကိုတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေး အကြေမှုန့် ၁၄ ကီလို၊ ကဖင်း ၂ ဒသမ ၅ ကီလို၊ ဆေးပြားရိုက်စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများသိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**






# စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ရပ်/ကျေးစာရေး အမျိုးသမီးတစ်ဦးအား ရက်စက်စွာသတ်ဖြတ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ နိုင်ငံတော်အပေါ် သစ္စာစောင့်သို၍ အလုပ်တာဝန်များကို ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား အကြမ်းဖက်သမားများအနေဖြင့် လူအုပ်စုဖွဲ့၍ လက်နက်အားကိုးဖြင့် အနိုင်အထက်ပြုကျင့်ကာ အတင်းအကျပ် CDM ပြုလုပ်စေပြီး CDM ပြုလုပ်ခြင်းမရှိသူ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူလူထုများအား "သူလျှို၊ ဒလန်၊ သတင်းပေး"ဟု စွပ်စွဲကာ ဖမ်းဆီးသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိရာ ဖေဖော်ဝါရီ ၂၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက မင်းကုန်းကျေးရွာနေ ရပ်/ကျေးစာရေး အမျိုးသမီးတစ်ဦးအား ရက်စက်စွာသတ်ဖြတ်ခဲ့ကြောင်း သိရသည်။

**ဓားစာခံဖမ်းဆီးခေါ်ဆောင်**

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရေကန်သာကျေးရွာအုပ်စု ရပ်/ကျေးစာရေးအဖြစ် တာဝန်ထမ်းဆောင်နေသည့် ကျောက်ပြင်သာကျေးရွာအုပ်စု မင်းကုန်းကျေးရွာနေ ဒေါ်နေခြည်မင်း၏ နေအိမ်သို့ လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများသည် လက်နက်များကိုင်ဆောင်ရောက်ရှိလာပြီး ဒေါ်နေခြည်မင်း၏ မောင်ဖြစ်သူအား **"ဒေါ်နေခြည်မင်းအနေဖြင့် အလုပ်မှ CDM ပြုလုပ်ပြီး ကျေးရွာသို့ရောက်ရှိသည့်အချိန်မှ ပြန်လွှတ်ပေးမည်"**ဟု ပြောဆို၍ ဓားစာခံဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

ထိုသို့အကြမ်းဖက်သမားများမှ ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားသည့် မောင်ဖြစ်သူအား ပြန်လည်ခေါ်ယူနိုင်ရေးအတွက် ဒေါ်နေခြည်မင်းသည် ၎င်းတာဝန်ထမ်းဆောင်လျက်ရှိသည့် ရေကန်သာကျေးရွာအုပ်စုမှ ၎င်းနေထိုင်ရာ မင်းကုန်းကျေးရွာသို့ ခွင့်ပြန်သွားခဲ့ပြီး အကြမ်းဖက်သမားများထံမှ မောင်ဖြစ်သူအား ပြန်လည်ခေါ်ယူ၍ ကျေးရွာ၌ ပြန်လည်နေထိုင်ခဲ့သည်။

အဆိုပါဖြစ်စဉ်များကြောင့် ဖေဖော်ဝါရီ ၂၂ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်းကုန်းကျေးရွာသို့ သွားရောက်၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အဆိုပါကျေးရွာနေပြည်သူများက အကြမ်းဖက်သမားများနှင့် တိုက်ပွဲဖြစ်ပွားမည်ကို ကြောက်ရွံ့၍ ထွက်ပြေးတိမ်းရှောင်ခဲ့သော်လည်း ဒေါ်နေခြည်မင်းနှင့် မိသားစုဝင်များမှာ ၎င်းတို့၏ နေအိမ်၌ ဆက်လက်နေထိုင်ခဲ့ကြကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျေးရွာအတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ပြန်လည်ထွက်ခွာသွားပြီးနောက် ယင်းနေ့ညနေပိုင်းတွင် မင်းကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများ ဝင်ရောက်လာပြီး ဒေါ်နေခြည်မင်းအား **"သတင်းပေး၊ ဒလန်"**ဟု စွပ်စွဲကာ ဖမ်းဆီးခေါ်ဆောင်သွားပြီး သတ်ဖြတ်ခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများနှင့် စုံစမ်းစစ်ဆေးမှုများ သွားရောက်ဆောင်ရွက်လျက်ရှိသည်။

**ကျူးလွန်လျက်ရှိ**

အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အပေါ် လိုလားထောက်ခံခြင်းမရှိသူများနှင့် နိုင်ငံ့ဝန်ထမ်းများအား အကြောင်းအမျိုးမျိုးပြ စွပ်စွဲသတ်ဖြတ်ခြင်းများကို ကျူးလွန်လျက်ရှိသဖြင့် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ဝိုင်းဝန်းပူးပေါင်းကာကွယ်သွားကြရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကိုရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြပါရန် သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် မိုးကောင်းမြို့ အိုးတန်းရပ်ကွက်နေ ဆုဝေဖူး (၂၇)နှစ် (ဘ)ဦးအေးကြူသည် ၎င်းအသုံးပြုသည့်"ဆုဝေဖူး" Facebook အကောင့်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နေ နှင်းဖြူဖြူဆွေ သည် ၎င်းအသုံးပြုသည့် "နှင်းဖြူဖြူဆွေ" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရမည်းသင်းမြို့နယ် ဆည်ကြီးအုပ်စု၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်

**ရမည်းသင်း ဖေဖော်ဝါရီ ၂၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ခြင်းကို ယနေ့နံနက်က ရမည်းသင်းမြို့နယ် ဆည်ကြီးအုပ်စု အုပ်ချုပ်ရေးမှူးနေအိမ်၌ ကျင်းပသည်။

**ပေးအပ်**

ယင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ရာ ဆည်ကြီးအုပ်စု၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၀ ပေးအပ်ကြောင်း သိရသည်။



ရမည်းသင်းမြို့နယ်အတွင်း၌ ပန်းခင်းစီမံချက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးခြင်းကို ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ စတင်ခဲ့ပြီး လူဦးရေ ၁၄၇၅၉ ဦး လျာထားရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်ထိ ၁၅၅၈၀ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်၍ ပြီးစီးမှုရာခိုင်နှုန်း ၁၀၅ ဒသမ ၅၆ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

# ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**




ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၆-၂-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၄) အမှတ်(၉)၌ သူငယ်ချင်းကောင်းပီသသော ကိုအေးနှင့် ညိုလေးတို့အကြောင်းကို ရေးဖွဲ့ထားသည့် "အမေ့ကိုပေးလိုက်ပါ"မျက်နှာဖုံး ကာတွန်း၊ ကလေးတို့အနေဖြင့် မြန်မာ့ရိုးရာ လက်မှုလုပ်ငန်းတစ်ခုဖြစ်သည့် ပုသိမ်ထီးလုပ်ငန်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "အမြတ်တနိုးတန်ဖိုးထားထိန်းသိမ်းသွားရမည့် မြန်မာ့ရိုးရာပုသိမ်ထီးလုပ်ငန်း"သုတဆောင်းပါး၊ လူကြီးသူမများ၏ ဆုံးမစကားကိုနာခံကာ မိမိနှင့် သင့်လျော်သောနေရာတွင် နေထိုင်သင့်ကြောင်း တင်ဆက်ထားသည့် "ပါစီလေး၏နေရာ" နှစ်မျက်နှာကာတွန်း၊ တိရစ္ဆာန်လေးများပင်ဖြစ်သော်လည်း ကျေးဇူးရှင်အပေါ်တွင် ကျေးဇူးသိတတ်ပုံကို ရေးဖွဲ့ထားသည့် "သစ္စာရှိသော ငှက်ကလေးတွေ" ပုံပြင်၊ မိခင်၏စကားကို နားမထောင်ဘဲ ကလေးအတွေးဖြင့် မိမိထင်မြင်မိရာကိုလုပ်မိ၍ အမှားနှင့် ကြုံတွေ့ခဲ့ရသော ရွှေဖဲအကြောင်းကို တင်ဆက်ထားသည့် "ရွှေဖဲနှင့်ဖိနပ်တစ်ရန်" တစ်မျက်နှာကာတွန်း၊ ကလေးတို့အနေဖြင့် မိမိတို့ပြုလုပ်နေသောအမှားကို အချိန်မီပြင်ဆင်နိုင်ပါက ကောင်းကျိုးချမ်းသာရနိုင်ပုံကို အတုယူဖွယ် တင်ဆက်ထားသည့် "အခက်ဆုံးအလုပ် အလွယ်ဆုံးဖြစ်စေမည်"ဝတ္ထု၊ မြန်မာ့ရိုးရာ စွန်လွှတ်တမ်းကစားခြင်းသည် အကုန်အကျသက်သာကာ အချိန်မရွေးကစားနိုင်သော ကစားနည်းဖြစ်ကြောင်းကို တင်ဆက်ထားသည့် "ဘေဘီဗွတ်ကလုံ"နှစ်မျက်နှာကာတွန်း၊ ပန်းဆယ်မျိုးအကြောင်းကို ဆွေးနွေးနေကြသော သူငယ်ချင်းနှစ်ယောက်အကြောင်းကို တင်ဆက်ထားသည့် "ရိုးရာပန်းဆယ်မျိုး" နှစ်မျက်နှာကာတွန်း၊ Adjective နှင့် Adverb များအကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၃၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## နမ့်မယ်ခုံဒေသအား အခြေပြု၍ ကယားပြည်နယ် လွိုင်ကော်မြို့၊ မိုးဗြဲမြို့နှင့် ဒီးမော့ဆိုမြို့တို့၏ တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ဖျက်ဆီးနှောင့်ယှက်လျက်ရှိသည့် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများအား သိမ်းပိုက်ရရှိ



☆ နမ့်မယ်ခုံဒေသမှ

လုပ်ဆောင်လာခဲ့သည်။ ၎င်းအပြင် ဒီဇင်ဘာ ၂၄ ရက်တွင် လွိုင်ကော်မြို့ လေဆိပ်တွင် အရပ်ဘက် ခရီးသည်တင် လေယာဉ်အား ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခြင်း၊ အရပ်ဘက် ခရီးသည်တင် မော်တော်ယာဉ်များအား ပစ်ခတ်တိုက်ခိုက်ခြင်း စသော လူအစုလိုက် အပြုံလိုက် သေစေနိုင်သည့် စစ်ရေးမဟုတ်သည့် အရပ်ဘက် ပစ်မှတ်များအထိ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ပြီး ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်သည့် နှစ်(၇၀)ပြည့် ကယားပြည်နယ်နေ့ အခမ်းအနား မတိုင်မီ လွိုင်ကော်မြို့အား သိမ်းပိုက်၍ ကိုယ်တိုင်အစိုးရဖွဲ့ အုပ်ချုပ်နိုင်ရေး Social Media များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ခြိမ်းခြောက်ခဲ့ကာ ဇန်နဝါရီလဆန်းပိုင်းမှစ၍ ဆင်ခြေဖုံးရပ်ကွက်များအတွင်း အကြမ်းဖက်မှုများ တိုးမြှင့်လုပ်ဆောင်လာခြင်းအပြင် ကျန်မြို့ကြီးများ၌လည်း အဝေးမှ ပစ်ခတ်နှောင့်ယှက်ခြင်းများ ပြုလုပ်လာခဲ့သည်။

### ခေတ္တတိမ်းရှောင်ခဲ့ရ

ထိုသို့ဆောင်ရွက်မှုကြောင့် အေးချမ်းစွာ နေထိုင်လိုသော ဒေသခံပြည်သူ အချို့နှင့် ဝန်ထမ်းများအနေဖြင့် တိုက်ပွဲဖြစ်ပွားရာနေရာမှ လွတ်ကင်းရာသို့ ခေတ္တတိမ်းရှောင်ခဲ့ရသည်။ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ဇန်နဝါရီ ၆ ရက်မှစ၍ လွိုင်ကော်မြို့နယ်အတွင်း အဓိကကျသည့် လုံခြုံရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ခဲ့ရာ မိုင်းလုံရပ်ကွက်အတွင်း ပြည်သူလူထုအား လူသားတံတိုင်းအဖြစ် အသုံးချတိုက်ခိုက်လာသည့် အကြမ်းဖက်အဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး ဇန်နဝါရီ ၁၈ ရက်နောက်ပိုင်းမှစ၍ အကြမ်းဖက်အဖွဲ့များ အနေဖြင့် သုံးမြောင်းဆုံ၊ ဘုရားဖြူ၊ နမ့်မယ်ခုံ၊ ဆင်မတောင်ရွာများသို့ အဆင့်ဆင့် ဆုတ်ခွာသွားခဲ့သည်။

၎င်းနောက်ပိုင်း ကယားပြည်နယ် အစိုးရအဖွဲ့၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များနှင့် ဌာနဆိုင်ရာအကြီးအကဲများမှ ခေတ္တတိုက်ပွဲရှောင် ဒေသခံပြည်သူများကို နယ်မြေလုံခြုံရေး အပြည့်အဝ ဆောင်ရွက်ထားပြီးဖြစ်၍ နေရပ်ပြန်လာကြရန် နီးစပ်ရာဆွေမျိုးများမှတစ်ဆင့် ဖိတ်ခေါ်ခဲ့သဖြင့် တိုက်ပွဲတိမ်းရှောင် ပြည်သူများ ဇန်နဝါရီ ၆ ရက်မှစတင်၍ လွိုင်ကော်မြို့အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ရာ ယနေ့အထိ ခေတ္တနေရပ်စွန့်ခွာသူ ၂၄၈၂၇ ဦးမှာ မိမိတို့ နေရပ်အသီးသီး၌ ပြန်လည်ရောက်ရှိပြီးဖြစ်သည်။

### ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့

ဆုတ်ခွာသွားသည့် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နမ့်မယ်ခုံဒေသအား အခြေပြု၍ လွိုင်ကော်မြို့ ပတ်ဝန်းကျင်တစ်ဝိုက်အား အဝေးမှ ပစ်ခတ်နှောင့်ယှက် ခြိမ်းခြောက်မှုများ ပြုလုပ်နေကြောင်း တည်ငြိမ်အေးချမ်းမှုကို လိုလားသော ဒေသခံတို့၏ သတင်းပေးမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေး၊ နယ်မြေစိုးမိုးရေး အသွင်ဖြင့် မိုးဗြဲ၊ ဝါရီဆူပလိုင်း၊ ဝီသဲခူ(တောင်)၊ ဝီသဲခူ(မြောက်)၊ ဘုရားဖြူ၊ ဘုရားနီမှတစ်ဆင့် စစ်ကြောင်းများခွဲ၍ ဝင်ရောက်ကာ လက်နက်ကြီးပစ်ကူ နှင့် လေကြောင်းပစ်ကူ အချို့ရယူ၍ နယ်မြေလုံခြုံရေးနှင့် စိုးမိုးရေးဆောင်ရွက်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ၎င်းတို့အဓိက အခြေပြုနေရာဖြစ်သည့် နမ့်မယ်ခုံ၊ အိုကေကျေးရွာအပြင် အဓိက အခြေပြုသည့် ဆင်မတောင်၊ ဆင်ထီးတောင်နှင့် ဘုရားကုန်းတစ်ဝိုက်တို့ကိုပါ ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့ပြီး ၎င်းတို့ ခိုအောင်းနေထိုင်နိုင်မည့် ပတ်ဝန်းကျင်တစ်ဝိုက်အား ဆက်လက်ရှာဖွေ ဖော်ထုတ်လျက်ရှိသည်။ ဖြစ်စဉ်များတွင် ဖေဖော်ဝါရီ ၁၇ ရက်မှ ယနေ့အထိ ထိတွေ့မှုဖြစ်စဉ် ၂၅ ကြိမ်ဖြစ်ပွားခဲ့ကာ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ အလောင်းအချို့၊ လက်နက်ခဲယမ်းမျိုးစုံနှင့် ဆက်စပ်ပစ္စည်းမျိုးစုံတို့ကို သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်သား အရာရှိ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

### အမြန်ဆုံးပြန်လည် နေထိုင်နိုင်ရေး

တစ်ဆက်တည်းတွင် ကယားပြည်နယ်အစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း တိုက်ပွဲဖြစ်ပွားမှုကြောင့် ခေတ္တတိမ်းရှောင်သွားသည့် ဒေသခံပြည်သူများအား အမြန်ဆုံးပြန်လည်နေထိုင်နိုင်ရေး နီးစပ်ရာဆွေမျိုးများမှတစ်ဆင့် ဖိတ်ခေါ်ထားကြောင်း သိရသည့်အပြင် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ ခြိမ်းခြောက်မှု၊ စည်းရုံးမှုတို့ကြောင့် တရားမဝင် လက်နက်ကိုင်ဆောင်ခဲ့ရသည့် ရွာသူ ရွာသားများကိုလည်း လူသတ်မှု၊ မုဒိမ်းမှု စသော ရာဇဝတ်မှုများ ကျူးလွန်ခဲ့သူများမှအပ ၎င်းတို့နေရပ်များသို့ ပြန်လည်ဝင်ရောက်၍ အေးချမ်းစွာ နေထိုင်လုပ်ကိုင် စားသောက်လိုပါကလည်း မိမိရပ်ရွာရှိ အုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့၍ ခွင့်လွှတ်မှုကို ရယူကြရန်နှင့် လုံခြုံရေးအတွက် အပြည့်အဝတာဝန်ယူကြောင်းကိုလည်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာ ဆွေမျိုး၊ မိသားစုဝင်များမှတစ်ဆင့် အသိပေးအကြောင်းကြားထားကြောင်း သိရှိရသည်။

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် ကယားပြည်နယ်အတွင်း၌ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခဲ့ရာတွင် စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်များမဟုတ်ဘဲ ဘာသာရေးနှင့် သက်ဆိုင်သည့် အဆောက်အအုံ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာအဆောက်အအုံများနှင့် လူနေရပ်ကွက် အဆောက်အအုံများကို အကာအကွယ်ရယူ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း၊ တိုက်ပွဲတွင် ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အသုံးချခဲ့ခြင်းတို့ကိုလုပ်ဆောင်၍ ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခြင်းဖြစ်သောကြောင့် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု ထိခိုက်နစ်နာမှုမရှိစေရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နယ်မြေလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရေးများ ဆောင်ရွက်စဉ်။



နယ်မြေလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရေးများ ဆောင်ရွက်စဉ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တညင်းကုန်း ကုန်စိမ်းလက်ကားဈေးကြီး၌ နေ့စဉ် အရောင်းအဝယ် စည်ကားလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် တညင်းကုန်း လက်ကားဈေးကြီး၌ တောင်ပေါ်နှင့် မြေပြန့်ဒေသတို့မှ ကုန်စည်များ တဖွဲဖွဲဝင်ရောက်လျက်ရှိရာ ရောင်းဝယ်ဖောက်ကားမှုများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ပိတ်ရက်မရှိ ရောင်းချလျက်ရှိ**

နိုင်ငံတကာအဆင့်မီ လက်ကားဈေးသစ်ကြီးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ပထမအဆင့်အနေဖြင့် ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ဈေးရုံလေးရုံတွင် ဆိုင်ခန်းပေါင်း ၅၀၀၀ ဖြင့် ပိတ်ရက်မရှိရောင်းချလျက်ရှိသည်။ အဆိုပါ လက်ကားဈေးကြီးသို့ အောင်ပန်း၊ ဟဲဟိုး၊ ကလော၊ ပင်းတယတို့မှ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ မုန်ညင်းထုပ်၊ မုန်လာဥ၊ ငရုတ်ပွအပါအဝင် ရာသီထွက် ရှမ်းကုန်စိမ်းမျိုးစုံနှင့် သစ်သီးများ၊ တပ်ကုန်းမှ ကုန်စိမ်းမျိုးစုံ၊ ရွှေဘိုမှ ကျောက်ဖရုံသီး၊ ရွှေဖရုံသီး၊ ပြည်၊ သာရဝေါ၊ ပေါင်းတည်၊ နတ်တလင်း၊ ပုတီးကုန်းနှင့် ဇီးကုန်းမှ ကုန်စိမ်းနှင့် အသီးအနှံများ၊ မြန်မာပြည်အလယ်ပိုင်း မိတ္ထီလာ၊ မြင်းခြံ၊ မြင်းမူ၊ ဆိတ်ဖြူမြို့တို့မှ ကြက်သွန်၊ အာလူးနှင့် ဆီ၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဆန်နှင့် ငါးပိ၊ ငါးခြောက်မျိုးစုံ၊ တောင်သူများကိုယ်တိုင်စိုက်ပြီး တိုက်ရိုက်ခူးဆွတ်ရောင်းချသည့် ညောင်နှစ်ပင်၊ ကြာကန်၊ တိုက်ကြီး၊ မှော်ဘီ၊ လှော်ကား၊ ထောက်ကြံ့၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ မအူပင်၊ တွံတေး၊ ဘောလည်နှင့် ညောင်တုန်းမြို့တို့မှ မုန်ညင်း၊ ဟင်းနုနယ်၊ ချဉ်ပေါင်၊ သခွား၊ ခရမ်းသီး၊ ဘူးသီးအပါအဝင် ဟင်းသီးဟင်းရွက်မျိုးစုံ ဝင်ရောက်လျက်ရှိသည်။

**တန်ဖိုးမြှင့်ပေးချင်**

"ဒီဈေးကြီးကိုဝင်လာတာနဲ့ လိုအပ်တဲ့ ကုန်အားလုံးတစ်နေရာတည်းမှာရရှိဖို့ ရည်ရွယ်ထားပါတယ်။ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူတွေ အပါအဝင် စိုက်ပျိုးတောင်သူတွေကို တန်ဖိုးမြှင့်ပေးချင်တာပါ။ စားသုံးသူများအနေနဲ့လည်း သန့်ရှင်းလတ်ဆပ်တဲ့ ဟင်းသီးဟင်းရွက်နဲ့ သီးနှံများကို ဈေးနှုန်းချိုချိုနဲ့ တစ်နေရာတည်းမှာရဖို့ ဝန်ဆောင်မှုပေးထားပါတယ်။ ရန်ကုန်မြို့က ပြည်သူတွေ စားသောက်ကုန်ဝယ်ယူရာမှာ အထောက်အပံ့ဖြစ်စေတဲ့ ဈေးဖြစ်တဲ့အတွက် အေးချမ်းလွတ်လပ်စွာ ဝယ်ယူနိုင်ပါတယ်။ ပြီးတော့ ဈေးကို ကိုဗစ်စည်းကမ်းနဲ့အညီ နံနက် ၄ နာရီကနေ ည ၉ နာရီထိ ဖွင့်လှစ်ရောင်းချပေးနေပါတယ်"ဟု တညင်းကုန်းလက်ကားဈေးစီမံခန့်ခွဲရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ နိုင်ငံတကာအဆင့်မီ လက်ကားဈေးကြီး တည်ဆောက်နိုင်ရန် နိုင်ငံတကာရှိ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ဈေးရှိရာ နိုင်ငံပေါင်း ခြောက်နိုင်ငံသို့ သွားရောက်လေ့လာပြီးနောက် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တညင်းကုန်းဘူတာကြီးနှင့်ကပ်လျက်ရှိသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံဈေးကြီးတွင် တစ်ရက်လျှင် ကုန်တင်ယာဉ် ၃၀၀၀ ကျော်၊ ဈေးသူ ဈေးသား ၁၂၀၀ ခန့်နှင့် ဈေးဝယ် ၅၀၀၀၀ မှ ၇၀၀၀၀ ကြား ဝင်ရောက်လျက်ရှိကာ တစ်ရက်လျှင် ကုန်စိမ်းတန်ချိန် ၇၀၀၀ နှင့် ကုန်ခြောက်မျိုးစုံတန်ချိန် ၃၀၀၀ ခန့် ရောင်းချပေးလျက်ကြောင်း၊ နိုင်ငံတကာအဆင့်မီ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်လက်ကားဈေးကြီးတွင် ဈေးဝယ် ဈေးသယ်တို့ဖြင့် နေ့စဉ် အရောင်းအဝယ် စည်ကားလျက်ရှိကြောင်း သိရသည်။



တညင်းကုန်းကုန်စိမ်းလက်ကားဈေးကြီးတွင် ဈေးဝယ်၊ ဈေးသည်များဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူ ဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်(လေ)မှ လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်အအေးခန်း၌ ထားရှိသောဆေးတစ်လုံးလျှင် လူ ၁၀ ဦး ထိုးနှံနိုင်သော Covaxin နှင့် ဆေးတစ်လုံးလျှင် လူ ၁၁ ဦး ထိုးနှံနိုင်သော Covishield အမှတ်တံဆိပ် ကာကွယ်ဆေးများကို ယနေ့တွင် ပို့ဆောင်ပေးရာ ချင်းပြည်နယ် မတူပီမြို့သို့ Covaxin ၈၀၀၊ Covishield ၁၃၈ လုံး၊ မင်းတပ်မြို့သို့ Covaxin ၃၀၀၊ Covishield ၁၀၈ လုံး၊ ကန်ပက်လက်မြို့သို့ Covishield ၄၄ လုံး၊ ပလက်ဝမြို့သို့ Covaxin ၂၀၀၊ Covishield ၃၁၃ လုံး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ Covaxin ၇၀၀ နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ Covaxin ၂၅၀၀ တို့ကို Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများနှင့် မြန်မာ့လေကြောင်းလိုင်း MNA တို့ဖြင့် ပို့ဆောင်ပေးခဲ့ပြီး တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ပေါ်တူဂီနိုင်ငံ)

**နိဒါန်း**

ပေါ်တူဂီနိုင်ငံ (Portuguese Republic) သည် ဥရောပတိုက်၏ အနောက်တောင်ဘက်အခြမ်းရှိ အိုင်ဘေးရီးယန်းကျွန်းဆွယ်(Iberian Peninsula) ၏ အနောက်ဘက်ကမ်းရိုးတန်းတွင် တည်ရှိပါသည်။ အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ Azores နှင့် Madeira ကျွန်းစုတို့သည်လည်း ပေါ်တူဂီနိုင်ငံပိုင်နက်တွင် ပါဝင်ပြီး အရှေ့ဘက်နှင့်တောင်ဘက်တွင် စပိန်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါသည်။ ဥရောပတိုက်၏ အနောက်ဘက်အစွန်အဖျားပိုင်းတွင် တည်ရှိသည့်နိုင်ငံဖြစ်သည့်အားလျော်စွာ နိုင်ငံ၏အနောက်ဘက်နှင့်တောင်ဘက်ပိုင်းသည် အတ္တလန္တိတ်သမုဒ္ဒရာဖြင့် ကပ်လျက်ရှိပါသည်။ ဧရိယာအကျယ်အဝန်းအားဖြင့် ၃၅၆၀၈ စတုရန်းမိုင် ( ၉၂၂၂၅ စတုရန်းကီလိုမီတာ) ရှိပြီး ခန့်မှန်းလူဦးရေ ၁၀၃၀၁၀၀၀ (၂၀၂၁ ခုနှစ်စာရင်းအရ) ရှိပါသည်။ မြို့တော်မှာ လစ်စဘွန်း (Lisbon) ဖြစ်ပြီး ရုံးသုံးဘာသာမှာ ပေါ်တူဂီဘာသာစကားဖြစ်ပါသည်။ ကိုးကွယ်ယုံကြည်မှုအနေဖြင့် ရိုမန်ကတ်သလစ်ဘာသာကို အများဆုံးကိုးကွယ်ကြပါသည်။

**နိုင်ငံရေးစနစ်**

ပေါ်တူဂီနိုင်ငံသည် ၁၉၁၀ ပြည့်နှစ်တွင် King Manuel II ကို ဖြုတ်ချခဲ့ပြီး သမ္မတနိုင်ငံကို ထူထောင်ခဲ့ပါသည်။ ၁၉၇၆ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး လက်ရှိတွင် Semi–Presidential System ကျင့်သုံးလျက်ရှိပါသည်။ သမ္မတသည် နိုင်ငံ၏အကြီးအကဲနှင့် စစ်ဦးစီးချုပ်ဖြစ်ပြီး Absolutely Majority System ဖြင့် ပြည်သူလူထုက တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်းဖြစ်ပါသည်။ သက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး တစ်ဆက်တစ်စပ်တည်း နှစ်ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခွင့်မရှိပါ။ ဝန်ကြီးချုပ်ကိုမူ ပါလီမန်လွှတ်တော်၏ထောက်ခံမှုဖြင့် သမ္မတက ခန့်အပ်ခြင်းဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရအဖွဲ့ (Council of Ministers/ Cabinet) သည် ပေါ်တူဂီနိုင်ငံ၏မူဝါဒများကို ချမှတ်သည့်အဖွဲ့အစည်းဖြစ်ပါသည်။ ယင်းအစိုးရအဖွဲ့ကို ဝန်ကြီးချုပ်က ဦးဆောင်၍ သက်ဆိုင်ရာအစိုးရဌာနအသီးသီးမှ ဝန်ကြီးများ၊ အတွင်းရေးမှူးများ (ဝန်ကြီးမခန့်အပ်သည့်ဌာနများအတွက်) ပါဝင်ပါသည်။ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့အစည်းယန္တရား၏ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သမ္မတအားတာဝန်ခံရသကဲ့သို့ မူဝါဒရေးရာပိုင်းနှင့် စပ်လျဉ်း၍ လွှတ်တော်အား တာဝန်ခံရပါသည်။ တစ်နည်းအားဖြင့် ဝန်ကြီးချုပ်သည် မူဝါဒများကို ဟန်ချက်ညီညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဦးဆောင်ကွပ်ကဲရသည့် ဝန်ကြီးဌာနအားလုံး၏အကြီးအမှူး (Head of the civil service) ဖြစ်ပါသည်။

**ပါလီမန်လွှတ်တော် (Assembleia da República/ Assembly of the Republic)**

ပေါ်တူဂီနိုင်ငံတွင် လွှတ်တော်တစ်ရပ်သာရှိပြီး နိုင်ငံသားအားလုံးကို ကိုယ်စားပြုပါသည်။ သက်တမ်းမှာ လေးနှစ်ဖြစ်ပြီး အချိုးကျကိုယ်စားပြုစနစ် (Proportional Representation System – Closed List) ဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ခြင်းဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်အရေအတွက်မှာ အတိအကျမရှိဘဲ ၁၈၀ မှ ၂၃၀ အကြား ရွေးကောက်တင်မြှောက်နိုင်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။ လက်ရှိလွှတ်တော်တွင် ကိုယ်စားလှယ် ၂၃၀ ရှိပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့ရွေးချယ်တင်မြှောက်ခြင်းခံရသော မဲဆန္ဒနယ်ကို ကိုယ်စားပြုခြင်းမျိုးမဟုတ်ဘဲ ပေါ်တူဂီနိုင်ငံတစ်ခုလုံးကို ကိုယ်စားပြုခြင်းဖြစ်ပါသည်။ နိုင်ငံတွင်းမဲဆန္ဒနယ် ၁၈ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ် နှစ်ခုဖြစ်သည့် Azores နှင့် Madeira ကျွန်းစုတို့အတွက် မဲဆန္ဒနယ် နှစ်နယ်၊ နိုင်ငံပြင်ပမဲဆန္ဒနယ် နှစ်ခု (ဥရောပတိုက်အတွင်းနေထိုင်သည့် ပေါ်တူဂီနိုင်ငံသားများအတွက် မဲဆန္ဒနယ်တစ်ခုနှင့် ဥရောပတိုက်ပြင်ပတွင်နေထိုင်သည့် ပေါ်တူဂီနိုင်ငံသားများအတွက် မဲဆန္ဒနယ်တစ်ခု) စုစုပေါင်း မဲဆန္ဒနယ် ၂၂ ခုရှိပါသည်။ နိုင်ငံပြင်ပမဲဆန္ဒနယ်နှစ်ခုအတွက် လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးစီ သတ်မှတ်ထားပြီး ကျန်မဲဆန္ဒနယ် ၂၀ ၏ လွှတ်တော်ကိုယ်စားလှယ်အရေအတွက်မှာ မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်အရေအတွက်ပေါ်မူတည်၍ ဆုံးဖြတ်ခြင်းဖြစ်ပါသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပမည့် ပါလီမန်လွှတ်တော်ရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်အလိုက် ရရှိမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | ခရိုင် | ရရှိမည့်လွှတ်တော်ကိုယ်စားလှယ်အရေအတွက် | Map |
|---|---|---|---|
| ၁ | Lisbon | 48 | |
| ၂ | Porto | 40 | |
| ၃ | Braga | 19 | |
| ၄ | Setúbal | 18 | |
| ၅ | Aveiro | 16 | |
| ၆ | Leiria | 10 | |
| ၇ | Coimbra | 9 | |
| ၈ | Faro | 9 | |
| ၉ | Santarém | 9 | |
| ၁၀ | Viseu | 8 | |
| ၁၁ | Madeira | 6 | |
| ၁၂ | Viana do Castelo | 6 | |
| ၁၃ | Azores | 5 | |
| ၁၄ | Vila Real | 5 | |
| ၁၅ | Castelo Branco | 4 | |
| ၁၆ | Beja | 3 | |
| ၁၇ | Bragança | 3 | |
| ၁၈ | Évora | 3 | |
| ၁၉ | Guarda | 3 | |
| ၂၀ | Portalegre | 2 | |
| ၂၁ | Europe | 2 | |
| ၂၂ | Outside Europe | 2 | |
| | Total | 230 | |




လွှတ်တော်၌ နေရာခွဲဝေရာတွင် D’Hondt method ဖြင့် တွက်ချက်ခြင်းဖြစ်ပြီး ထူးခြားချက်မှာ အနိမ့်ဆုံးရရှိရမည့်ထောက်ခံမဲရာခိုင်နှုန်း (Threshold) သတ်မှတ်ထားခြင်းမရှိပါ။

**လွှတ်တော်ကိုယ်စားလှယ်လောင်းအရည်အချင်း သတ်မှတ်ချက်**

မဲဆန္ဒရှင်စာရင်းတွင်မှတ်ပုံတင်ထားသော ပေါ်တူဂီနိုင်ငံသားများသည် လွှတ်တော်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ သို့သော် အောက်ဖော်ပြပါပုဂ္ဂိုလ်များအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိပါ–

(က) နိုင်ငံတော်သမ္မတ၊

(ခ) လက်ရှိတာဝန်ထမ်းဆောင်ဆဲ တရားသူကြီးများနှင့် အစိုးရရှေ့နေများ၊

(ဂ) အပိုဒ် (ခ) တွင် မပါဝင်သော်လည်း ရွေးကောက်ပွဲအတွက်ဖြစ်စေ၊ အစိုးရကိစ္စရပ်တစ်ခုခုကြောင့်ဖြစ်စေ ခန့်အပ်ခြင်းခံထားရသော တရားသူကြီးများ၊

(ဃ) အချိန်ပြည့် တာဝန်ထမ်းဆောင်နေသော တပ်မတော်သားများနှင့် လက်ရှိတွင် စစ်မှုထမ်းနေသည့်ပုဂ္ဂိုလ်များ၊

(င) လက်ရှိတာဝန်ထမ်းဆောင်ဆဲ သံတမန်များ၊

(စ) အပိုဒ် (င) တွင် မပါဝင်သော်လည်း လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းပြီးသည့်နောက်တွင် သံတမန်ရေးရာလုပ်ငန်းများကို ဆောင်ရွက်နေသည့်ပုဂ္ဂိုလ်များ၊

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ။

ထို့ပြင် အခွန်ရုံးများတွင် တာဝန်ထမ်းဆောင်နေသည့် ညွှန်ကြားရေးမှူးများ၊ အကြီးအကဲများ၊ တရားစီရင်ခွင့်အာဏာကိုပိုင်ဆိုင်ထားသော ခရစ်ယာန်ဘုန်းတော်ကြီး၊ အခြားဘာသာများမှ ဘာသာရေးခေါင်းဆောင်များသည် မိမိတို့တာဝန်ဝတ္တရားများဆောင်ရွက်ရာ မဲဆန္ဒနယ်အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိချေ။ နိုင်ငံသားနှစ်မျိုးခံယူထားသော (Dual Citizenship) ပေါ်တူဂီနိုင်ငံသားများအနေဖြင့်လည်း ၎င်းတို့နေထိုင်ရာနိုင်ငံရှိ နိုင်ငံပြင်ပမဲဆန္ဒနယ်အပါအဝင် မည်သည့်မဲဆန္ဒနယ်တွင်မျှ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိပါ။ ပြည်သူ့ဝန်ထမ်းများသည် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ခွင့်ပြုချက်တောင်းခံရန် မလိုအပ်ပါ။

လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရန် ပြည်သူ့ဝန်ထမ်းဖြစ်စေ၊ ပုဂ္ဂလိကဝန်ထမ်းဖြစ်စေ မည်သူမဆို အထူးခွင့်ပြုချက်အနေဖြင့် ရွေးကောက်ပွဲကျင်းပသည့်နေ့မတိုင်မီ ရက်ပေါင်း ၃၀ အတွင်း တာဝန်ထမ်းဆောင်နေသည်ဟု ယူဆပြီး လုပ်ခလစာအပါအဝင် အခြားခံစားခွင့်အားလုံးကို ခံစားခွင့်ရရှိပါသည်။

**မဲဆန္ဒရှင်စာရင်းမှတ်ပုံတင်ခြင်းနှင့် ဆန္ဒမဲပေးပိုင်ခွင့်**

ပေါ်တူဂီနိုင်ငံသားများသည် မဲဆန္ဒရှင်စာရင်းတွင်မှတ်ပုံတင်ရန် တာဝန်ရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။ သို့ရာတွင် ဆန္ဒမဲပေးခြင်း/မပေးခြင်းသည် မဲဆန္ဒရှင်၏ သဘောဆန္ဒအလျောက်သာဖြစ်ကြောင်းကိုလည်း အတိအလင်းပြဋ္ဌာန်းထားပါသည်။

မဲပေးပိုင်ခွင့်ရှိသူတစ်ဦး၏ အရည်အချင်းသတ်မှတ်ချက်အနေဖြင့် မဲဆန္ဒရှင်စာရင်းတွင်မှတ်ပုံတင်ထားသော၊ အသက် (၁၈) နှစ်ပြည့်ပြီးသည့် နိုင်ငံသားများအားလုံး (ပေါ်တူဂီနိုင်ငံတွင်း၌ဖြစ်စေ၊ မကာအို၌ဖြစ်စေ၊ နိုင်ငံပြင်ပတွင်ဖြစ်စေ နေထိုင်သူများ) ဆန္ဒမဲပေးပိုင်ခွင့်ရှိပါသည်။ ထို့ပြင် အခြားနိုင်ငံသားအဖြစ်ခံယူထားသည့် ပေါ်တူဂီနိုင်ငံသားများသည်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိကြောင်း နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအကျပြဋ္ဌာန်းထားပါသည်။

စောင့်ကြည့်ရမည့်အခြေအနေမဟုတ်သည့်တိုင် ကာယကံရှင်ကိုယ်တိုင်က စိတ်ပိုင်းဆိုင်ရာပြန်လည်ကုစားနေရသည်ဟု ဝန်ခံထားသော သို့မဟုတ် စိတ်ပိုင်းဆိုင်ရာပြင်းထန်စွာထိခိုက်ဒဏ်ရာရှိထားသည်ဟု ဆရာဝန်နှစ်ဦးက အတည်ပြုလက်မှတ်ရေးထားသောပုဂ္ဂိုလ်၊ တရားရုံး၏အပြီးသတ်ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေရသော နိုင်ငံရေးဆိုင်ရာအခွင့်အရေးများကို ပိတ်ပင်တားမြစ်ခြင်းခံထားရသည့်သူများအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်မရှိပါ။

**မဲရုံသတ်မှတ်ခြင်း**

ပေါ်တူဂီနိုင်ငံတွင်း၌ဖြစ်စေ၊ နိုင်ငံပြင်ပ၌ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် (Citizen Card) တွင် ဖော်ပြပါရှိသည့်လိပ်စာအရ ဆန္ဒမဲပေးရမည့်နေရာကို သတ်မှတ်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နေရပ်လိပ်စာအပြောင်းအလဲရှိပါက ရွေးကောက်ပွဲမကျင်းပမီ ရက်ပေါင်း ၆၀ ကြိုတင်၍ Update ပြုလုပ်ရန် လိုအပ်ပါသည်။ မဲရုံတည်နေရာကို Online မှသော်လည်းကောင်း၊ SMS မှသော်လည်းကောင်း သိရှိနိုင်ပါသည်။

စီရင်စု (Parish) တစ်ခုတွင် မဲရုံတစ်ရုံထားရှိပြီး မဲဆန္ဒရှင် ၁၀၀၀ ထက်ကျော်လွန်သည့် စီရင်စုဖြစ်ပါက လိုအပ်သလို မဲရုံအရေအတွက်ကို တိုးချဲ့သတ်မှတ်ပါသည်။ နိုင်ငံပြင်ပတွင်မူ မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင် ၅၀၀၀ နှင့်အထက်သည် ရွေးကောက်ပွဲနေ့တွင် ကိုယ်တိုင်ကိုယ်ကျလာရောက်၍ မဲပေးမည်ဆိုပါက မဲရုံဖွင့်လှစ်နိုင်ပါသည်။

**ဆန္ဒမဲပေးခြင်း**

ပါလီမန်လွှတ်တော်ရွေးကောက်ပွဲများကို တနင်္ဂနွေနေ့ သို့မဟုတ် အစိုးရရုံးပိတ်ရက်၌ ကျင်းပပါသည်။ မဲရုံဖွင့်ချိန်မှာ နံနက် ၈ နာရီဖြစ်ပါသည်။ ဆန္ဒမဲပေးရာတွင် မဲဆန္ဒရှင်များသည် သက်ဆိုင်ရာမဲရုံသို့သွားရောက်၍

**စာမျက်နှာ ၁၉ သို့**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း



နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်ရှိ မာန်အောင် ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဝဲပုံစာသင်တိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ မြို့ဦးကျောင်းတိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ရွှေမြယာ ကျောင်းတိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် ကလောမြို့နယ်ရှိ မြို့အေးကျောင်းတိုက်သို့ လည်းကောင်း၊ ဧရာဝတီ တိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ မိတ္ထီလာကျောင်းတိုက်သို့ လည်းကောင်း သွားရောက်၍ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းခဲ့ ကြကြောင်း သိရသည်။

သတင်းစဉ်

# မကွေးတိုင်းဒေသကြီး သမဝါယမကဏ္ဍမှ စပါးဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်

မကွေး ဖေဖော်ဝါရီ ၂၄

သမဝါယမကဏ္ဍမှ စပါးဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီးအတွင်းရှိ အောင်လံ၊ ပွင့်ဖြူနှင့် မင်းဘူးမြို့နယ်တို့မှ သမဝါယမအသင်းများက တောင်သူများ စိုက်ပျိုးထားသည့် မနောသုခစပါးတင်း ၉၀၀၊ ရတနာတိုးစပါးတင်း ၆၀၀ နှင့် ဧည့်မထစပါးတင်း ၅၀၀ စုစုပေါင်းစပါးတင်း ၂၀၀၀ ကို ဝယ်ယူခဲ့သည်။

ထိုသို့ စပါးဝယ်ယူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် စပါးများရောင်းချရာတွင် သင့်တင့်မျှတသောဈေးနှုန်းများရရှိကာ တောင်သူများ၏စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■ စာမျက်နှာ ၁၈ မှ

နိုင်ငံသားစိစစ်ရေးကတ် (Citizen Card/ Identification Card) ကို မဲရုံမှူးထံပြသပြီး ဆန္ဒမဲလက်မှတ်ထုတ်ယူနိုင်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒမဲလက်မှတ်တွင် ပါဝင်သောနိုင်ငံရေးပါတီများ (ညွန့်ပေါင်းပါတီများအပါအဝင်) အနက် မိမိတို့ကြိုက်နှစ်သက်ရာ နိုင်ငံရေးပါတီ၏နံဘေးရှိ စတုရန်းကွက်တွင် (×) အမှတ်အသားခြစ်၍ ဆန္ဒပြုနိုင်ပါသည်။ ထို့နောက် ဆန္ဒမဲပုံးအတွင်း ထည့်နိုင်ရေးအတွက် ဆန္ဒပြုပြီးသော မဲလက်မှတ်ကို လေးခေါက်ချိုး၍ မဲရုံမှူးထံ အပ်နှံရမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲနေ့တွင် အကြောင်းအမျိုးမျိုးကြောင့် မဲရုံတွင် ဆန္ဒမဲပေးရန်အခက်အခဲရှိသော အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ကြိုတင်ဆန္ဒမဲပေးနိုင်ပါသည်-

(က) မိမိတို့တာဝန်ဝတ္တရားများကြောင့် မဲရုံများသို့ မသွားရောက်နိုင်သည့် တပ်မတော်သားများ၊ နိုင်ငံတော်လုံခြုံရေးတာဝန်ယူထားသောအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် မီးသတ်သမားများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊

(ခ) ပင်လယ်ရေကြောင်းသွားလာမှု၊ လေကြောင်းသွားလာမှု၊ ရထားလမ်း၊ အဝေးပြေးလမ်းများနှင့် ဆက်စပ်လုပ်ကိုင်နေကြသောပုဂ္ဂိုလ်များ၊

(ဂ) ဆေးရုံတက်ရောက်နေကြသည့်ပုဂ္ဂိုလ်များ၊

(ဃ) ဖမ်းဆီးချုပ်နှောင်သူများ သို့မဟုတ် ထောင်ဒဏ်ကျခံနေရသော်လည်း နိုင်ငံရေးဆိုင်ရာအခွင့်အရေးများ ပိတ်ပင်တားမြစ်ခြင်းမခံရသူများ၊

(င) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ပြိုင်ပွဲဝင်ရန် နိုင်ငံပြင်ပသို့ရောက်ရှိနေသော နိုင်ငံကိုယ်စားပြုအားကစားသမားများ၊

(စ) အကြောင်းအမျိုးမျိုးကြောင့် ရွေးကောက်ပွဲနေ့တွင် မဲရုံသို့ လာရောက်၍ ဆန္ဒမဲမပေးနိုင်သည့်ပုဂ္ဂိုလ်များ၊

(ဆ) မဲဆန္ဒရှင်စာရင်းတွင် မှတ်ပုံတင်ထားသည့်နေရာမဟုတ်ဘဲ အခြားခရိုင်တစ်ခုသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်သို့မဟုတ် ကျွန်းစုတစ်ခုတွင် ပညာသင်ကြားနေသည့်ကျောင်းသားများ၊

(ဇ) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ပြည်ပသို့သွားရောက်တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများ၊

(ဈ) လူသားချင်းစာနာမှုအဖွဲ့ (Humanitarian Mission) ဖြင့် နိုင်ငံပြင်ပသို့ သွားရောက်နေသည့် ဆရာဝန်များ၊ သူနာပြုများနှင့် အခြားပုဂ္ဂိုလ်များ၊

(ည) နိုင်ငံပြင်ပတွင် ပညာသင်ကြားနေသည့် ကျောင်းသားများ၊ သုတေသနပညာရှင်များ၊

(ဋ) နိုင်ငံပြင်ပတွင် ဆေးကုသခွင့်ခံယူနေသူများ၊ ၎င်းနှင့်အတူလိုက်ပါသွားကြသည့် ပုဂ္ဂိုလ်များ၊

(ဌ) အထက်ဖော်ပြပါပုဂ္ဂိုလ်များနှင့်အတူ လိုက်ပါသွားကြသည့် မိသားစုဝင်များ။

**မဲဆန္ဒရှင်အသိပညာပေးခြင်း**

National Election Commission သည် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ၊ ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ Radiotelevisão Portuguesa၊ Radiodifusão Portuguesa၊ စာနယ်ဇင်းအစရှိသည်ဖြင့် ပြည်သူလူထုထံ သတင်းအချက်အလက်များ ရောက်ရှိနိုင်မည့်နည်းလမ်းမျိုးစုံကို အသုံးပြု၍ ပြည်သူလူထုအား မဲဆန္ဒရှင်အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

**ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲသည့်အဖွဲ့အစည်း**

ပေါ်တူဂီနိုင်ငံ၏ National Election Commission သည် အမှီအခိုကင်းမဲ့စွာ သီးခြားလွတ်လပ်စွာ ရပ်တည်နေသည့်အဖွဲ့အစည်းဖြစ်ပါသည်။ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် ၁၀ ဦးပါဝင်ပြီး သက်တမ်းမှာ နောင်ရွေးကောက်ပွဲကော်မရှင်က ကျမ်းသစ္စာကျိန်ဆိုသည့်အချိန်ထိဖြစ်ပါသည်။

ဥက္ကဋ္ဌသည် Supreme Counsel of Magistrates က ခန့်အပ်သည့် တရားလွှတ်တော်ချုပ်မှ တရားသူကြီးဖြစ်ပါသည်။ အဖွဲ့ဝင်များမှာ လွှတ်တော်တွင် နေရာရရှိထားသည့် နိုင်ငံရေးပါတီများ၏ အဆိုပြုတင်သွင်းသော အမည်စာရင်းများအနက်မှ ရွေးချယ်ခန့်အပ်ခြင်းဖြစ်ပါသည်။ ထို့အပြင် ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြန်ကြားဆက်သွယ်ရေးဝန်ကြီးဌာန (Mass Media Department) တို့မှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်ပါသည်။

National Election Commission အနေဖြင့် မဲဆန္ဒရှင်ပြည်သူများ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ နားလည်သဘောပေါက်စေရန် အသိပညာပေးခြင်း (အထူးသဖြင့် Mass Media များမှတစ်ဆင့် ဆောင်ရွက်ခြင်း)၊ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ နိုင်ငံသားတိုင်း တစ်ပြေးညီဖြစ်စေရန် ဆောင်ရွက်ခြင်း၊ မဲဆွယ်စည်းရုံးသည့်ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်အားလုံး တန်းတူညီမျှ ဟောပြောစည်းရုံးနိုင်ရေးနှင့် မဲဆွယ်နိုင်ရေးတို့အတွက် ဆောင်ရွက်ပေးခြင်း၊ တီဗွီ၊ ရေဒီယိုများမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဟောပြောစည်းရုံးရာတွင် အချိန်ခွဲဝေသတ်မှတ်ပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ရန်ပုံငွေနှင့် အသုံးစရိတ်ကြီးကြပ်ခြင်း၊ ရွေးကောက်ပွဲရလဒ်များကို ထုတ်ပြန်ခြင်း၊ ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းထားသည့် တာဝန်များကို ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

National Election Commission အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်း၊ ဝန်ကြီးဌာနများထံ လိုအပ်ပါက အကူအညီတောင်းခံနိုင်သည့် အခွင့်အာဏာရှိပါသည်။

> **ပေါ်တူဂီနိုင်ငံသည် ၁၉၁၀ ပြည့်နှစ်တွင် King Manuel II ကို ဖြုတ်ချခဲ့ပြီး သမ္မတနိုင်ငံကို ထူထောင်ခဲ့ပါသည်။ ၁၉၇၆ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး လက်ရှိတွင် Semi-Presidential System ကျင့်သုံးလျက်ရှိပါသည်။ သမ္မတသည် နိုင်ငံ၏အကြီးအကဲနှင့် စစ်ဦးစီးချုပ်ဖြစ်ပြီး Absolutely Majority System ဖြင့် ပြည်သူလူထုက တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်းဖြစ်ပါသည်။ သက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး တစ်ဆက်တစ်စပ်တည်း နှစ်ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခွင့်မရှိပါ။ ဝန်ကြီးချုပ်ကိုမူ ပါလီမန်လွှတ်တော်၏ထောက်ခံမှုဖြင့် သမ္မတက ခန့်အပ်ခြင်းဖြစ်**

**တွေ့ရှိချက်**

မဲဆန္ဒရှင်များသည် မိမိတို့ကိုယ်တိုင် မဲဆန္ဒရှင်စာရင်းတွင်မှတ်ပုံတင်ရန် တာဝန်ရှိသည့်အပြင် နိုင်ငံတွင်း၌ဖြစ်စေ၊ နိုင်ငံပြင်ပ၌ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် (Citizen Card) တွင် ဖော်ပြပါရှိသည့် လိပ်စာပေါ်မူတည်၍ ဆန္ဒမဲပေးရမည့်နေရာကို သတ်မှတ်ခြင်းဖြစ်သည့်အတွက် မဲဆန္ဒရှင်စာရင်း ဖောင်းပွခြင်းမရှိသဖြင့် ပြည့်စုံမှန်ကန်သောမဲဆန္ဒရှင်စာရင်းကို ရရှိစေနိုင်ပါသည်။

ထို့ပြင် နိုင်ငံရေးပါတီအင်အား ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ တန်းတူညီမျှလုပ်ငန်းများ ဆောင်ရွက်ခွင့်နှင့် ယှဉ်ပြိုင်ခွင့်ပေးထားသည့်အပြင် အနိမ့်ဆုံးရရှိရမည့် ထောက်ခံမဲရာခိုင်နှုန်း (Threshold) သတ်မှတ်ထားခြင်းမရှိသည့်အတွက် နိုင်ငံရေးပါတီငယ်များပင်လျှင် ထောက်ခံမဲတစ်ရာခိုင်နှုန်းနှင့်အထက်ရရှိပါက လွှတ်တော်တွင် နေရာတစ်နေရာရရှိနိုင်သည်ကိုတွေ့ရှိရပါသည်။

**နိဂုံး**

ပေါ်တူဂီသည် ၁၉၇၀ ပြည့်လွန်နှစ်များနှောင်းပိုင်းတွင် ဒီမိုကရေစီစနစ်သို့ ပြန်လည်ရောက်ရှိ ကျင့်သုံးချိန်မှစ၍ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများမှတစ်ဆင့် နိုင်ငံရေးပါတီများအကြား ငြိမ်းချမ်းသောအာဏာလွှဲပြောင်းမှုပုံစံကို ခိုင်မာစွာတည်ဆောက်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ လက်ရှိလွှတ်တော်ကိုယ်စားလှယ်များတွင် အမျိုးသမီးပါဝင်မှု ၃၈ ရာခိုင်နှုန်းရှိပြီး သုံးဦးမှာ အာဖရိကန္ွယ်ဖွားအမျိုးသမီးများဖြစ်ကြပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် အဆိုပါ အာဖရိကန္ွယ်ဖွား အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် သုံးဦးသည် လူမျိုးရေးခွဲခြားမှုနှင့် တွေ့ကြုံခဲ့ရသော်လည်း တိုင်းရင်းသားလူနည်းစုများနှင့် အမျိုးသမီးများသည် နိုင်ငံရေးဆိုင်ရာအခွင့်အရေးအပြည့်အဝရရှိကြပြီး နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်ကို စစ်တမ်းများအရ လေ့လာသိရှိရပါသည်။ ပေါ်တူဂီနိုင်ငံ၏ (၁၅) ကြိမ်မြောက် ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၃၀ ရက် တနင်္ဂနွေနေ့တွင် ကျင်းပခဲ့ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

ရည်ညွှန်းကိုးကား

https://www.parlamento.pt/sites/EN/Parliament/Documents/Constitution7th.pdf

https://www.parlamento.pt/sites/EN

https://www.parlamento.pt/sites/EN/Parliament

https://o.nsd.no/european_election_database/country/portugal/parliamentary_elections.html

https://aceproject.org/ero-en/regions/europe/PT/portugal-electoral-law-english-2011/view

https://www.legislationline.org/documents/action/popup/id/4421

https://www.coe.int/en/web/electoral-assistance/elecdata-portugal

https://www.britannica.com/place/Portugal/Government-and-society

https://freedomhouse.org/country/portugal/freedom-world/2021

https://eportugal.gov.pt/en/cidadaos/votar

https://en.wikipedia.org/wiki/2022_Portuguese_legislative_election

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ဦးကောင်းမိုးသည် မျက်နှာကို လက်ဖြင့် အုပ်လိုက်မိသည်။ မျက်နှာလွှဲလိုက်ရသည်။

ဂျပန်အရာရှိများရောက်လာကာ အဖြစ်အပျက်ကို စုံစမ်းသည်။ ဦးကောင်းမိုး စကားတစ်ခွန်းမျှ မပြောနိုင်။ ဦးအောင်ခန့်အား ပစ်သတ်ခဲ့သော ဂျပန်စစ်သားက ရှင်းလင်းပြရသည်။

ဂျပန်များက ဦးအောင်ခန့် သေဆုံးသွားခြင်းအတွက် ဘာမျှဖြစ်ပုံမရ။ ဘာမျှခံစားရပုံမပေါ်။ ဦးကောင်းမိုးအား နှစ်သိမ့်သည်။ ကိစ္စပြီးလေပြီဆိုသောသဘောမျိုးပြောသည်။

ဦးကောင်းမိုး ရေချိုးသန့်စင်သည်။ အဝတ်များကို လွှဲပြောင်းဝတ်ဆင်သည်။ သို့တိုင်အောင် မိမိကိုယ်မှ စေးထန်းနေခြင်းများ ပျောက်ကွယ်သွားသည်မထင်။ သွေးညှီနံ့ကို နံနေဆဲ။

သူသည် အရက်ကို အခါတိုင်းထက်မူးအောင်သောက်သည်။ အိမ်သို့ပြန်မလာမီမှာပင် သူ့ကိုယ်သူ အတော်ချည်းမူးနေပြီဟု ထင်သည်။ အိမ်အတွက်လည်း အရက်ပုလင်း အပိုဆောင်လာခဲ့သေးသည်။

သို့တိုင်အောင်လည်း စိတ်မှာ စနိုးစနောင့် ရှိရဆဲ။ တုန်လှုပ်ချောက်ချားနေရဆဲ။ သူ့အရှေ့တွင်ပင် ပိုးလိုးပက်လက်ကြီး သေဆုံးခဲ့သော ဦးအောင်ခန့်ကို မြင်ယောင်ရဆဲပင်။

သူ၏လည်ပင်းမှာ ဦးအောင်ခန့်၏ လက်ရာများ မပျောက်ကွယ်သေးပေ။ အညိုအမည်းစွဲနေသည်။ ထိုနေရာမှာ အင်္ကျီကော်လာစဖြင့်ပင် အထိမခံနိုင်လောက်အောင် နာကျင်နေသည်။ အရက်ရှိန်ကြောင့်သာမဟုတ်ပါက တံတွေးမျိုဖို့ပင် ခက်နေပေလိမ့်မည်။

သို့ဖြင့် သူ၏တစ်သက်တာ၌ သည်အခါလောက် စိတ်လှုပ်ရှားရသည့်အဖြစ်မျိုး မရှိဖူးခဲ့သေးထင်နေလေသည်။

ဦးကောင်းမိုးပြန်မလာမီ မောင်မောင်ဦး အိမ်သို့ ပြန်လည်ရောက်ရှိနေနှင့်သည်။

မောင်မောင်ဦး၏အသွင်မှာ သွက်လက်နေသည်။ သူ့မျက်နှာမှာ ရွှင်ပျနေသည်။ သူသည် လေကလေး တချွန်ချွန်ဖြင့် အိမ်အတွင်းဝင်လာခဲ့သည်။ ခင်သန်းနွဲ့ကို ဧည့်ခန်းမှာတွေ့ရသည်။ သူသည် အမျိုးသမီးအား နှုတ်မဆက်။ စကားမပြော။ အိမ်ပေါ်ထပ်သို့ တန်းတန်းမတ်မတ် တက်ခဲ့သည်။

သူ့အတွေးနှင့်သူ ကြည်နူးနေသည်။ နှစ်သိမ့်နေသည်။

အိပ်ရာပေါ်သို့ လဲလျောင်းလိုက်သည်။ မျက်စိအစုံကို မှေးမှိတ်ရင်း နေ့လယ်ကအကြောင်းများကို ပြန်လှန်တွေးတောနေမိသည်။

ခင်ခင်ကြီး၏ မျက်နှာလှလှကလေးသည် သူ့မျက်စိထဲမှာ ရစ်ဝဲပေါ်လာသည်။ ခင်ခင်ကြီး၏ အသံကိုလည်း နားမှာ ကြားယောင်နေသည်။

ရှေ့အဖို့တွင် အစစအရာရာ အဆင်ပြေရလေတော့မည်ဟု မှတ်ယူသည်။ သာယာချမ်းမြေ့ခြင်း အလင်းရောင်ကို တွေ့နေရသည်။ ယင်းအလင်းရောင်သည် တောက်ရှန်းသည်နှင့်အမျှ အေးမြသည်ဟု ထင်သည်။

နောက်ကို မမိုက်တော့ပါဘူး။ မတေတော့ပါဘူး။ မပေတော့ပါဘူးဟု စိတ်ထဲက အလိုလိုကတိပေးနေမိသည်။ တကယ်တမ်းတွင်လည်း ခင်ခင်ကြီးလို မိန်းကလေးတစ်ယောက်ကိုသာ ပိုင်ပိုင်ရခဲ့သည်ဆိုပါက တေစရာမလို။ ပေစရာမလို။ လေလွင့်နေဖို့အကြောင်းလည်းမရှိတော့ဟု မှတ်ယူသည်။

ခင်ခင်ကြီးအတွက် ယောကျ်ားကောင်းတစ်ယောက်ဖြစ်အောင် အစဉ်ကြိုးစားမည်ဟုလည်း အနာဂတ်အတွက် သူ သန္နိဋ္ဌာန်ချနေမိသည်။

မောင်မောင်ဦးမှာ ကိုယ့်အတွေးဖြင့်ကိုယ်ပျော်နေသည်။ တက်ကြွနေသည်။ ကျေနပ်နေသည်။

လှေကားထိပ်မှ ခြေသံကြားရသည်။ ခြေသံပိုင်ရှင်မှာ ခင်သန်းနွဲ့ဖြစ်မည်ဟု အလိုလိုသိနေသည်။ သည်တော့လည်း စိတ်အနှောင့်အယှက်ဖြစ်ရသည်။ စိတ်ပျက်လက်ပျက်ဖြစ်ရသည်။

သူသည် လဲလျောင်းရာမှ မထ။ မျက်စိ ဖွင့်မကြည့်။

သူ့နံဘေးသို့ ခင်သန်းနွဲ့လာထိုင်သည်။ အသားချင်းထိမိသည်။ အနံ့အသက်ကို ခံစားရသည်။ ပါးပြင်အနီးသို့ကပ်၍ပြောဟန်ဖြင့်ခင်သန်းနွဲ့၏လေသံသည် နားအနီးမှ ပေါ်ထွက်လာသည်။

"သူ့ကို သူများ စိတ်ဆိုးတယ်သိလား"

မောင်မောင်ဦးသည် မျက်လုံးဖွင့်ကြည့်သည်။ တမင်တကာ ညိုပုပ်ပုပ်လုပ်ထားသော မျက်နှာ၊ ဤသည်တို့ကို မောင်မောင်ဦး မြင်ရသည်။

"ဘာဖြစ်လို့ အမိက ကျုပ်ကို စိတ်ဆိုးရတာလဲ"

"ဘာဖြစ်ရမလဲ သူများကို လူတစ်ယောက်လို့တောင် အသိအမှတ်ပြုရဲ့လားဟင်"

မောင်မောင်ဦးက ပက်လက်အနေအထားမှ ထမည်ပြုသည်တွင် ခင်သန်းနွဲ့က သူ့ပခုံးကို ဖိချလိုက်သည်။ လဲလျောင်းနေစေသည်။

"အိမ်ပြန်လာတာတောင် နှုတ်ဆက်ဖော်မရဘူးနော်"

မောင်မောင်ဦးသည် ခင်သန်းနွဲ့၏လက်ကို တွန်းဖယ်လျက် လဲလျောင်းနေရာမှ ထလိုက်သည်။

"ဒီမယ်၊ ကိုယ်ပြောမယ် ခင်သန်းနွဲ့။ မင်းအနေနဲ့ ကိုယ့်ကို နောက် ဒီလိုမဆက်ဆံဖို့ သတိပေးချင်တယ်"

"သူများက ဘယ်လိုဆက်ဆံနေလို့လဲ"

"ဘယ်လိုဆက်ဆံရမှာလဲ၊ အခုလို တရင်းတနှီး အနီးကပ်ကပ် ဆက်ဆံတာမျိုးပေါ့။ မင်းနဲ့ကိုယ့်အကြားမှာ စည်းထားရမယ်။ မင်းစည်းနဲ့မင်းနေ၊ ကိုယ့်စည်းနဲ့ကိုယ်နေကြရအောင်"

"သူနေနိုင်ပေမဲ့ သူများ မနေနိုင်ဘူး"

မောင်မောင်ဦး သက်ပြင်းရှိုက်သည်။ သူသည် ဒေါသဖြစ်လာသည်။ ခင်သန်းနွဲ့အား ရိုက်နှက်မပစ်မိစေရန် မနည်းချုပ်တည်းထားရသည်။

"ကိုယ် တောင်းပန်ပါတယ် ခင်သန်းနွဲ့။ မတော်လွန်းလို့ပါကွယ်"

"သူ ကြောက်နေပြန်ပြီပေါ့ ဟုတ်လား"

"ကြောက်တာ မကြောက်တာနဲ့ မဆိုင်ပါဘူး။ ဒီလိုရှိတယ် အမိ။ အမိကို ကိုယ်မချစ်ဘူး"

"ဒါကို အပ်ကြောင်းထပ်မနေပါနဲ့လား ဟင်"

"မချစ်ရုံမကဘူး။ ကိုယ့်မှာ ချစ်သူလည်းရှိနေတယ်"

ခင်သန်းနွဲ့၏ မျက်နှာမှာ တွေသွားသည်။ မောင်မောင်ဦးစကားဆက်သည်။

"ကိုယ့်ချစ်သူဟာ မင်းထက် ရုပ်ရည်လည်း အပုံကြီးချောတယ်။ အို အစစအရာရာမှာ မင်းထက်သာတယ်။ မင်းနဲ့ဆိုရင် တခြားစီပဲ။ ဒီလိုပြောရတဲ့အတွက် ကိုယ် စိတ်မကောင်းပါဘူး ခင်သန်းနွဲ့။ ကိုယ့်မှာ အဲဒီလိုချစ်သူရှိနေမှ မင်းကို စိတ်ဝင်စားပါ့မလား တွက်ကြည့်ပါ။ မင်းနဲ့ သူ့ကို အလဲအလှယ်မလုပ်နိုင်ဘူး"

ခင်သန်းနွဲ့၏မျက်ဝန်းတွင် မျက်ရည်ကြည်ဝေ့လည်လာသည်။ မောင်မောင်ဦး၏စကားအတွက် အခံရခက်မိပုံလည်းရသည်။ ကြေကွဲသွားဟန်လည်းပေါ်သည်။

အခွင့်အရေးရခိုက် မောင်မောင်ဦး တစ်ဆက်တည်း ပြောသည်။

"အဲဒီချစ်သူနဲ့ အဆင်မပြေဖြစ်နေခိုက်မှာ မင်းနဲ့ကိုယ် တွေ့ခဲ့ကြတာပဲ။ အခုတော့ ကိုယ်တို့ချင်း အဆင်ပြေခဲ့ပြီလေ။ ဒီကနေ့ပဲသူနဲ့တွေ့ခဲ့ကြသေးတယ်။ သူနဲ့ကိုယ်နဲ့ တွေ့ခဲ့တဲ့အကြောင်းကလေးတွေကို စားမြုံ့ပြန်နေတုန်း မင်းရောက်လာတာပဲ။ ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ် တွေးပါရစေဦး။ ကဲ မင်းကို ထပ်ပြီးမနှင်ပါရစေနဲ့တော့လား ခင်သန်းနွဲ့"

ယခုအခါ ခင်သန်းနွဲ့ မျက်ရည်တွေတွေကျလာသည်။ သည်မျှပြောရုံဖြင့် သည်သို့ မျက်ရည်လွယ်လွယ်ကျနိုင်သူကို မောင်မောင်ဦး ပထမဆုံးအကြိမ်အဖြစ် မြင်ဖူးရခြင်းဖြစ်သည်။ စင်စစ် မောင်မောင်ဦး၏ စကားများက ခင်သန်းနွဲ့၏ မိန်းမသဘာဝ မခံချင်စိတ်ကို ဆွပေးနိုင်ခဲ့ဟန်တူသည်။ သူ၏မာနကို ချိုးနှိမ်နိုင်ခဲ့ပုံရသည်။

"သူများ သိပါတယ်လေ။ သူများရဲ့ဘဝဟာ နေရာတကာမှာ အဖြည့်ခံပဲဆိုတာ သူများသိခဲ့ပါတယ်။ သူများရဲ့ကံကိုက ဆိုးတာပါ"

အမျိုးသမီးက ရှိုက်နေသည်။ အမှန်တွင် လိုသည်ထက်ပို၍ သရုပ်ဆောင်နေခြင်းဖြစ်သည်။ စိတ်ထဲမှာမူ တွက်နေပုံရလေသည်။ မျက်ရည်ကိုမြင်လျှင် မောင်မောင်ဦး စိတ်ပြောင်းလာလိမ့်မည်။ သူ့အပေါ် ကရုဏာသက်လာလိမ့်မည်။ အနည်းဆုံး ချော့မော့နှစ်သိမ့်မိလိမ့်မည်ဟု တွေးထားသည်။

မောင်မောင်ဦးသည် မလှုပ်မယှက် ထိုင်နေလေသည်။ နှစ်သိမ့်ခြင်းမပြု။ ချော့မော့ခြင်းမပြု။ သူ့ကို ဂရုစိုက်ဟန်ပင် မပြ။

သည်သို့ဖြင့် မောင်မောင်ဦးအား ဆက်လက်ဖြားယောင်း၍မရနိုင်ဟု ယုံကြည်မိသောအချိန်တွင် ခင်သန်းနွဲ့ အောက်ထပ်သို့ ဆင်းသွားသည်။ မောင်မောင်ဦး အထီးတည်း ကျန်ရစ်သည်။

အချိန်မှာ မှောင်စပျိုးလာသည်။ ချမ်းချမ်းမြမြရှိလာသည်။

ယင်းအချိန်တွင် ဦးကောင်းမိုး အိမ်သို့ပြန်ရောက်လာသည်။ ထုံးစံအတိုင်း ထမင်းစားခန်းဆီမှ အသံဗလံများ ကြားရသည်။

မောင်မောင်ဦးသည် ရုတ်တရက် အောက်ထပ်သို့ မဆင်းသေး။ သူသည် ဖခင်ဖြစ်သူအားပြောပြရမည့် အကြောင်းအရာများကို တွေးနေသည်။ စကားလုံးရွေးချယ်နေသည်။

ဦးအောင်ခန့်လွတ်မြောက်အောင် ဖေဖေ့အား ပြောရမည့်ကိစ္စကို သူ ပေါ့ပေါ့တန်တန်အဖြစ် တွေးမထားပေ။

အလေးအနက်ထားသည် အသေအချာ ပြောပြမည်ဟု ဆုံးဖြတ်ထားသည်။ ဖေဖေ့အနေနှင့် မိမိ၏ လိုအင်ဆန္ဒကို လိုက်လျောနိုင်ပါစေဟူ၍လည်း ဆုတောင်းနေလေသည်။

အတော်ချည်းကြာလျှင် မောင်မောင်ဦး အောက်ထပ်သို့ဆင်းခဲ့သည်။ ထမင်းစားခန်းထဲသို့ဝင်ခဲ့သည်။ ဖေဖေ့ရှေ့မှာ အရက်ပုလင်း ထောင်ထားသည်။ အတော်ချည်း မူးဝေနေပုံရသည်။ ခင်သန်းနွဲ့သည် ဦးကောင်းမိုးအပါးမှနေကာ အရက်ငှဲ့ပေးနေသည်။

"သားပါလား။ သောက်မယ်မဟုတ်လား"

ဦးကောင်းမိုးဆိုသည်။

"ကျွန်တော် မသောက်တော့ဘူး ဖေဖေ"

"ဟေ၊ ကျားသားမိုးကြိုးပါလား။ သားငြင်းတာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

မောင်မောင်ဦးသည် ဖခင်ဖြစ်သူနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

"ကျွန်တော့်မှာ ပြောစရာရှိတယ် ဖေဖေ။ ဒီစကားကို ဖေဖေ ဂရုတစိုက် နားထောင်စေချင်တယ်"

"တယ်ဆိုတဲ့ စာပါလား။ ကိုင်း ဆိုစမ်းပါဦးကွယ်။ ဘာများပါလိမ့်"

မောင်မောင်ဦးသည် ဖခင်၏စကားများကို သဘောမကျမိ။ မိမိဘက်က အလေးအနက်ထားသလောက် တစ်ဖက်က ပေါ့ပေါ့တန်တန်ပြောနေသည်ဟု ထင်သည်။

"ကျွန်တော်ပြောချင်တာက ဦးအောင်ခန့်နဲ့ ပတ်သက်လို့ပဲ ဖေဖေ"

"အောင်ခန့်"

ဦးကောင်းမိုးသည် ယင်းအမည်ကို ကြားလိုက်ရသည့်အတွက် စိတ်နှလုံး တုန်လှုပ်ချောက်ချားသွားမိဟန်တူသည်။ အမည်ကို ပွဲတင်ထပ်သည်။ သူ၏မျက်နှာမှာ ရုတ်တရက် တည်ငြိမ်သွားသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"မောင်မောင်ဦး သက်ပြင်းရှိုက်သည်။ သူသည် ဒေါသဖြစ်လာသည်။ ခင်သန်းနွဲ့အား ရိုက်နှက်မပစ်မိစေရန် မနည်းချုပ်တည်းထားရသည်။**

**"ကိုယ့်ချစ်သူဟာ မင်းထက် ရုပ်ရည်လည်း အပုံကြီးချောတယ်။ အို အစစအရာရာမှာ မင်းထက်သာတယ်။ မင်းနဲ့ဆိုရင် တခြားစီပဲ။ ဒီလိုပြောရတဲ့အတွက် ကိုယ်စိတ်မကောင်းပါဘူး ခင်သန်းနွဲ့။ ကိုယ့်မှာ အဲဒီလိုချစ်သူရှိနေမှ မင်းကို စိတ်ဝင်စားပါ့မလား တွက်ကြည့်ပါ။ မင်းနဲ့ သူ့ကို . . ."**

# ယခုနှစ်ဘောလုံးရာသီ ပရီမီယာလိဂ်သွင်းဂိုး ၇၀ အထိရှိလာပြီဖြစ်တဲ့ လီဗာပူးအသင်း



လီဗာပူးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၂၆) အဖြစ် ဖေဖော်ဝါရီ၂၃ ရက်ညပိုင်းက လိဒ်ယူနိုက်တက် အသင်းကို အိမ်ကွင်းအန်ဖီးလ်၌ ဧည့်ခံကစားခဲ့ရာမှာ ခြောက်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ယခုနှစ် ဘောလုံးရာသီမှာ ပရီမီယာလိဂ်သွင်းဂိုး စုစုပေါင်း ၇၀ အထိရှိလာခဲ့ပြီ ဖြစ်ပါတယ်။

လိဒ်ယူနိုက်တက်အသင်းနဲ့ပွဲစဉ်မှာ လီဗာပူး အသင်းအတွက်သွင်းဂိုးတွေကို မိုဟာမက်ဆာလာက နှစ်ဂိုး၊ ဆာဒီယိုမာနေးကနှစ်ဂိုး၊ ဂျိုးမာတစ်ကတစ်ဂိုး နဲ့ ဗန်ဒိုက်ကတစ်ဂိုးအသီးသီး သွင်းယူပေးခဲ့တာဖြစ် ပြီး ဂျိုးမာတစ်ဟာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ နောက်ပိုင်း လီဗာပူးအသင်းနဲ့အတူ ပထမဆုံးသွင်းယူ နိုင်ခဲ့တဲ့ သွင်းဂိုးလည်း ဖြစ်လာခဲ့ပါတယ်။

အဲဒီနိုင်ပွဲကြောင့် လီဗာပူးအသင်းဟာ ပရီမီယာ လိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေတဲ့ မန်စီးတီးအသင်းနဲ့ ရမှတ်သုံးမှတ်သာကွာဟတော့ တာဖြစ်ပြီး လက်ရှိမှာ လီဗာပူးအသင်းက ရမှတ် စုစုပေါင်း ၆၀ ရရှိထားကာ မန်စီးတီးအသင်းက ရမှတ် ၆၃ မှတ်ရရှိထားတာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ဇန်နဝါရီ ၁၅ ရက်က ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် လီဗာပူး အသင်းကို ရမှတ်စုစုပေါင်း ၁၄ မှတ်အထိဖြတ်ထား နိုင်ခဲ့တာဖြစ်ပြီး အဲဒီအချိန်က လီဗာပူးအသင်းထက် မန်စီးတီးက နှစ်ပွဲပိုကစားထားတာ ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ လိဒ်ယူနိုက်တက်အသင်း ကို ခြောက်ဂိုးပြတ် အနိုင်ရရှိခဲ့တာကြောင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း အိမ်ကွင်းအန်ဖီးလ်မှာ ဧည့်ခံကစားခဲ့ရတဲ့ ပရီမီယာလိဂ်ပွဲစဉ်တွေမှာ ပြိုင်ဘက်အသင်းကို ခြောက်ဂိုးအထိသွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးပွဲစဉ်လည်း ဖြစ်လာခဲ့ပါတယ်။




## အားပေးသူပရိသတ် သန်း ၄၀၀ ပြည့်မြောက်တဲ့ ပထမဆုံးအင်စတာဂရမ် အသုံးပြုသူဖြစ်လာတဲ့ စီရိုနယ်လ်ဒို

မန်ယူအသင်းနဲ့ ပေါ်တူဂီအသင်းတို့ရဲ့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ အားပေးသူ ပရိသတ် သန်း ၄၀၀ ပြည့်မြောက်ခဲ့တဲ့ ပထမဆုံးအင်စတာဂရမ်အသုံးပြုသူဖြစ် လာခဲ့ပြီဖြစ်ပါတယ်။ အဲဒီလို အားပေးသူပရိသတ် သန်း ၄၀၀ ပြည့်မြောက်ခဲ့တဲ့အတွက် လည်း ပရိသတ်တွေကို ကျေးဇူးတင်ရှိကြောင်း တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ပြောကြားခဲ့ပါတယ်။

ဘောလုံးကစားသမားဘဝ နှစ် ၂၀ ကာလအတွင်းမှာ စပို့တင်းလစ္စဘွန်း၊ မန်ယူ၊ ရီးယဲလ်မက်ဒရစ်နဲ့ ဂျူဗင်တပ်အသင်းတို့မှာ ပါဝင်ကစားခဲ့တဲ့ အသက် ၃၇ နှစ်အရွယ်ရှိ တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ လက်ရှိမှာ အားပေးသူပရိသတ် ၄၀၄ သန်းပြည့်မြောက်ခဲ့တဲ့အတွက်လည်း အားပေးသူပရိသတ်တွေကို အင်စတာဂရမ် စာမျက်နှာမှာ ဗီဒီယိုတစ်ခုတင်ပြီး ကျေးဇူးတင်ရှိကြောင်း သတင်းစကားပြောကြား ခဲ့တာဖြစ်ပါတယ်။ မန်ယူတိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ အင်စတာဂရမ်မှာ အားပေးသူ ပရိသတ်သန်း ၄၀၀ ကျော်ခဲ့ပြီးနောက် နောက်ထပ် သန်း ၂၀၀ အထိထပ်တိုးလာ လိမ့်မယ်လို့လည်း မျှော်လင့်ထားတယ်လို့ သိရပါတယ်။

## ချန်ပီယံလိဂ်ဗိုလ်လုပွဲ ကျင်းပမည့်နေရာ ရွှေ့ပြောင်းရေး အရေးပေါ်အစည်းအဝေး ကျင်းပမည်

ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)ဟာ ရုရှား နိုင်ငံ စိန့်ပီတာစဘတ်မြို့မှာ ကျင်းပဖို့ ရည်ရွယ်ထားတဲ့ ၂၀၂၂ ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ကျင်းပမယ့်နေရာ ရွှေ့ပြောင်း သင့်၊မသင့်နဲ့ပတ်သက်ပြီး ဖေဖော်ဝါရီ၂၅ရက်မှာ အရေးပေါ်အစည်း အဝေး ကျင်းပသွားမှာ ဖြစ်ပါတယ်။

ရုရှားနိုင်ငံက ဖေဖော်ဝါရီ ၂၄ ရက်မှာ လူဟန့်စ်နဲ့ ဒိုးနက်ခ်ရှိ ပြည်သူများအား ယူကရိန်းအစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုအောက်မှ လွတ်မြောက်ရန် ရုရှားတပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့ပြီးနောက် ယူအီးအက်ဖ်အေက ချန်ပီယံလိဂ်ဗိုလ်လုပွဲ ကျင်းပမယ့်နေရာနဲ့ ပတ်သက်ပြီး ရွှေ့ပြောင်း သင့်၊ မသင့် စီစဉ်လာတာဖြစ်ပါတယ်။

ချန်ပီယံလိဂ်ဗိုလ်လုပွဲကို မေ ၂၅ ရက်မှာ စိန့်ပီတာစဘတ်၌ ကျင်းပဖို့ စီစဉ်ထားတာဖြစ်ပြီး အဲဒီအစီအစဉ်ကို ရွှေ့ဆိုင်းပေးဖို့ လည်း ဥရောပပါလီမန်က ဥရောပဘောလုံးအဖွဲ့ချုပ်ထံ တောင်းဆိုထားတယ်လို့ သိရပါတယ်။

## ဥရောပဖလား/ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဂိုး ၅၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်တဲ့ မန်ယူ



မန်ယူအသင်းဟာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ် အဖြစ် ဖေဖော်ဝါရီ ၂၃ ရက်ညပိုင်းက အက်သလက်တီကို မက်ဒရစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပေမယ့် ဥရောပ ဖလား/ချန်ပီယံလိဂ်ပြိုင်ပွဲမှာ သွင်းဂိုး ၅၀၀ ပြည့်မြောက်တဲ့ အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပြီ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင်အက်သလက် တီကိုမက်ဒရစ်အသင်းက ပထမပိုင်း ပွဲကစားချိန် ခုနစ်မိနစ်မှာ ဆီကွဲရာရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့တာဖြစ် ပြီး မန်ယူအသင်းကတော့ ဒုတိယပိုင်း ပွဲကစားချိန် မိနစ် ၈၀ ရောက်မှ အီလန်ဂါ ရဲ့ သွင်းဂိုးနဲ့ ချေပဂိုးပြန်လည်ရရှိခဲ့တာ ဖြစ်ပါတယ်။

အက်သလက်တီကို မက်ဒရစ်အသင်း နဲ့ ပွဲစဉ်မှာ မန်ယူအသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ အသက် ၁၉ နှစ်အရွယ်ရှိ တိုက်စစ်မှူး အီလန်ဂါဟာ ချန်ပီယံလိဂ်ရှုံးထွက်အဆင့် မှာ မန်ယူအသင်းနဲ့အတူ ဂိုးသွင်းယူနိုင် ခဲ့တဲ့ အသက်အငယ်ဆုံးကစားသမား လည်း ဖြစ်လာခဲ့ပါတယ်။

## တိုင်ဆန်ဖူရီနဲ့ ယှဉ်ပြိုင်ထိုးသတ်ဖို့ စာချုပ်တစ်ရပ်ချုပ်ဆိုလိုက်ပြီဖြစ်တဲ့ ဒီလီယန်ဝှိုက်

ဗြိတိန်လက်ဝှေ့ကျော် ဒီလီယန်ဝှိုက် ဟာ တစ်နိုင်ငံတည်းသားဖြစ်တဲ့ ဒဗလျူ ဘီစီဟဲဗီးဝိတ်ချန်ပီယံ တိုင်ဆန်ဖူရီနဲ့ ယှဉ်ပြိုင်ထိုးသတ်ဖို့ စာချုပ်တစ်ရပ်ချုပ် ဆိုလိုက်ပြီဖြစ်ပါတယ်။

ဒီလီယန်ဝှိုက်နဲ့ တိုင်ဆန်ဖူရီတို့ရဲ့ လက်ဝှေ့ပြိုင်ပွဲကို ဧပြီ ၂၃ ရက်မှာ ယှဉ်ပြိုင်ထိုးသတ်သွားမှာဖြစ်ပြီး ဝင်ဘလေ ကွင်းမှာ ထိုးသတ်သွားဖို့လည်း ရှိနေ တယ်လို့ သိရပါတယ်။



ဒီလီယန်ဝှိုက်ဟာ တိုင်ဆန်ဖူရီနဲ့ ယှဉ်ပြိုင်ထိုးသတ်ဖို့အတွက် အမေရိကန် ဒေါ်လာ ရှစ်သန်းနဲ့ စာချုပ်ချုပ်ဆိုခဲ့တာ ဖြစ်တယ်လို့လည်း တိုင်ဆန်ဖူရီက လူမှု မီဒီယာမှာ ရေးသားဖော်ပြခဲ့ပါတယ်။ ဒီလီယန်ဝှိုက်ဟာ တိုင်ဆန်ဖူရီရဲ့ ဒဗလျူ ဘီစီခါးပတ်အတွက် စိန်ခေါ်သူလည်း ဖြစ်ပါတယ်။

တိုင်ဆန်ဖူရီဟာ ဖရန်စီစကို ပီယာ နီတာကို အနိုင်ရရှိခဲ့တဲ့ ၂၀၁၈ ခုနှစ် ဩဂုတ်လနောက်ပိုင်း ဗြိတိန်နိုင်ငံမှာ ယှဉ်ပြိုင်ထိုးသတ်ခဲ့ခြင်း မရှိခဲ့သူဖြစ်ပြီး ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝမှာ ၃၁ ပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်ထွက်ပေါ် ထားခဲ့သူလည်း ဖြစ်ပါတယ်။

## ခါးသီးတဲ့ပြိုင်ဘက် ကဲလ်ဘရွတ်ခ်ကို ရှုံးနိမ့်ပြီးနောက် လက်ဝှေ့လောကကနေ အနားယူတော့မယ့် အမီရာခန်



ဗြိတိန်ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား အမီရာ ခန်ဟာ ဖေဖော်ဝါရီ ၂၂ ရက်ညပိုင်းက မန်ချက် စတာမြို့ရှိ အေအိုအရီနာလက်ဝှေ့ကြိုးဝိုင်း ထဲမှာ တစ်နိုင်ငံတည်းသားဖြစ်တဲ့ ခါးသီးတဲ့ ပြိုင်ဘက် ကဲလ်ဘရွတ်ခ်ကို ရှုံးနိမ့်ခဲ့ ပြီးနောက်မှာ လက်ဝှေ့လောကကနေ အနားယူတော့မှာဖြစ်တယ်လို့ ထုတ်ဖော် ပြောကြားလိုက်ပါတယ်။

အမီရာခန်ဟာ ပထမအချီမှာပဲ ဒဏ်ရာ ပြဿနာကြုံခဲ့ရတာဖြစ်လို့ အကောင်းဆုံးယှဉ်ပြိုင် ထိုးသတ်နိုင်ခဲ့တဲ့ ကဲလ်ဘရွတ်ခ်ကပဲ အနိုင်ရလဒ်ကို ဆောင်ကြဉ်းနိုင်ခဲ့တာ ဖြစ်ပါ တယ်။ ဒါကြောင့် အသက် ၃၅ နှစ်အရွယ်ရှိပြီ ဖြစ်တဲ့ အမီရာခန်ဟာ ကဲလ်ဘရွတ်ခ်ကို ရှုံးနိမ့်ခဲ့ပြီးနောက် လက်ဝှေ့ကစားသမားဘဝကနေ အနားယူဖို့ ဆုံးဖြတ်လိုက်တာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်နှင်းဝေ(ခ)ဒေါ်ခင်တင့်
## အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်(၅၁)နေ (ဦးစိန်-ဒေါ်စောလှ)တို့၏ ချစ်လှစွာသောသမီး၊ (ဦးညွန့်မောင်)၊ (ဒေါ်တင်မြင့်)တို့၏ညီမ၊ (ဒေါ်မော်လီစိန်)၊ (ဦးမောင်မောင်တင်-ဒေါ်အေးအေးမြင့်)၊ (ဒေါ်ဒေါ်လီစိန်)တို့၏အစ်မ၊ ဒေါ်ခိုင်သီတာတင်၊ (ဦးသော်ဇင်)-ဒေါ်လှိုင်သန္တာတင်၊ ဦးနေလင်းထိုက်(ခေတ္တ UK)၊ ဦးနေလင်းထွဋ်(ခေတ္တ UK)-ဒေါ်သီတာဝင်းတို့၏အဒေါ်၊ မနဒီဝင်းမောင်(ခေတ္တ UK)၊ မမြတ်သဲချစ်၊ မောင်စွမ်းရည်ထွဋ်မောင်(ခေတ္တ UK)တို့၏ ချစ်လှစွာသောအဘွားသည် ၂၂-၂-၂၀၂၂ (အင်္ဂါနေ့) ည ၉:၄၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၂၃-၂-၂၀၂၂(ဗုဒ္ဓဟူးနေ့)တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးထွန်းသိန်း(နတ်တလင်း)
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ အေးရိပ်သာ(၇)လမ်း၊ အမှတ်(၁၃၂၉)နေ (ဦးအုန်းမြင့်-ဒေါ်ချစ်)တို့၏သား၊ (ဦးအေးမောင်-ဒေါ်ငွေသန့်)တို့၏သားသမက်၊ ဦးလှသိန်း-ဒေါ်ခင်မြ၏ညီ၊ (ဦးမောင်ဝ-ဒေါ်လှလှ)တို့၏မောင်၊ (ဦးသိန်းထွန်း)-ဒေါ်သန်းမြင့်၏အစ်ကို၊ ဒေါ်တင်သိန်း၏ခင်ပွန်း၊ ဦးထွန်းထွန်းဦး(MAI)-ဒေါ်ခင်ပပဝင်း၊ ဒေါ်ယဉ်ယဉ်ဝေတို့၏ဖခင်သည် ၂၂-၂-၂၀၂၂(အင်္ဂါနေ့) နံနက် ၈:၂၅နာရီတွင် မြောက်ဥက္ကလာပ OSC ဆေးရုံ၌ (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄:၃၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြင့်ဦး
**Managing Director**
**San Lin International Export, Import & Mining Co.,Ltd.**
## အသက်(၇၆)နှစ်

ရန်ကုန်မြို့နေ [ဦးတင်ဦး(အငြိမ်းစားအကောက်ခွန်မှူး)-ဒေါ်ခင်သန်း]တို့၏ ချစ်လှစွာသော သား၊ (ဦးစိန်ညွန့်-ဒေါ်မြရီ)တို့၏ သားသမက်၊ အမှတ်(၂၂/၁)၊ ကံ့ကော်မြိုင်လမ်း၊ စုပေါင်းအိမ်ရာ၊ (၂၃)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်ဝင်းစုခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းဦး၏ညီ၊ ဦးလွင်ဦး၊ ဒေါ်ခင်ဆွေဦး၊ ဒေါ်ခင်မေဦး၊ ဦးမင်းဦး၊ ဒေါ်စန်းစန်းဝင်းတို့၏ချစ်လှစွာသောအစ်ကို၊ ကိုတင်ကိုကိုဦး(Yuki Japanese Language School)၊ မတင်မူမူဦး(ဂျပန်သံရုံး)၊ Mr.Matt Velentgas-မအိန္ဒြေအေး(U.S.A)တို့၏ ချစ်လှစွာသော ဖခင်၊ တူ၊ တူမ ၁၃ယောက်တို့၏ ချစ်လှစွာသော ဘကြီးသည် ၂၄-၂-၂၀၂၂(ကြာသပတေးနေ့) နံနက် ၈:၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၂၂(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကိုကိုကြီး
## အသက်(၈၂)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေနှင့် ဇနီး ဒေါ်ခင်သော်သော်တို့၏ ချစ်လှစွာသော ဖခင်ကြီး ဦးကိုကိုကြီးသည် ၂၃-၂-၂၀၂၂ (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားကြောင်း ကြား သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)**
**တည်ဆောက်ရေးအဖွဲ့(၂)နှင့်**
**ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)များ**
**တံတားအထူးအဖွဲ့(၅/၆/၇/၈)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကိုကိုကြီး
## အသက်(၈၂)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေနှင့် ဇနီး ဒေါ်ခင်သော်သော်တို့၏ ချစ်လှစွာသော ဖခင်ကြီး ဦးကိုကိုကြီးသည် ၂၃-၂-၂၀၂၂ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)**
**တည်ဆောက်ရေးအဖွဲ့(၃)နှင့်**
**ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)များ**
**တံတားအထူးအဖွဲ့(၉/၁၀/၁၁/၁၂)**

## ဒေါ်အုန်းမြင့်
## အသက်(၉၀)

ရန်ကုန်မြို့နေ (ဦးထွန်းလှိုင်-ဒေါ်မြသွင်)တို့၏သမီး၊ (ဦးဖိုးချို-ဒေါ်ကြင်ယုံ)တို့၏သမီးချွေးမ၊ (ဦးခင်ဇော်)(သိပ္ပံဌာနမှူး၊ သချ်ာဌာနမှူး၊ ပညာရေးတက္ကသိုလ်၊ လုပ်သားများကောလိပ်၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ (ဦးအောင်သန်း-ဒေါ်လှမြင့်)တို့၏ညီမ၊ (ဦးခင်ညို-ဒေါ်ခင်စန်းမြ)တို့၏အစ်မ၊ (ဦးမဠူ(ခ)ဦးကျော်လွင်)၊ (ဒေါက်တာဒေါ်နွဲ့နွဲ့ကြူ)(ဆေးကုသမှုပါရဂူ)၊ Dr.Tadashi Oshiro (Chief Scientist)-ဒေါ်မြင့်မြင့်သူ(ခေတ္တဂျပန်)၊ ဦးတင်ဝင်းဇော်(Chief Officer)-ဒေါ်မြင့်မြင့်ကြည်(ပါမောက္ခ၊ သတ္တဗေဒဌာန၊ ငြိမ်း)၊ ဒေါက်တာဦးဝင်းမောင်(မေ့ဆေးပါရဂူ၊ ခေတ္တ UK)-ဒေါက်တာဒေါ်ခင်ဝင်းသော်တာ(ကလေးအထူးကု)၊ ဒေါက်တာဦးဝင်းနိုင်(ပါမောက္ခချုပ်-ငြိမ်း)-ဒေါက်တာအေးအေးခိုင်(စိတ်ကျန်းမာရေးအထူးကု)၊ ဦးလှမင်း(Mechanical Engineer)-ဒေါ်မိုးအေး၊ ဦးလွင်မောင်မောင်-ဒေါ်ခင်ဥမ္မာစန်း၊ ဦးသူရဇော်(Chief Engineer)-ဒေါ်ခိုင်ဝေဇော်(Civil Engineer)တို့၏ချစ်လှစွာသောမိခင်၊ မြေး(၁၁)ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၂၄-၂-၂၀၂၂(ကြာသပတေးနေ့) နံနက် ၈:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဥ
## အသက်(၈၆)နှစ်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့၊ မန်ကျည်းပင်ရွာနေ (ဦးခင်-ဒေါ်စော)တို့၏သမီး၊ ပဲခူးတိုင်းဒေသကြီး၊ ဇေယျာဝတီမြို့၊ ကျိုက်ဇကောရွာနေ (ဦးရှိန်-ဒေါ်ငွေတင်)တို့၏သမီးချွေးမ၊ [ဦးညို(ဇေယျာဝတီ-နမ္မတီးသကြားစက်)]၏ဇနီး၊ မုံရွာမြို့နေ ဦးလှမြင့်-ဒေါ်ခင်မာဆွေ တို့၏အစ်မ၊ ဦးမျိုးတင့်-ဒေါ်စန္ဒာနွဲ့၊ ဦးမျိုးမြင့်-ဒေါ်တင်နု၊ ဒေါ်ချိုချိုသန်း၊ ဒေါ်မို့မို့သိန်း၊ ဦးခင်မောင်သက်-ဒေါ်ရီရီဝင်းတို့၏မွေးသမိခင် ကျေးဇူးရှင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၉-၂-၂၀၂၂(စနေနေ့) မွန်းလွဲ ၂:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၂၂(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၂-၂၀၂၂(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၇၇)ရပ်ကွက်၊ သီရိမြိုင်လမ်း၊ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယကာကြီး
## ဦးမောင်မောင်အေး
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**(မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန-ဆောက်လုပ်ရေးဝန်ကြီးဌာန)**
## အသက်(၈၂)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်းမင်း-ဒေါ်လှတင်)တို့၏သား၊ (ဦးတင်လှိုင်)-ဒေါ်သန်းရီတို့၏သားသမက်၊ ဒေါ်ကြည်ကြည်လှိုင်(ညွှန်ကြား ရေးမှူး-ငြိမ်း၊ ပို့ဆောင်ရေးဦးစီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးမြင့်သိန်း(Director-TOYOTA Myanmar Sales)-ဒေါ်မွန်စည်သူ၊ ဦးမျိုးမင်းဦး(ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)-ဒေါ်မွန်မွန်ရည်(ဦးစီးအရာရှိ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)၊ ဦးမြတ်မင်းပိုင်-ဒေါ်စိမ်းလဲ့ရည်(မန်နေဂျာ-အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း)တို့၏ကျေးဇူးရှင်ဖခင်ကြီးသည် ၂၄-၂-၂၀၂၂(ကြာသပတေးနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် နေပြည်တော်ခုတင်(၁၀၀၀)ပြည်သူ့ ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၂၂(သောကြာနေ့) မွန်းလွဲ ၁:၃၀နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နုနုကြင်(Dolly ရှမ်းမောင်)
## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၅-၁၉)၊ Twin Centro Condominium နေ (ဦးရှမ်းမောင်-ဒေါ်နုနုမေ)တို့၏သမီးကြီး၊ (ဦးသာဒိုးမောင်- ဒေါ်ကြင်ထွေး)တို့၏သမီးချွေးမ၊ [ဦးစောမြင့်(ညွှန်ချုပ်၊ စက်မှု-၁)]၏ဇနီး၊ (ဦးထွန်းဦးမောင်)၊ (ပါမောက္ခဒေါက်တာထွန်းစံမောင်)တို့၏ညီမ၊ ပါမောက္ခ ဒေါက်တာ ဒေါ်နုနုငယ် (ခေတ္တ-Australia)၏အစ်မ၊ ဒေါက်တာ ဦးသာသာဦး(ဦးနှောက်နှင့်အာရုံကြော အထူးကုသမားတော်)၏မိခင် ဒေါ်နုနုကြင်သည် ၂၂-၂-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးနှောက်နှင့်အာရုံကြောပညာရပ်ဆိုင်ရာအဖွဲ့**
**(Neuromedical and Neurosurgical)**

## ဒေါက်တာတင်ထွေး
**ပါမောက္ခချုပ်(ငြိမ်း)၊ ဟင်္သာတတက္ကသိုလ်**
## အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ [ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း)- ဒေါ်တင်အေး]တို့၏သား၊ (ဦးမောင်မောင်စန်း)-ဒေါ်ဆွေဆွေသိန်းတို့၏ သားသမက်၊ (ဦးစိုးမြင့်)-ဒေါ်ခင်သန့်ဇင်၊ [ဒု-ဗိုလ်မှူးကြီးထွန်းအောင်(ငြိမ်း)]-ဒေါ်စိုးစိုးသန်း ၊ (ဦးမောင်မောင်စိုး)-ဒေါ်သီတာညွှန့်တို့၏ညီ၊ ဦးစိုးတင့် - (ဒေါ်ခင်မြင့်မြင့်စိုး)၊ ဒေါ်ချိုချိုအုန်း -ဦးအေးသန်း၊ ဒေါက်တာအေး အေးမွန်(ပါမောက္ခ၊ ဌာနမှူး၊ ဓာတုဗေဒဌာန၊ ပဲခူးတက္ကသိုလ်)တို့၏အစ်ကို၊ ဒေါ်သိင်္ဂီစန်း(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ MPE)၏ ချစ်လှစွာသော ခင်ပွန်း၊ မအေးသီရိနွယ်(SNOW EVEREST CO., Ltd) ၏ဖခင် ဒေါက်တာတင်ထွေးသည် ၂၃-၂-၂၀၂၂ ရက် ညနေ ၅:၂၀ နာရီတွင် ဟင်္သာတပြည်သူ့ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် ဟင်္သာတမြို့၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁-၃-၂၀၂၂ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ်(၁၈၄)၊ ရတနာဒီပလမ်း၊ ရွာသာကုန်းအုပ်စု၊ သရက်ကုန်းရပ်နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယိကာမကြီး
## ဒေါ်လေးမေ(ထနီး)
**LADY LUCK မိခင်ကြီး**
## အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ခြံအမှတ်(၆၈-ခ)၊ ကမ္ဘာအေးဘုရားလမ်းနေ (ဦးသော်- ဒေါ်အေးဖော့) တို့၏သမီး၊ (ဦးအောင်ဘော်)၊ (ဦးကျော်ရှိန်-ဒေါ်ကျင်ယုံ)၊ (ဒေါ်ကြီးမေ)တို့၏ညီမ၊ (ဒေါ်တင်တင်)၊ ဦးသောင်းစိန်- ဒေါ်လှလှအေးတို့၏အစ်မ၊ ဦးအောင်မြင့်-ဒေါ်ခင်ဝင်းမြင့်၊ ဦးမင်းသန့်-ဒေါ်ခင်ခင်သိန်း၊ ဦးရဲအောင်- ဒေါ်လင်းလင်းအေး၊ (ဦးမျိုးသိမ်းဦး)-ဒေါ်နှင်းနှင်းအေး၊ ဦးသန့်ဇော်- ဒေါ်သက်ထားစုဝေတို့၏ချစ်လှစွာသော မွေးသမိခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွား ဒေါ်လေးမေ(ထနီး)သည် ၂၃-၂-၂၀၂၂ (ဗုဒ္ဓဟူးနေ့)တွင် ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၂၅-၂-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
## ဒေါ်လေးမေ(ထနီး)
**LADY LUCK မိခင်ကြီး**
## အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ခြံအမှတ်(၆၈-ခ)၊ ကမ္ဘာအေးဘုရားလမ်းနေ (ဦးသော်-ဒေါ်အေးဖော့) တို့၏သမီး၊ ကိုပြည့်ဖြိုးငြိမ်းသော်၊ ကိုကျော်ငြိမ်းထွန်း-မရည်မွန်မင်း၊ ကိုကောင်းမြတ်သူ-မမိုးပွင့်ဖြူဇင်၊ ကိုမင်းသော်ဇင်၊ မခင်လမင်းသော်၊ ကိုအောင်မြတ်မင်း-မယဉ်မြတ်ဖြူ၊ ကိုသစ်ထူးအောင်- မပန်းမြင့်မိုရ်ကျော်၊ ကိုအောင်သော်ဦး-မထက်တာရည်၊ ကိုဝင်းသော်ဦး၊ ကိုအောင်သော်ဟိန်း၊ မခင်စန္ဒာသော်တို့၏ ချစ်လှစွာသော အဘွား၊ မောင်သီဟဇော်၏ ဘွားဘွား ဒေါ်လေးမေ(ထနီး) သည် ၂၃-၂-၂၀၂၂ (ဗုဒ္ဓဟူးနေ့) တွင် ၉၆ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၂၅-၂-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမြေး၊ မြစ်များ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ ရေကန်၊ ထီး၊ မွှော်ရုံ၊ ဆေးရုံ ဒါယကာကြီး
## ဦးကိုကိုကြီး(ဦးစီးမှူး-ဆည်မြောင်း/ငြိမ်း)
**(1964,Civil,Insein)**
## အသက်(၈၂)နှစ်

ရန်ကုန်မြို့နေ (ဦးသော်-ဒေါ်သိန်း)တို့၏သား၊ (ဦးမောင်လှိုင်-ဒေါ်ညွန့်မေ)တို့၏ သားသမက်၊ ကိုစိုင်းမောင်မောင်သော်-မမီမီပြုံး၊ ကိုချိုသက်မောင်-နန်းဆုမြတ်စန္ဒီ၊ ကိုအောင်မျိုးဇော်-မအိသီရိဇော်၊ ကိုစိုင်းစစ်မိုးသော်-မမေသိန်းဝင်းမော်၊ မထက်နန္ဒာဇော်၊ မဟန်နီဦး၊ (မောင်ဉာဏ်ထက်အောင်)၊ ကိုသီဟဇော်-မမေသဲကို၊ ကိုလှမျိုးသွင်၊ မလမင်းသီရိ၊ ကိုဇေယျာလင်းတို့၏ချစ်လှစွာသောအဘိုး၊ မြစ်ခုနစ်ယောက်တို့၏ဘိုးဘိုးကြီး၊ (ဒေါ်မြအေး)၏ချစ်လှစွာသောခင်ပွန်းသည် ၂၃-၂-၂၂၀၂၂ရက် ညနေ ၅:၂၀နာရီတွင် အကယ်ဒမီဆေးရုံ၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၂၂ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမြေး၊ မြစ်တစ်စု

ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း အလှူ့ဒါယိကာမကြီး
## ဒေါ်ခင်ဝင်း (ပညာရေး-ငြိမ်း)
## အသက်(၇၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ အမှတ်(၇၂)၊ (၈x၉)၊ ဗိုလ်ချုပ်လမ်းနေ (ဦးလှဦး-ဒေါ်စိန်ခြယ်)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်(၁၁၃၊ မြေညီထပ်)နေ (ဒေါက်တာဦးချစ်စိန်)၏ ချစ်လှစွာသောဇနီး၊ ဦးသန်းထိုက်စိုး-ဒေါ်နိုဘယ်ချစ်စိန်၊ ဦးချမ်းသော်ဇေ-ဒေါ်ချစ်ချစ်ဆုမွန်ဝင်း၊ Capt:သန့်ဇင် (Dockendale Co.,Ltd)-ဒေါ်စုသွယ်ထွန်းတို့၏ ချစ်လှစွာသော မွေးသမိခင် ကျေးဇူးရှင်၊ မညွန်းကေရီဦး၊ မောင်ရတုဘုန်းရှိန်ထက်တို့၏ ချစ်လှစွာသော အဘွား ဒေါ်ခင်ဝင်း(ပညာရေး-ငြိမ်း)သည် ၂၃-၂-၂၀၂၂ရက် နံနက် ၁၀နာရီတွင် အာရှတော်ဝင် အထူးကုဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၂၂ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၂၂ရက် နံနက် ၈နာရီတွင် အထက်ပါ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ် နေအိမ်၌ သံဃာတော်အရှင်မြတ်တို့အား ရက်လည်ဆွမ်းကျွေး တရားတော်နာမည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# သင့်
# သွေးဖြင့်
# အသက်
# ကယ်ပါ

## ပြည်တွင်းအင်အားကို တည်ဆောက်ကြမည်

☆ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲ ရှိပါတယ်။ ပြည်တွင်းအားကိုပဲ ကျွန်တော် ယုံကြည်အားကိုးပါတယ်။

☆ နိုင်ငံရဲ့ ပကတိအခြေအနေအရ ပြည်ပအကူအညီများ လိုအပ်သည်မှန်ပေမယ့် ပြည်တွင်းအားနဲ့ လုပ်ဆောင်နိုင်တာများရှိပါတယ်။

☆ နံပါတ်(၁)အနေနဲ့ ပြည်တွင်းအားနဲ့ ပြည်တွင်းစီးပွားရေး တိုးတက်မြှင့်တင်ပါမယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ သဘာဝအရင်းအမြစ်များ၊ လူသားအရင်းအမြစ်များစွာ ရှိပါတယ်။ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားမပေးဘဲ ပြည်ပသွင်းကုန်များသာ အားထားခဲ့လို့ ပြည်သူ ပြည်သားများရဲ့ လူမှုစီးပွား တိုးတက်မှုအားနည်းခဲ့ခြင်းသာ ဖြစ်ပါတယ်။

☆ နံပါတ်(၂)အနေနဲ့ ပြည်တွင်းနိုင်ငံရေး ခိုင်မာအားရှိအောင် ဆောင်ရွက်ပါမယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး၊ ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်မယ်ဆိုရင် နိုင်ငံရေးအားမကောင်းစရာ မရှိပါဘူး။

☆ နံပါတ်(၃)အနေနဲ့ တိုင်းရင်းသားပြည်သူများအားလုံးပါဝင်တဲ့ ကာကွယ်ရေးစွမ်းအား လုပ်ဆောင်ရန် ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး ဥမကွဲသိုက်မပျက် အေးအတူပူအမျှ ညီညွတ်တဲ့ အင်အားနဲ့ နိုင်ငံတော်ကို ခေတ်မီပြီး စွမ်းရည်ပြည့်ဝတဲ့ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့နဲ့ နိုင်ငံကာကွယ်ရေးစွမ်းအား တည်ဆောက်သွားပါမယ်။

☆ တိုင်းရင်းသား မိဘပြည်သူအားလုံး စဉ်းစားဆင်ခြင်ပြီး ပူးပေါင်းလုပ်ဆောင်ကြဖို့ ပြောလိုပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(၁)နှစ်ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နမ့်မယ်ခုံဒေသအားအခြေပြု၍ ကယားပြည်နယ် လွိုင်ကော်၊ မိုးဗြဲနှင့် ဒီးမော့ဆိုမြို့များ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ဖျက်ဆီးနှောင့်ယှက်လျက်ရှိသည့် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများအား သိမ်းပိုက်ရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်နှင့်အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေအဖြစ်ကြေညာ၍ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ရယူထိန်းသိမ်းခဲ့ရပြီးနောက် နိုင်ငံတော်တစ်ဝန်းလုံးတွင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**အခြေပြု၍ လုပ်ဆောင်လာ**

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် ကယားပြည်နယ်အတွင်း အစိုးရ၏ အုပ်ချုပ်မှု ယန္တရားပျက်ပြားစေရန် ရည်ရွယ်၍ ပြည်နယ်၏မြို့တော်ဖြစ်သည့် ပြည်နယ်အစိုးရရုံးစိုက်ရာ လွိုင်ကော်မြို့နှင့် အနီးဝန်းကျင်တစ်ဝိုက်၌ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ အဖျက်အမှောင့်လုပ်ရပ်မျိုးစုံကို နမ့်မယ်ခုံဒေသတစ်ဝိုက်တွင် အခြေပြု၍ လုပ်ဆောင်လာခဲ့ပြီး လူနေအဆောက်အအုံများနှင့် ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အဆောက်အအုံများကို အကာအကွယ်ရယူ၍လည်းကောင်း၊ ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများအား လူသားတံတိုင်းအဖြစ် အသုံးချ၍လည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအား အလစ်အငိုက် ချောင်းမြောင်းတိုက်ခိုက်ခြင်းများ **စာမျက်နှာ ၁၆ ကော်လံ ၁ သို့** ☆



၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာနှင့် တာဂျစ်ကစ္စတန်အသင်း တွေ့ဆုံခဲ့စဉ်။

## အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်း အုပ်စု(စ)၌ ကျရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က ပြုလုပ်ရာ မြန်မာအသင်းသည် အုပ်စု(စ)၌ ကျရောက်နေသည်။

အုပ်စုခွဲဝေမှုအရ အုပ်စု(က)တွင် ဂျော်ဒန်၊ ကူဝိတ်၊ အင်ဒိုနီးရှား၊ နီပေါ၊ အုပ်စု(ခ)တွင် ပါလက်စတိုင်း၊ ဖိလစ်ပိုင်၊ ယီမင်၊ မွန်ဂိုလီးယား၊ အုပ်စု(ဂ)တွင် ဥဇဘက် ကစ္စတန်၊ ထိုင်း၊ မော်လ်ဒိုက်၊ သီရိလင်္ကာ၊ အုပ်စု(ဃ)တွင် အိန္ဒိယ၊ ဟောင်ကောင်၊ အာဖဂန်နစ္စတန်၊ ကမ္ဘောဒီးယား၊ အုပ်စု(င)တွင် ဘာရိန်း၊ တာ့ခ်မင်နစ္စတန်၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ အုပ်စု(စ)တွင် ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ မြန်မာနှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။

**ကျင်းပမည်**

ခြေစစ်ပွဲကို ဇွန် ၈ ရက်၊ ၁၁ ရက်နှင့် ၁၄ ရက်တို့တွင် တစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုကို အိမ်ရှင်တစ်နိုင်ငံ ရွေးချယ်ပြုလုပ်မည်ဖြစ်ကာ **စာမျက်နှာ ၂၂ ကော်လံ ၅ သို့** ❖


### ကြေးမုံ ယနေ့ ဖတ်စရာ



**ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံအား စစ်ဆင်ရေးစတင်**

စာမျက်နှာ » ၁၂

**စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ရပ်/ကျေးစာရေး အမျိုးသမီးတစ်ဦးအား ရက်စက်စွာသတ်ဖြတ်**

စာမျက်နှာ » ၁၅

**ချန်ပီယံလိဂ်ဗိုလ်လုပွဲ ကျင်းပမည့်နေရာ ရွှေ့ပြောင်းရေး အရေးပေါ်အစည်းအဝေး ကျင်းပမည်**

စာမျက်နှာ » ၂၁